ငါ့မှာ အပတ်တိုင်း အလုပ်အသစ်ရှိတယ်

ဘာသာပြန် - ထွန်းလင်းအောင်

အခန်း (၄၈၁)

Cisco က သူတို့နိုင်မယ်လို့ ထင်နေကြတယ်

တစ်နာရီကြာပြီးနောက် Cisco ၏

အဆင့်မြင့်အရာရှိများအားလုံး

အစည်းအဝေးခန်းမထဲသို့ ရောက်လာခဲ့ကြ၏။

အိမ်ပြန်သွားခဲ့ကြသူများပင် ချောင်ကျားတုန်း၏

ခေါ်ယူခြင်းကြောင့် ပြန်လည်ရောက်ရှိနေကြလေသည်။

ထိုအထဲတွင် လုံရှင်း၏ သစ္စာဖောက် လျိုချူးလည်း

အပါအဝင်ဖြစ်၏။

ထိုအခိုက်အတန့်တွင်တော့ Cisco၏ အမှုဆောင်အရာရှိ

ဆယ်ဦးထက်မနည်း အစည်းအဝေးခန်းမထဲတွင်

ရောက်ရှိနေကြပြီး  ချောင်ကျားတုံး အဘယ်ကြောင့်

ယခုအချိန်ကြီး ခေါ်လိုက်ရလဲဆိုတာကို မည်သူကမျှ

မသိရှိကြချေ။

သိချင်စိတ်ပြင်းပြနေသော မျက်လုံးများကို မြင်တော့ ချောင်ကျားတုန်း ပြုံးလိုက်ပြီး “ လူတိုင်းပဲ… ငါ ဘာလို့အားလုံးကို ဒီအချိန်ခေါ်လိုက်ရလဲဆိုတာကို သိချင်နေကြမယ် ထင်တယ်… အဲ့တာကတော့ အကြောင်းပြချက် တစ်ခုတည်းပဲ… ငါတို့ရဲ့ ပြိုင်ဘက်ဟောင်းကြီး လုံရှင်းစင်တာက ချစ်ဗားရှင်း 1.0ကို ထုတ်လုပ်ဖို့ ကြေညာတော့မယ်…”

“ ဟမ်… ဒီကောင်တွေ ရူးသွားတာလားဟ .. တကယ်ကြီး ချစ်ပ်ဗားရှင်း 1.0ကို

ထုတ်လုပ်တော့မလို့လား..” Cisco ၏

မန်နေဂျာတစ်ဦးမှ ရေရွတ်လိုက်၏။

“ သူတို့က ရှုံးနေတာ မဟုတ်ဘူး… ငါတို့ရဲ့

နောက်ဆက်ရွှေ့မယ့်အကွက်ကို ကြိုမမြင်ရုံလေးပဲ….”

ပြောလိုက်သူကတော့ ဟော်ယွမ်ယွမ်တို့နှင့်

စာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ယွင်ကျဲ့မင်ပင်။

ထိုအခိုက်အတန့်၌ လူတိုင်းယွင်ကျဲ့မင်၏ စကားကို

နားမလည်ကြသောကြောင့် အားလုံးက

သိချင်စိတ်ပြင်းပြစွာဖြင့် လှည့်ကြည့်လိုက်ကြ၏။

ယွင်ကျဲမှင်လည်း ဂုဏ်ယူစွာ ပြုံးလိုက်ပြီး “ လူတိုင်း ဇဝေဇဝါ ဖြစ်နေတယ် ထင်ပါရဲ့… ဒါပေမယ့် ကျုပ်တို့ရဲ့ ဒါရိုက်တာလျိုကျ ဒီကိစ္စကို အားလုံးသိအောင် ပြောပြပေးလိမ့်မယ်…”

လူတိုင်း လျိုချူးဘက် ဦးလှည့်လိုက်ကြပြီး မေးခွန်း သင်္ကေတများဖြင့် ကြည့်လိုက်ကြသည်။

လျိုချူးလည်း ခါးကို ဖြောင့်စင်းနေအောင် မတ်လိုက်ပြီး ခေါင်းမော့ရင်ကော့ကာ “ ချစ်ပ်ဗားရှင်း 1.0 ကို တီထွင်တဲ့နေရာမှာ ကျုပ်တို့က

လုံရှင်းသုတေသနစင်တာကို ဖိနှိပ်ပြီးတော့

မူပိုင်ခွင့်တင်ထားတယ်ဆိုတာ

အားလုံးအသိပဲ...ဒါပေမယ့် အဲ့တာကို  လျှို့ဝှက်ထားပြီး

ကျုပ်တို့ Cisco ဘက်က အတိအလင်း

မကြေညာရသေးဘူး… ကျုပ်တို့နဲ့

စာချုပ်လက်မှတ်ရေးထိုးထားတဲ့

ကတ်စတန်မာတွေကလည်း လျှို့ဝှက်ထားပေးဖို့

သဘောတူပြီးသားပဲ… ဒါကြောင့်မို့ ကမ္ဘာကြီးက

ကျုပ်တို့ Cisco က ချစ်ပ်ဗားရှင်း 1.0ကို

ထုတ်လုပ်ပြီးသွားပြီဆိုတာကို မသိကြသေးတာ…”

ဒါကြောင့် လုံရှင်းက သတင်းစာ ရှင်းလင်းပွဲ

လုပ်နေတာကိုး.....

ထိုစကားကိုကြားတော့ အမှုဆောင်အရာရှိများအားလုံး

သူ၏ ဆိုလိုရင်းကို နားလည်သွားကြ၏။

တစ်နည်းအားဖြင့်ဆိုရသော် Cisco မှ ချစ်ပ်ဗားရှင်း 1.0

နည်းပညာကို ထုတ်လုပ်ထားပြီးဖြစ်ကြောင်း

အများပြည်သူမှ မသိရှိသောကြောင့်

လုံရှင်းသုတေသနစင်တာလည်း

သတင်းအမှောင်ချခံလိုက်ရသည့် ပုံစံပင်။

လူတိုင်း၏ နားလည်နေသည့် အကြည့်များကိုမြင်တော့ လျိုချူး ဆက်လက်၍ “ လုံရှင်းက ဘာလို့ ချစ်နည်းပညာ 1.0ကို ကြေညာဖို့ ဒီလောက်ထိ ကြာနေတာလဲဆိုရင် နည်းပညာပိုင်းဆိုင်ရာ bug တွေကို ပြုပြင်နေလို့ပဲ… သူတို့က  အနိမ့်ပိုင်းကို ရောက်နေတယ်ဆိုရင်တောင်မှ ဂုဏ်သတင်းနဲ့ ပတ်သက်ပြီး အထိခိုက်မခံဘူး….ဆိုတော့ သူတို့ရဲ့ ချစ်ပ်စွမ်းဆောင်ရည်တွေက ကျုပ်တို့ထက် တည်ငြိမ်မှာတော့ အမှန်ပဲ…." လျိုချူး ယုံကြည်ချက်ပြည့်ဝနေသည့် အပြုံးဖြင့်

ပြောလိုက်ပြီး “ ဒါပေမယ့် အဲ့ဒါကလည်း ကိစ္စတော့မရှိပါဘူး… bugs နည်းနည်းလေးရှိတတ်တာက ပုံမှန်ပဲလေ… အဓိကက သူတို့ရဲ့အရင်းအမြစ်ကုတ်တွေက ကျုပ်တို့နဲ့အတူတူပဲ… ပြီးတော့ Cisco ကလည်း ဒီအတွက် မူပိုင်ခွင့်တွေ အားလုံးကို တင်ထားပြီးသား… သူတို့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့အချိန်ကျရင် ကျုပ်တို့ဘက်က ဒီရဲ့မူပိုင်ခွင့်တွေထုတ်ပြီးတော့ လုံရှင်းရဲ့အလစ်အငိုက်ကို ဖမ်းပြီး အပြတ်သတ် ချေမှုန်းပစ်ရမယ်… ဒီလိုသာဆို လုံရှင်းစင်တာက

ချစ်ပ်နယ်ပယ်မှာ လူကဲ့ရဲ့စရာကြီး

ဖြစ်သွားတော့မှာ….”

ထိုရှင်းပြချက်ကို ကြားပြီးနောက်

အမှုဆောင်အရာရှိများအားလုံး သူတို့ Cisco

၏ရွေ့ကွက်မှာ မည်မျှ နည်းဗျူဟာကျကြောင်း

နားလည်သွားကြတော့၏။

မူလကတော့ သူတို့အားလုံး အဘယ်ကြောင့် Cisco က

မိမိတို့ အောင်မြင်စွာ ဖန်တီးထားသည့် ချစ်ပ်နည်းပညာ

1.0 ကို သတင်းစာရှင်းလင်းပွဲလုပ်၍

မကြေညာရလဲဆိုတာကို ပဟေဠိ ဖြစ်နေကြလေသည်။

အမှန်တော့ ၎င်းတို့က အခါကောင်းကို

စောင့်ဆိုင်းနေကြခြင်းပင်။

ချောင်ကျားတုန်း လျို့ချူးကို အသိအမှတ်ပြုသည့်

အကြည့်တစ်ချက်ပေးလိုက်ပြီးနောက်

အစည်းအဝေးခန်းထဲရှိ ကျန်သူများကိုကြည့်ကာ “ဒါက

ဒီနေ့အစည်းအဝေးရဲ့ ရည်ရွယ်ချက်ပဲ.... လူတိုင်း

အလေးအနက်ထားကြလိမ့်မယ်လို့ ငါမျှော်လင့်တယ်...

ဒီတစ်ခေါက်တော့ ငါတို့ဘက်က လုံရှင်းကို

အသက်ရှူချိန်လေးတောင် ပေးလိုက်လို့ မဖြစ်ဘူး...

တရစပ် ထိုးနှက်ပစ်ရမယ် ...ကုမ္ပဏီနှစ်ခုက

နှစ်ပေါင်းများစွာကြာအောင် တိုက်ခိုက်လာတာဆိုတော့

နောက်ဆုံးတော့ အနိုင်ရတဲ့သူကို ဆုံးဖြတ်ဖို့

အချိန်ပဲ...."

" နားလည်ပါပြီ ဥက္ကဋ္ဌချောင်...."

.....................

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ လင်းရီ

ဆေးရုံသို့ ရောက်လာခဲ့လေသည်။

သူရောက်လျှင်ရောက်ချင်း ဌာနထဲတွင် ချောင်ရှင်း၏

တက်ကြွနေသည့် အသံကို ကြားလိုက်ရ၏။

"ရှင်းရှင်း....ဘာတွေများ အဲ့လောက်ထိ အားပါးတရနဲ့

အတင်းတုပ်နေတာ.... ဟိုးအပြင်ကနေ

နားထောင်လိုက်ရင် မင်းအသံချည်းပဲ...."

“ အစ်ကိုရီ … ဒါရိုက်တာသွမ့်က

ရာထူးရွှေ့ပြောင်းခံလိုက်ရပြီတဲ့….”

“ ရွှေ့ပြောင်းခံလိုက်ရတယ်…”

လင်းရီ တခဏမျှ ကြက်သေသေသွားပြီးနောက်

ဘာဖြစ်နေလဲဆိုတာကို နားလည်သွားခဲ့လေသည်။

“ သူက ဘယ်လဲ ရွှေ့ပြောင်းခံလိုက်ရတာ…”

“ ညီမ ကြားတာတော့ သူ

ဖူတန်ဆေးဌာနကိုရောက်သွားပြီးတော့ ဒုဥက္ကဋ္ဌ

ဖြစ်နေတယ်ဆိုပဲ…”

လင်းရီ ခေါင်းညိမ့်လိုက်၏။ သို့သော်လည်း

ခေါင်းထဲထည့် မနေခဲ့ပေ။

ရာထူးအရတော့ ဘာမျှ

ထွေထူးပြောင်းလဲသွားခြင်းမရှိသို့သော်လည်း

တက္ကသိုလ်၏ ဒုဥက္ကဌ ရာထူးကတော့ မြင့်မားသည့်

လစာအခွင့်အရေးတို့ ရှိမနေချေ။ ထို့ကြောင့်

အခြားရှုထောင့်တစ်ဖက်မှ ကြည့်မည်ဆိုလျှင်

ရာထူးတစ်ဝက် အလျှော့ခံလိုက်ရသည်ဟု

ဆိုနိုင်လေသည်။

သို့တိုင်အောင် ထိုအခြေအနေကပင်

အကောင်းဆုံးဖြစ်နေသည်ဟု ပြော၍ ရ၏။

အနည်းဆုံးတော့ အသက်ကြီးခါမှ

သံတိုင်များနောက်တွင် အနားမယူရတော့ချေ။

“ ဒါရိုက်တာမြောင်ကကော… သူလည်း

အရှေ့ခံလိုက်ရတာပဲလား….”

“ ဒါရိုက်တာမြောင်ကတော့ အေးအေးဆေးဆေးပဲ….သူ

ဒီမနက် ညီမကို မြင်တုန်းကတောင်မှ

ပြုံးပြနေသေးတယ်….”

လင်းရီ ခေါင်းညိတ်လိုက်ပြီး အခြေအနေကို

အကြမ်းဖျင်းနားလည်သွားခဲ့၏။

သူတို့၏ အမှုမှာ သိပ်မပြင်းထန်ပုံပင်။ မဟုတ်ပါက

နေရာရွှေ့ခံလိုက်ရသည်နှင့် အဆုံးသတ်သွားလိမ့်မည်

မဟုတ်ချေ။

“ တော်သင့်ပြီ..... နင်တို့ ဆွေးနွေးနေတာတွေ

ရပ်လိုက်ကြတော့ .... ဒီကိစ္စက နင်တို့နဲ့

ဘာမှဆိုင်တာမဟုတ်ဘူး...” လီချူးဟန်

ပြောလိုက်သည်။

“ ဟုတ်……..”

လူစုကွဲသွားသည့် အချိန်တွင်တော့ လီချူးဟန် လင်းရီထံ လျှောက်လာပြီး အဖြူရောင် စာအိတ်တစ်စောင်ကို ကမ်းပေးလိုက်၏။

"ဒါက ဘာကြီးလဲ...."

"ဆေးဌာနက ငါတို့ကို ဖိတ်စာပို့လိုက်တာလေ....

"လီချူးဟန် သူမ ဆံပင်ကို ဖြီးသပ်လိုက်ပြီး

"ကျောင်းက ငါတို့လို ဆရာဝန်တွေကို

ဖိတ်ကြားပြီးတော့ လက်ချာတန်းတွေ

သင်ခိုင်းလေ့ရှိတယ်... အဲ့ဒါက မနက်ဖြန် နေ့လည်

တစ်နာရီပဲ... နင် အားလား...."

လင်းရီ ပခုံးတွန့်လိုက်ပြီး "အရမ်းအားတာပေါ့...

မနက်ဖြန် ခွဲစိတ်ရုံကလွဲပြီး ဘာမှ လုပ်စရာမရှိဘူး.... "

"အင်း.. အဲ့တာဆိုရင် ငါ ကျောင်းကို

ပြန်ပြောလိုက်တော့မယ်လေ... မနက်ဖြန်

အတူသွားကြမယ်.... "

"ကောင်းပြီ ဒါနဲ့.... ဟိုလို ထွေထူး အဝတ်အစားကြီးတွေ ဝတ်ဖို့ကော လိုသေးလား.... "လင်းရီ မေးလိုက်ပြီး "ငါတို့ ဝတ်စုံပြည့်နဲ့ နက်ခ်တိုင်တွေ ဝတ်ဖို့တော့ မလိုလောက်ပါဘူးနော.... "

"မလိုပါဘူး... သူတို့ပြောတာကတော့ သာမန် အဝတ်အစားနဲ့ လာလည်း ရတယ်လို့ ပြောတာပဲ... "

"ဘောင်းဘီတိုနဲ့ ညှပ်ဖိနပ် စီးသွားလို့ကော ရလား..."

လီချူးဟန် လင်းရီကို မျက်စောင်းထိုးလိုက်ပြီး "အဲ့လိုတော့ ဘယ်ရမှာ... နင် ပုံမှန် ဘယ်လို

အဝတ်အစားမျိုး ဝတ်ရတာကြိုက်လဲ...

ငါဝယ်ပေးမယ်လေ...."

"ဒါမှမဟုတ် ခနနေ ခွဲစိတ်ခန်းဝင်ပြီးတော့မှ

သွားဝယ်ကြရင်ကော... မင်းလည်း

အဝတ်စားလှလှလေး ဝယ်လို့ရတယ်လေ.... "

"တော်ပြီ... ငါကတော့ အဆင်ပြေတာပဲ

ကောက်ဝတ်သွားလိုက်တော့မယ်... "

"အဲ့လိုလုပ်လို့ ဘယ်ရမှာ... မင်းက ဟွာရှန်းဆေးရုံရဲ့ အလှနတ်သမီးလေးဆိုတော့ အရမ်းကြီး သာမန်ဆန်နေလို့ ဘယ်ဖြစ်မှာ... "

"ပြီးတော့ မင်းက အဓိက  စကားပြောမယ့်သူဆိုတော့ ပိုပြီး ကြည့်ကောင်းနေဖို့ လိုတယ်လေ... "

"အွန်း... နင်ပြောတဲ့ အတိုင်းပဲပေါ့.... "လီချူးဟန် တီးတိုးပြောလိုက်၏။ လင်းရီသူမကို ထိုသို့ ချီးမွမ်းလာလိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

"အမ်... ဒါရိုက်တာလီ... ဘာလို့ ရှင့်မျက်နှာက
အရမ်းတွေ နီရဲနေတာ... "

နှစ်ယောက်သား စကားပြောရင်း လမ်းလျှောက်လာစဉ်
ချောင်ရှင်းနှင့် ပက်ပင်းတိုးမိလေသည်။ လီချူးဟန်
မလုံမလဲ ဖြစ်သွားကာ လင်းရီနားမှ အလိုလို
ခွာမိလိုက်၏။

"ကျွန်မ---- တစ်ခုခု
နှောင့်ယှက်မိသွားတာလား....အိုကေ..

ခုသွားတော့မယ်... ဒါရိုက်တာလီတို့

ဆက်ပြောကြနော်....."

"ပြန်လာခဲ့စမ်း...."လီချူးဟန် ပြန်အော်ခေါ်လိုက်ပြီး

"ပေါ်တတ်ကရတွေ လျှောက်လုပ်မနေနဲ့...

အလုပ်အပေါ်မှာပဲ အာရုံစိုက်.... "

ချောင်ရှင်း ရယ်မောပြီးနောက်

သူမလက်ထဲရှိ  စာရွက်စာတမ်းများကို ကမ်းပေးကာ

"ဒါရိုက်တာလီ... ကျွန်မဘက်ကတော့

လူနာမိသားစုဆီကနေ သဘောတူလက်မှတ်တွေ

ယူလာခဲ့ပြီးသွားပြီ... အချိန်မရွေး ခွဲစိတ်မှု စတင်လို့ ရပြီ.... "

"ကောင်းပြီ... နင်သွားပြီး စီစဉ်ထားလိုက်တော့... လူနာကို ခွဲစိတ်ခန်းထဲ အရင် ပို့ထားဦး... ငါနဲ့ နင့်ရဲ့အစ်ကိုရီတို့ နောက်ကနေ လိုက်လာခဲ့မယ်.... "

"ဟုတ်ကဲ့... နားလည်ပါပြီ.... "

ချောင်ရှင်း ခေါင်းငြိမ့်လိုက်ပြီး သူမအလုပ်သွားလုပ်ရန် တစ်ဖက်သို့ လှည့်သွားလိုက်လေသည်။

လင်းရီနှင့် လီချူးဟန်တို့ကတော့ စားပွဲပေါ် ရှိ စာရွက်စာတမ်းများကို သေချာပြန်စီလိုက်ပြီး ခွဲစိတ်မှုအတွက် ထွက်ခွာရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း ထိုအခိုက်အတန့်တွင် အခန်းတံခါးမှာ ပွင့်ဟလာခဲ့ပြီး တစ်စုံတစ်ယောက် ခိုးကြောင်ခိုးဝှက်ဖြင့် ခေါင်းပြူလာခဲ့လေသည်။

"ဒါရိုက်တာလီ.... ဒါရိုက်တာလင်း.... ကျုပ်က လူနာအခန်း ၈၁၂က စွန်းဟော်ပင်းရဲ့သား စွန်းကျားချန်လေ... "

လင်းရှိ ယခု ရောက်လာသည့်လူကို မှတ်မိလေသည်။

သူ လူနာ လိုက်ကြည့်စဉ်အခါက လေးငါးကြိမ်ခန့်

တွေ့ဆုံခဲ့ပြီး ထိုလူ၏ မိသားစုနောက်ခံမှာလည်း

အတော်လေး မဆိုးလှချေ။

"ကျွန်မတို့ သိတယ်... ရှင့်အဖေက ခု ခွဲစိတ်ခန်း

ဝင်ရတော့မှာ... ဘာကိစ္စရှိလို့လဲ..."လီချူးဟန်

မေးလိုက်၏။

"ဟိုလို အထွေအထူးကြီးတော့

မဟုတ်ပါဘူး..."စွန်းကျားချန် ဟုန်ပေါင်း နှစ်အိတ်ကို

ထုတ်လိုက်ပြီး လင်းရီနှင့် လီချူးဟန်တို့ရှေ့

ချပေးလိုက်ပြီး

"ဒါရိုက်တာလီ... ဒါရိုက်တာလင်း... ကျုပ် အဖေရဲ့

ခွဲစိတ်မှုအတွက် ဒါရိုက်တာတို့ကို အားကိုးမယ်နော်...."

အခန်း (၄၈၂)

ငါမင်းကို ရှုံးပြဖို့ အခွင့်အရေး ပေးလိုက်မယ်....

စွန်းကျားချန် ပေးသည့် ဟုန်ပေါင်းကို မြင်သော်လည်း

လင်းရီနှင့် လီချူးဟန်တို့၏ အမူအရာမှာ

ထူးမခြားနားပင်။ သူမတို့၏ အင်္ကျီအိတ်ကပ်ထဲ

လက်နှိုက်ထားပြီး လုံးဝ ရွေ့လျားရန် ရည်ရွယ်ချက်

မရှိပေ။

"ဒီလိုတွေ လုပ်စရာမလိုဘူး... ဆေးရုံမှာက

တင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်...

ကျွန်မတို့ လက်ဆောင်တွေကို လက်ခံလို့ မရဘူး..

ရှင်ပြန်ယူသွားလိုက်ပါ...."

လီချူးဟန် ပြောလိုက်သည်။

စွန်ကျားချန် ပြုံးလိုက်၏။ သို့သော်လည်း ပြန်ယူရန်

ရည်ရွယ်ချက် လုံးဝ မရှိပေ။

"ဒါရိုက်တာလီ... စိတ်မပူပါနဲ့.. ကျုပ် စောန လာတုန်းက

သေချာလေ့လာပြီးသား... အပြင်မှာ လူရှင်းတယ်..

စိတ်ချလက်ချသာ လက်ခံလိုက်စမ်းပါ...."

"ရှင်တို့ဘက်က ဆေးဖိုးဝါးခ ပေးရင်ကို ရပြီ...

ဆေးရုံက ကျွန်မတို့ကို ထိုက်သင့်တဲ့ ဘောနပ်စ်တွေ

ပေးလိမ့်မယ်....ရှင့်ရဲ့စေတနာတွေကိုတော့ ကျွန်မတို့

အသိအမှတ်ပြုပါတယ်...ပြန်ယူသွားလိုက်ပါ.... "

စွန်းကျားချန် မျက်မှောင်ကြုတ်လိုက်ပြီး

"ဒါရိုက်တာလီ.. ဒီရဲ့ဟုန်ပေါင်းထဲမှာ ယွမ် ငါးထောင်

ပါတာနော်... တစ်ခြား အိတ်တစ်ခုက ယွမ်

သုံးထောင်ပါတယ်... ဒီပမာဏက နည်းတယ်လို့တော့

ကျုပ်ကို လာမပြောနဲ့.... "

"ဒါက ရှင်ပေးတဲ့ပမာဏ နည်းတာ များတာနဲ့

မဆိုင်ဘူး... ဘယ်လိုလူနာမျိုးကို

ကုသနေပါစေ..... အကောင်းဆုံး ဖြစ်အောင်

ကုသပေးဖို့က ကျွန်မတို့တာဝန်.... ရှင်တို့ဘက်က ဘာမှ မပေးလည်း အတူတူပဲ.... "

စွန်းကျားချိန်၏ အမူအရာမှာ အနည်းငယ် ထူးဆန်းသွားခဲ့၏။ ထို့နောက် အခန်းအပြင်ဘက်သို့ တွန့်ဆုတ်သည့် အမူအရာဖြင့် ထွက်ခွာသွားခဲ့လေသည်။

"ဒီလူတွေက လွန်ကို လွန်လွန်းတယ်.. ဒီလိုမျိုးတွေ ပေးစရာ မလိုပါဘူးလို့ အကြိမ်ပေါင်း မရေနိုင်အောင် ပြောထားတာကိုတောင်မှ နားမထောင်ကြဘူး..."

လီချူးဟန် မနေနိုင်ဘဲ စောဒက တက်လိုက်၏။

"မမှန်ဘူးဆိုပေမယ့် နားလည်ပေးလို့ ရပါတယ်... ဒါက လူ့သဘာဝပဲ မဟုတ်လား..."လင်းရီ သူ့နှာရီကို ကြည့်လိုက်ပြီးနောက် "သွားစို့... ခွဲစိတ်ခန်းထဲ အရင် သွားကြမယ်... "

"အင်း...ဒီတစ်ခေါက် နင်က ခေါင်းဆောင်ခွဲစိတ်သူလုပ်......ငါက ဘေးကနေကြည့်ပြီးတော့ နင်မှားရင်

ထောက်ပြပေးမယ်... ဘာကိုမှ မစိုးရိမ်နဲ့

ရဲရဲသာလုပ်....ကြားလား...."

စနစ်၏ အကူအညီစွမ်းအားဖြင့် လင်းရီမှာ

ထိပ်တန်းခဲ့စိတ်ကျွမ်းကျင်သူ ဆရာတစ်ဆူ ဖြစ်နေပြီး

ဖြစ်သောကြောင့် စကေးပိုင်းဆိုင်ရာတွင် သူ၏

ကျွမ်းကျင်မှုများမှာ လီချူးဟန်ကို

ဖြတ်ကျော်သွားချေပြီ။ သို့သော်လည်း

လီချူးဟန်ကတော့ ထိုအချင်းအရာကို မသိရှိသေးပဲ

လင်းရီ၏ စကေးများ တိုးတက်စေရန်

အားတက်သရောနှင့် ကူညီပေးချင်နေတော့၏။

"ပြဿနာ မရှိဘူး... ချူးဟန်ကလည်း ဘေးမှာ ရှိနေမယ်ဆိုတော့ ငါလည်း ယုံကြည်ချက်ရှိတာပေါ့... "လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

နှစ်ယောက်သား တစ်ခဏမျှ စကားပြောပြီးနောက် ခွဲခွာစိတ်မှုအတွက် နောက်ဆုံး ပြင်ဆင်စရာရှိတာများကို ပြင်ဆင်လေသည်။

သို့သော်လည်း သူတို့ ထွက်ခွာတော့မည့် အချိန်တွင် စွန်းကျားချန် တစ်ဖန်ပြန်ရောက်လာသည်ကို မြင်တွေ့လိုက်ရ၏။

"မင်း ဘာလာလုပ်ပြန်တာလဲ..."လင်းရီ မျက်ခုံးပင့်ပြီး မေးလိုက်သည်။

စွန်းကျားချန် တစ်ခွန်းမျှ မဆိုပဲ ခပ်ထူထူ ဟုန်ပေါင်းနှစ်ခုကို စောနကအတိုင်း လင်းရီတို့ထံ ကမ်းပေးလိုက်၏။

"ဒါရိုက်တာလီ... ဒီစာအိတ်ထဲမှာက ယွမ် တစ်သောင်းပါပါတယ်ဗျ... ဒီစာအိတ်ကတော့ ဒါရိုက်တာလင်းအတွက် ယွမ်ငါးထောင်....

ဒီတစ်ကြိမ်တော့ ပမာဏ နည်းတယ်လို့

မပြောနဲ့တော့နော်...."

လီချူးဟန်၏ မောင်းထုတ်ခြင်းကို ခံလိုက်ရပြီးနောက် စွန်းကျားချိန် အဘယ်ကြောင့် သူ၏ လက်ဆောင်ကို လက်မခံလဲဆိုတာ စဉ်းစားမရဖြစ်နေခဲ့ပြီး အဆုံးတွင် သူပေးသည့် ပမာဏမှာ နည်းနေသောကြောင့်ဟုသာ မှတ်ယူလိုက်၏။

မဟုတ်ပါက မည်သူကမျှ အလကားလာပေးသည့် ပိုက်ဆံကို ငြင်းပယ်လိမ့်မည် မဟုတ်ချေ။

ဤတစ်ကြိမ်တွင်တော့ သူ ပမာဏကို

နှစ်ဆတိုးထားသောကြောင့် သေချာပေါက်

လက်ခံလိမ့်မည်ဖြစ်ကြောင်း သေချာနေတော့၏။

"ကျွန်မရှင်တို့ကို အကြောင်းထပ်အောင်

ပြောထားပြီးသား...... ရှင်တို့ ဘယ်လောက်ပဲ ပေးပေး

ကျွန်မနဲ့ ဒါရိုက်တာလင်းက လက်ခံမှာ

မဟုတ်ဘူး....."လီချူးဟန် အနည်းငယ်

ဒေါသထွက်နေသည့် လေသံဖြင့် ပြောလိုက်သည်။

လူနာများနှင့် ပြောဆိုဆက်ဆံရာတွင် အင်မတန်

စိတ်ရှည်သည့် လီချူးဟန်မှာ ယခု စွန်းမိသားစုကြောင့်

အနည်းငယ် စိတ်တို ဒေါသထွက်လာခဲ့လေသည်။

ဘေးတွင် ရပ်နေသည့် လင်းရီကတော့ လီချူးဟန်

ဒေါသထွက်နေသည့် အမူအရာက အနည်းငယ်

ချစ်စရာကောင်းနေကြောင်း သတိပြုမိနေတော့၏။

"ကျုပ် ဒီလောက် အများကြီး

ပြင်ဆင်လာခဲ့ပေးတာတောင်မှ နည်းနေသေးတယ်လို့

ထင်သေးတာလားဟ...."စွန်းကျားချိန် ပြောလိုက်ပြီး

"ကျုပ်က........"

လီချူးဟန် မပျော်ရွှင်တော့သည်ကို မြင်တော့ လင်းရီ

သူမလက်ကို ဆုပ်ကိုင်ပြီး သူမရှေ့တွင် ဒိုင်းသဖွယ်

ရပ်လိုက်သည်။ ထို့နောက် စွန်းကျားချန်ကို

စူးစိုက်ကြည့်လိုက်ပြီး

"မင်းထင်နေတာ မင်းပိုက်ဆံပေးတိုင်း ငါတို့က

လက်ခံရမယ်လို့ ထင်နေတာလား...."

"အာ... ဘာတွေ လာပြောနေတာ...

ကျုပ်ပြောချင်တာက အဲ့လိုမျိုး မဟုတ်ဘူး...

"စွန်းကျားချိန် ရယ်မောလျက် ပြောလိုက်သော်လည်း

သူ၏ အမူအရာနှင့် စကားလုံးများကတော့

အဲ့လိုအဓိပ္ပာယ်ပဲဟု ပြောနေနေလေသည်။

"ကောင်းပြီလေ... မင်းကလည်း အဲ့လိုဆိုမှတော့

ငါတို့လည်း ငါတို့ ဘာပြောချင်နေလဲဆိုတာ မင်း

သိအောင် ပြပေးမယ်.... "

လင်းရီ နောက်သို့ လှည့်လိုက်ပြီး လီချူးဟန်၏

လက်ဆွဲအိတ်ကို ထဲမှ Koenigsegg RS ၏

ကားသော့များ ထုတ်ယူလိုက်၏။ ထို့နောက်

သူ့လက်ကောက်ဝတ်တွင် ပတ်ထားသည့်

ပိတက်ခ်ဖိလစ်ပီ ၁၇၅နှစ်ပြည့်

အထိမ်းအမှတ်နာရီကိုလည်း ချွတ်ယူလိုက်လေသည်။

"ဒါက ဒါရိုက်တာလီ စီးတဲ့ကား... သူ့ရဲ့တန်ဖိုးက ယွမ်

၃၁ မီလီယံကျော် တန်ကြေးရှိတဲ့ Koenigsegg RS

ပဲ ... ခု ငါဝတ်နေတဲ့ ဒီနာရီက ပီတက်ခ်ဖိလစ်ပီရဲ့ ၁၇၅

နှစ်ပြည့် အထိမ်းအမှတ်နာရီ..... ၁၇.၅

မီလီယမ်ပေးရတယ်... ငါတို့ရဲ့ကြွယ်ဝမှုတွေနဲ့ဆိုရင်

ဒီယွမ် တစ်သောင်း နှစ်သောင်းလေးပေးတာက

သင့်တော်မယ်လို့ ထင်လား..... ဒီလိုဆိုရင်ကော....

ခွဲစိတ်မှုမစခင် မင်းနောက်တစ်ခေါက်ပြန်ပြီး

ပြင်ဆင်လာခဲ့လိုက်လေ...."

လီချူးဟန်၏ ကားသော့နှင့် လင်းရီ၏ လက်ပတ်နာရီကို

မြင်တော့ စွန်းကျားချိန် သေးထွက်ကျလုမတတ်

ကြောက်ရွံ့သွားခဲ့၏။ သူ့အတွက်တော့ ယခုလို

တန်ဖိုးကြီး ပစ္စည်းများ မြင်ဖူးသည်မှာ ပထမဆုံး

အကြိမ်ပင်။

"မင်း......မင်းတို့က ဒီလိုတန်ဖိုးကြီးကားတွေ

မောင်းပြီးတဲ့ ဈေးကြီးတဲ့ နာရီတွေ ဝတ်နေတယ်....... "

စွန်းကျားချိန် သူ၏ လက်ရှိ ခံစားချက်များကို မည်သည့်

စကားလုံးဖြင့် ဖော်ပြရမလဲဆိုတာတောင်

မသိတော့ချေ။

'သူတို့ နှစ်ယောက်က သေချာပေါက် ချမ်းသာတဲ့

ဒုတိယမျိုးဆက်တွေပဲ ဖြစ်ရမယ်... မဟုတ်ရင်

ဒီလောက်တန်ဖိုးကြီး ပစ္စည်းတွေ သုံးနိုင်မှာ

မဟုတ်ဘူး.....'

ဂလု...

စွန်းကျားချိန် တံတွေးတစ်လုတ်မျိုချလိုက်ရပြီး

ကိုးရို့ကားယား အမူအရာဖြင့်

"အာဟား....နှောင့်...နှောင့်ယှက်မိတာ

စိတ်မရှိပါနဲ့နော်... "

"မြန်မြန်သွားလိုက်တော့.... ခွဲစိတ်တာကို စိတ်မပူနဲ့...

မင်း ဒီလို လက်ဆောင်တွေ လာမပေးလည်း ငါတို့က

အကောင်းဆုံးဖြစ်အောင် ခွဲစိတ်ပေးသွားမှာ....."

"ဟုတ် ...ဟုတ်ကဲ့... ကျေးဇူးပါ ဒါရိုက်တာတို့.... "

လင်းရီတို့ နှစ်ယောက်လုံး ဒီကိစ္စကို အပြေးတေး ထားမနေခဲ့ကြပေ။ စွန်းကျားချိန်၏ အပြုအမူများမှာ လွန်ကဲသော်လည်း သူ့တွင် ကောင်းသည့် ရည်ရွယ်ချက်များ ရှိလေသည်။

"ခု ခွဲစိတ်ခန်းထဲ သွားကြရအောင်... "လင်းရီ ကားသော့ကို အိတ်ထဲ ပြန်ထည့်ပေးလိုက်ပြီး "ဒါနဲ့ ကားမောင်းရတာကော ဘယ်လိုလဲ.. အဆင်ပြေရဲ့လား....."

"အင်း... အတော်လေးကောင်းတယ်..."လီချူးဟန်

ပြုံးလိုက်ပြီး "တကယ်လို့ ပြန်ပြီး မွမ်းမံလိုက်မယ်ဆိုရင်

ပိုပြီးတောင် မြန်သွားဦးမှာ...."

"ကြိုက်ရင် ယူလိုက်လေ... ငါ အားတဲ့အချိန်ကျ

တစ်ယောက်ယောက်ခေါ် ပြီး ပြန်ရှိုင်းခိုင်းလိုက်မယ်....

"လင်းရီ ပြောလိုက်ပြီး "ခုတော့ အမြန်နှုန်းက ထိပ်ဆုံးထိ

တင်လို့ မရသေးဘူးဆိုတော့ မောင်းရတာ အတော်လေး

ပျင်းဖို့ကောင်းနေမယ်နဲ့တူတယ်... "

"နင်ပြောတာ အမှန်ပဲ... ဒါပေမယ့် နင်ပေးတာကိုတော့

ငါလက်မခံနိုင်ဘူး... ဒါကြီးက အရမ်း

ဈေးကြီးလွန်းတယ်.... "

လီချူးဟန် သူမ ခေါင်းကို ထပ်မံ ခါရမ်းလိုက်ပြီး "

ငှားပေးတာကိုပဲ ကျေးဇူးတင်လှပြီ...

နင်ပေးတာကြီးကိုတော့ လက်ခံရလောက်တဲ့အထိ ငါ

အရေမထူနိုင်သေးဘူး...."

"ဘာလဲဖြစ်လို့.. ဒီတိုင်းကားတစ်စီးပဲမလား...ငါတို့

နှစ်ယောက်ကြားက ဆက်ဆံရေးလောက်

အရေးမကြီးသေးပါဘူးဟ...."

"အင်း... ဒါပေမယ့် ငါမှ မလိုချင်တာ...."လီချူးဟန်

ခေါင်းမာစွာ ပြောလိုက်ပြီး "ငါနင့်ကို ပြောစရာ

ရှိသေးတယ်.... "

"ဘာများလဲ...."

"ဒီ နေ့လည် နင် တစ်ခုခု ဝယ်တော့မယ်ဆို ပိုက်ဆံ

တန်းမပေးလိုက်နဲ့နော်... ငါနင့်အတွက် ဝယ်ပေးမယ် ..

အိုကေ...."

လီချူးဟန်၏ လှပသည့် မျက်လုံးလေးများကို

စိုက်ကြည့်ရင်း လင်းရီ မနေနိုင်ပဲ ရယ်မောမိလိုက်၏။

"မင်းကလည်း ဝယ်ပေးဦးမယ်... အဲ့တာကို ဘာလို့

တောင်းဆိုတဲ့ လေသံနဲ့ လာပြောနေတာ...."

"နင်က မပြောမဆိုနဲ့ ပိုက်ဆံရှင်းပစ်လိုက်မှာ

ကြောက်လို့လေ...."

"ကောင်းပြီလေ... အဲ့တာဆို မင်းကို ရှူးပြဖို့ အခွင့်အရေး

ပေးလိုက်မယ်...."

"အင်း...."

လီချူးဟန် ခေါင်းကို လေးပင်စွာ ငြိမ့်လိုက်ပြီး သူမတို့ နေ့လည်သွားမည့် ခရီးစဉ်ကို ရင်ထဲ၌ မျှော်တလင့်လင့် ဖြစ်နေမိတော့၏။

ယခုလို ပြုလုပ်သည်မှာ သူမဘဝတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး အနည်းငယ် စိတ်လှုပ်ရှားနေသလို စိတ်ရှုပ်ထွေးနေသလိုလဲလည်း ခံစားနေရလေသည်။

ရှော့ပင်းထွက်မည့် ကိစ္စကို ဆွေးနွေးပြီးနောက်

နှစ်ယောက်သား ခွဲစိတ်ခန်းထဲသို့ ရောက်လာကြ၏။

လင်းရီတို့ ရောက်လာသည်ကို မြင်သို့ ခွဲစိတ်ခန်း

အပြင်ဘက်ရှိ စွန်းကျားချိန်မှာ သူတို့နှစ်ယောက်ကို

အကြီးကြီး ပြုံးပြ၍ ကြိုဆိုလိုက်ပြီး

"ဒါရိုက်တာလီ... ဒါရိုက်တာလင်း... အဖေ့ခွဲစိတ်မှုကို

ဒါရိုက်တာတို့လက်ထဲ အပ်ပါတယ်နော...."

"မပူနဲ့.. အဆင်ပြေမှာပါ...."

ထို့နောက် နှစ်ယောက်လုံး ခွဲစိတ်ခန်းထဲသို့ ဝင်သွားကြ၏။ တစ်ချိန်တည်းတွင် စွန်းကျားချိန်၏ ဇနီးလည်း ဘေးသို့ ရောက်ရှိလာခဲ့သည်။

"ရှင် ဒီလိုလုပ်နေလည်း အလကားပဲ.. ကျွန်မတို့ဘက်က လက်ဆောင် ပေးထားပြီးပြီပဲ မဟုတ်လား... သူတို့အကောင်းဆုံး ကြိုးစားပေးမှာ အသေအချာပဲ... ရလဒ်ကိုပဲ စောင့်ကြည့်ကြတာပေါ့...."

"အမှန်ပဲ... ဒါပေမယ့် သူတို့နှစ်ယောက်က ငါတို့ပေးတဲ့ လက်ဆောင်တွေကို လက်မခံဘူးဟ.... "

"လက်မခံဘူး....နင်က လက်ဆောင်

ဘယ်လိုပေးရမလဲဆိုတာတောင်

မသိဘူးလား....."စွန်းကျားချိန်၏ ဇနီးမှ

လေသံတိုးတိုးဖြင့် ကြိမ်းမောင်းလိုက်ပြီး "ဒီလိုမှန်းသိရင်

စောကတည်းကနေ ကိုယ်တိုင်သွားပေးပါတယ်အေ...

သူတို့ လက်မခံလိုက်တာက ငါတို့ပေးတဲ့ ပိုက်ဆံက

သေချာပေါက် နည်းလို့ ဖြစ်လိမ့်မယ်.... ဟွန့်...

အိမ်ထောင်ဦးစီးဖြစ်ပြီး ဒါလေးတောင် အဖြစ်ရှိအောင်

မလုပ်နိုင်ဘူး..."

"သောက်ရေးမပါတာတွေ...."စွန်းကျားချိန်

ကျိန်ဆဲလိုက်ပြီး "ဒါရိုက်တာလီက ယွမ် သန်း ၃၀

ကျော်တဲ့ ကားကြီးမောင်းတယ်... ပြီးတော့

ဒါရိုက်တာလင်းကလည်း ယွမ် ၁၀ သန်းကျော်တဲ့

လက်ပတ်နာရီနဲ့.... သူတို့ထဲမှာ ဘယ်သူက မင်းပေးတဲ့

ယွမ် တစ်သောင်း နှစ်သောင်းကို လက်ခံချင်မှာ...."

အခန်း (၄၈၃)

ကျွန်မတို့ နှစ်ယောက်က ချစ်သူတွေ မဟုတ်ပါဘူး....

"ဘာ... ဘာပြောလိုက်တယ်...."

စွန်းကျားချိန်၏ ဇနီးမှာ ဆက်လက်မတည်ငြိမ်နိုင်တော့ပဲ "သူတို့နှစ်ယောက်က ယွမ်သန်း ၃၀ကျော်တန် ကားကြီးမောင်းပြီးတော့ ယွမ်၁၀ သန်းတန် နာရီတွေ ဝတ်တယ်... ဟုတ်လား...."

"အမှန်ပဲ... အဲ့လောက်မှ မချမ်းသာနေရင် ငါတို့ပေးတဲ့ လက်ဆောင်ကို ငြင်းမယ်လို့ ထင်လား...."စွန်းကျားချိန် ပြောလိုက်ပြီး "သူတို့ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ဆိုရင် ငါတို့

ရှိသမျှ ထုခွဲ ရောင်းချပြီး လက်ဆောင်ပေးရင်တောင်

သူတို့ လိုချင်မှာ မဟုတ်ဘူး...."

"အာ.... ဒါဆိုရင် ကျွန်မ မှားသွားတာပဲ...."

"မိန်းမအမှား မဟုတ်ပါဘူးကွာ... ယောကျ်ားလည်း

သူတို့လက်ထဲက နာရီနဲ့ ကားသော့ ကို မြင်တော့

ရှော့ခ်ရသွားခဲ့တာ...."

မျှော်လင့်ထားသည့် အတိုင်း ခွဲစိတ်မှုမှာ သုံးနာရီကျော်

ကြာမြင့်ရမည်ဆိုသော်လည်း လင်းရီ၏

ကျွမ်းကျင်မှုကြောင့် နှစ်နာရီတည်းနဲ့

ပြီးဆုံးသွားခဲ့လေသည်။

ခွဲစိတ်မှုပြီးနောက် မကြာမီ လင်းရီနှင့် လီချူးဟန်တို့

mask ချွတ်၍ ခွဲစိတ်ခန်း အပြင်ဘက်သို့

လမ်းလျှောက်လာခဲ့ကြ၏။

ကျန်သည့် အလုပ်များကိုတော့ ချောင်ရှင်းနှင့် နာ့စ်တို့ထံ

လွှဲထား၍ ဖြစ်သောကြောင့် သူတို့နှစ်ဦး ဆက်နေရန်

မလိုအပ်ချေ။

"ဒေါက်တာ... ကျုပ် အဖေရဲ့အခြေအနေ

ဘယ်လိုရှိလဲဗျ..."စွန်းကျားချန်

ပူပန်စိတ်လှုပ်ရှားနေသည့် လေသံဖြင့်

မေးမြန်းလိုက်သည်။

"ဘာမှ မစိုးရိမ်နဲ့တော့... ခင်များအဖေ တစ်ပတ်အတွင်း

ဆေးရုံက ဆင်းလို့ရပြီ.... "

"ကျေးဇူးပါ ဒေါက်တာရယ်..

ကျေးဇူးတင်လိုက်တာဗျာ.... "

လင်းရီနှင့် လီချူးဟန်တို့ အတွက်တော့ ထိုစကားလုံးက ဟုန်ပေါင်းရသည်ထက်ပင် ပိုပြီး စိတ်ကျေနပ်ဖို့ ကောင်းသည်ဟု ထင်၏။

လင်းရီအတွက် အပျော်ရွှင်စေဆုံးကတော့ မစ်ရှင်ပြီးမြောက်မှု (၄/၅)ဖြစ်သွားခြင်းပင်။ နောက်တစ်နေ့တွင်လည်း ခွဲစိတ်မှု နောက်တစ်ခု ထပ်ရှိသေးသောကြောင့် မစ်ရှင်မှာ လွယ်လွယ်ကူကူနှင့် ပြီးဆုံးသွားပေတော့မည်။

ဆရာဝန်အလုပ်အကိုင်အတွက် အန္တိမ မစ်ရှင်က
ဘာဖြစ်မလဲဆိုတာကိုလည်း လင်းရီ
သိချင်နေမိတော့၏။

နှစ်ယောက်သား ဌာနသို့ ပြန်လာခဲ့ကြပြီး
ပစ္စည်းပစ္စယများကို
သိမ်းဆည်းလိုက်ကြကာတစ်ချိန်တည်းတွင် အပြင်သို့
အတူထွက်လာခဲ့ကြသည်။

" ဆေးရုံကို တက္ကစီနဲ့ လာခဲ့တာလား.... "

ဓာတ်လှေကားထဲမှ ထွက်လာခဲ့ပြီးနောက် လင်းရီ မေးမြန်းလိုက်သည်။

"ငါ နင့်ရဲ့ကားနဲ့ မောင်းလာခဲ့တာလေ...."လီချူးဟန် ပြောလိုက်ပြီး အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်နေဟန်ဖြင့် "ဒါပေမယ့် တခြားသူတွေ မြင်မှာကြောက်လို့ ဆေးရုံကိုတော့ မမောင်းလာခဲ့ဘူး.... မျက်နှာချင်းဆိုင်က အသိမိတ်ဆွေအိမ်မှာ ပါကင်ထိုးထားခဲ့လိုက်တယ်...."

"ဒါဆိုလည်း ငါ့ကား(ရှာရီ)နဲ့ပဲ သွားကြတာပေါ့...."

"ရတယ်လေ...."

"ဒါနဲ့ နင် အဝတ်အစားတွေကို ဘယ်မှာ ဝယ်လေ့ရှိလဲ..."ကားထဲသို့ ရောက်ပြီးနောက် လီချူးဟန်မှ မေးလိုက်သည်။

"ငါလား...တိုင်းစက်ကွဲနဲ့ ဝမ်သပလာမှာ  ပိုပြီးဝယ်ဖြစ်တယ်.. ခုတော့ တိုင်းစက်ကွဲက ပိုနီးတယ်ဆိုတော့ တိုင်းစက်ကွဲကိုပဲ သွားကြတာပေါ့...."

"အွန်း.... "

တိုင်းစကွဲ့ရှိ ကုန်ပစ္စည်းတို့မှာ ဈေးကြီးလှသော်လည်း လီချူးဟန်၏ ဝင်ငွေကလည်း နည်းနည်းနောနော မဟုတ်ပေ။ မဟုတ်ပါက Type R ကဲ့သို့ကားမျိုး မောင်းနိုင်လိမ့်မည် မဟုတ်။

ထို့နောက် လင်းရီ ကားအင်ဂျင်စက်နှိုးပြီး တိုင်းစကွဲ့သို့ ဦးတည်လိုက်၏။

"ကားပြင်စရိတ်က ဘယ်လောက်လဲတဲ့.. ဝမ်မိသားစုက ငါ့ဆီ ပိုက်ဆံ လွှဲလာခဲ့ပြီဆိုတော့ နင့်ဆီ ပြန်လွှဲပေးလိုက်မယ်လေ..."

"လွှဲပေးမယ်....မင်းဘာမင်းပဲ သိမ်းထားလိုက်စမ်းပါကွာ...."လင်းရီ ပြောလိုက်ပြီး "ငါ ဝပ်ရှော့ကို ဖုန်းဆက်မေးပြီးသွားပြီ... Type R က နောက်တစ်ပတ်လောက် နေမှရမှာ... "

"ဟုတ်လား... အဲ့တာဆို ဒီပိုက်ဆံတွေကို နင့်ဖို့ အကျီဝယ်ပေးတဲ့ နေရာမှာပဲ သုံးလိုက်တော့မယ်.... "

ယွမ်တစ်သိန်းမှာ လင်းရီအတွက်တော့ ဘာမျှ မဟုတ်ကြောင်း လီချူးဟန် နားလည်လေသည်။ အကယ်၍ သူမ အတင်းပေးလျှင်တောင်မှ ထိုအကောင်က လက်ခံလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ယခုလိုနည်းလမ်းဖြင့်သာ လင်းရီကို ပြန်ပေးဆပ်နိုင်တော့၏။

"အသေးမွှားလေးတွေကို လိုက်ဂရုစိုက်မနေစမ်းပါနဲ့ကွာ... အဲ့လောက် ငွေလေးကတော့ ငါလည်း မမှုပါဘူး.... "

"ဂရုမစိုက်လို့ ဘယ်ဖြစ်မှာ... ငါ့အမေမဆုံးခင်တုန်းက ဘယ်သူ့နားကမှလည်း အကြွေးမယူနဲ့ ကိုယ်ကလည်း အကြွေးတင်ခံလို့မရဘူးဆိုပြီးတော့ တတွတ်တွတ် မှာသွားခဲ့တာ.... ငါ့ဘက်ကတော့ တတ်နိုင်သလောက် ပြန်ပေးဆပ်သွားမှာပဲ... မဆပ်ရသေးတဲ့ အကြွေးတွေများနေတာက လူကို အရမ်း စိတ်ကသိကအောက် ဖြစ်စေတယ်.... "

"အဲ့တာကြီးက အရင်ခေတ်က အတွေးတွေပါကွာ...."လင်းရှီ ပြောလိုက်ပြီး

"ဒီဘက်ခေတ်မှာ အကြွေးမကင်းတဲ့သူ

ဘယ်သူရှိလို့လဲ...."

"အင်း... နင်ပြောတာလည်း ဟုတ်တယ်နော..."

ဤသို့ဖြင့် ထွေရာလေးပါး ပြောဆိုရင်း လင်းရီတို့

တိုင်းစကွဲထံ ရောက်ရှိလာလေသည်။ ထိုနေရာသို့

ရောက်သောအခါ လီချူးဟန် ကားပေါ်မှ ဆင်းပြီး

တိုင်းစကွဲကို အပြုံးဖြင့် ကြည့်နေလိုက်၏။

ရှော့ပင်းထွက်ရတာကို မနှစ်သက်သည့် အမျိုးသမီး

ရှိပါမည်နည်း။ ပိုက်ဆံဖြုန်းရသည်ကိုက

ပျော်ရွှင်ဖွယ်ကောင်းသည့် ခံစားချက်ဆိုတာကိုတော့

မည်သည့် လူသားကမျှ ငြင်းဆန်နိုင်လိမ့်မည်

မဟုတ်ချေ။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ မိန်းမပျိုလေးနှစ်ဦးမှ လင်းရီကို

မြင်တွေ့သွားပြီး " ဟိတ် သူငယ်ချင်း .... ဟိုနားက

အကိုလေးက အရမ်းချောတာပဲနော်.... "

"ဟုတ်တယ်နော်... သူ့ပုံစံ ကြည့်ရတာ TV တွေထဲက

စတားတွေရဲ့စတိုင်နဲ့ တစ်ထေရာတည်းပဲ.... "

"ဟမ့် မင်းတို့နှစ်ယောက် စိတ်ဣန္ဒြေရရ နေကြစမ်းပါ...

"

ပြောလိုက်သူကတော့ မိန်းကလေးဘေးတွင်

ရပ်နေသည့် ခပ်ငယ်ငယ် ကောင်လေးတစ်ယောက်ပင်။

သူ၏ နာမည်ကတော့ ချိန်ကျွင်းလုံဖြစ်ပြီး

အားကစားဝတ်စုံကို ဝတ်ဆင်ထားကာ ကျောကို

လှံတစ်စင်းကဲ့သို့ ဖြောင့်မတ်ထားလေသည်။

တတွတ်တွတ်နှင့် ပြောဆိုနေကြသူများကတော့

ချိန်ကျွင်းလုံ၏ အတန်းဖော် ဝမ်နန်နန်နှင့် စွန်းရိကျားတို့

ဖြစ်ကြ၏။

"မထားတော့ကော ဘာဖြစ်ချင်လဲ.. သူက

ငါတို့ကျောင်းက ကောင်လေးတွေထက်

အရမ်းချောနေတော့ ဒီလိုဖြစ်တာ ပုံမှန်ပဲလေ...."

"ရုပ်ချောတော့ကော ဘာသုံးစားလို့ရမှာ...

အဲ့ကောင်မောင်းနေတဲ့ကားကိုလည်း

တစ်ချက်ရှိုးလိုက်ဦး... ရှာရီစုတ်ကြီးကွ.... "ချိန်ကျွင်းလုံ

အထင်သေးစွာ ပြောဆိုလိုက်သည်။

"ဘုရားက မျှတပြီးသားပဲလေ... သူ့ကို

ခြောက်ပစ်ကင်းတဲ့ ရုပ်ကာကို ပေးသနားထားတော့

ကျန်တဲ့ နယ်ပယ်မှာ အထင်ကြီးဖို့ မကောင်းတာ

ပုံမှန်ပါပဲ... အဲ့တော့ကော ဘာဖြစ်လဲ... ငါတို့က ချောလို့

ချောတယ် ချီးကျူးနေတာကို နင်က

ဘာဖြစ်ချင်နေတာ...

မနာလိုဖြစ်နေတာလား...."ဝမ်နန်နန်မှ ခပ်စွာစွာ

ပြန်ပြောလိုက်သည်။

"ငါက ဘာဆိုင်လို့ မနာလိုဖြစ်ရမှာ... ငါခု ဝတ်ထားတဲ့

ဝတ်စုံနဲ့တင် အဲ့ကောင်ရဲ့

တစ်လစာဝင်ငွေလောက်ရှိတယ်...ရုပ်ရည်နဲ့ ပိုက်ဆံချင်း

ယှဉ်ရင် ပိုက်ဆံက ဘုရင်ပဲကွ.... "

"ကျွတ် ကျွတ် .... ငါ့ရဲ့မသိစိတ်ကတော့ နင် မနာလိုလို့

ဒီလိုတွေ ပြောနေတာလို့ ဘာကြောင့်

ခံစားနေရပါလိမ့်... "

"သောက်ရေးမပါတာတွေ... ငါ့ရုပ်ရည်ကလည်း

အဆိုးကြီး မဟုတ်ဘူး... ပြီးတော့လည်း သူ့ထက်လည်း

ချမ်းသာတယ်... အနာဂတ်ကျရင် ငါက အရာရှိအရာခံ

ဖြစ်မယ့်ကောင်ကွ... ငါ့အခြေအနေတွေက

သူ့ထက်အများကြီး သာပြီးသား..."

"ဟမ့်.. နင်က သာမန်ထက် မဆိုစလောက်

သာရုံလေးကို ... ဘာတွေ အဲ့လောက်ထိ

ဂုဏ်ဆာပြနေတာ.... "ဝမ်နန်နန်မှ ပြောလိုက်သည်။

"အဲ့လိုပြောကြေးဆို နင်လည်း ပိုက်ဆံမရှိပဲနဲ့

ဘာမှလုပ်လို့မရဘူးလေ... နင်မွဲပြာကျသွားတဲ့ချိန်

နင့်ရုပ် နင့်ရည်နဲ့ စပွန်ဆာ ရှာလို့ရမယ်

ထင်လား.....ရုပ်ချောပြီးတော့ ပိုက်ဆံ

မရှိတာက  ဖြည်းဖြည်းချင်း ရှာလို့ရတယ်...

ဘယ်သူကမှ မွေးကတည်းက

မချမ်းသာလာဘူး...."စွန်းရိကျား ပြောလိုက်ပြီး သူမ၏

အကြည့်များကတော့ လင်းရီ၏ ခန့်ညားလှသည့်

မျက်နှာထက်တွင် တွယ်ကပ်ထားလေသည်။

ဝမ်နန်နန်၏ မျက်နှာထက်တွင် ရွှတ်နောက်နောက်

အမူအရာတစ်ခု ပေါ်လာခဲ့ပြီး "ရှောင်လုံ..နင် ရိကျားကို

အရင် ဖြောင်းဖြသင့်တယ်လို့ ထင်တာပဲ.. မဟုတ်ရင်

သူများနောက် ကောက်ကောက်ပါအောင်

လိုက်ပြေးသွားနိုင်တယ်နော.... "

"ဟယ်... နင်ကလည်း ...ဘာတွေ
လျှောက်ပြောနေတာ... ငါပြောချင်တာက
အဲ့သဘောမျိုး မဟုတ်ပါဘူး...."

စွန်းရိကျား၏ အရှက်သည်းနေသည့် အမူအရာကို
မြင်တော့ ချိန်ကျွင်းလုံမှနေ၍ "ရိကျား... မင်းက
ဒီအသက်အရွယ်ရောက်နေတာတောင်မှ ခုထိ
မရင့်ကျက်နိုင်သေးဘူးလား... ရှာရီမောင်းတဲ့ကောင်က
မင်းကို ဘာများ ပံ့ပိုးပေးနိုင်မှာမို့လဲ...."

ရှေ့မှ တက်ကြွစွာ လမ်းလျှောက်နေသည့် လီချူးဟန်မှာ ရုတ်တရက် သူမ ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ချိန်ကျွင်းလုံဘက်သို့ လှည့်ကာ အေးစက်သည့် ရေခဲမျက်ဝန်းတို့ဖြင့် ကြည့်လိုက်၏။

လက်တွေ့တွင်တော့ လင်းရှီလည်း ထိုစကားဝိုင်းကို ကြားသိပြီးဖြစ်သော်လည်း သူ လုံးဝ စိတ်ဆိုးခြင်း မပြုပေ။ ထိုအစား အပြုံးလေးဖြင့် စွန်းရိကျားထံသို့ လျှောက်လှမ်းလာခဲ့ကာ "မိန်းမလှလေး... ငါတို့ ဝီချက်အပ်ကြမလား...."

"ရှင်...နင် နင်က ဝီချက်အပ်ချင်နေတယ်.... "

စွန်းရိကျား၏ မျက်နှာမှာ ပန်းသီးကဲ့သို့ နီရဲသွားခဲ့သည်။

ယခုလို ခန့်ညားချောမောသည့် အကိုလေးမှ သူမနား

ရုတ်တရက် ဝီချက်လာတောင်းလိမ့်မည်ဟု

မထင်ထားသည့်အတွက် သူမရင်ထဲမှ

ပျော်ရွှင်မှုလှိုင်းလုံးများ လှိမ့်တက်လာခဲ့တော့၏။

အဖြစ်အပျက်များမှာ ရုတ်တရက် ဆန်လွန်းလှပြီး

မယုံကြည်နိုင်စရာ ကောင်းလွန်းလှပေသည်။

"ဟျောင့်... မင်းကိုယ်မင်း ဘာထင်နေတာလဲကွ...

ရိကျားက သူစိမ်းတွေကို ဘယ်တော့မှ

ဝီချက်မအပ်......"

"အကိုလေးရဲ့ဝီချက်နံပါတ်က ဘယ်လောက်လဲဟင်....

ကျွန်မကပဲ အပ်လိုက်မယ်လေ...."

ချိန်ကျွင်းလုံ :"......"

'ဒါဘာလဲ... မင်းငါ့မျက်နှာကို ဖြတ်ရိုက်လိုက်တာလား

ရိကျားကျား....'

လင်းရီ သူ၏ ဝီချက်ကျူအာကို ပြလိုက်ပြီး "ဒီတိုင်းပဲ စကန်ဖတ်လိုက်...."

"အွန်း-အွန်း...."

စွန်းရိကျား စိတ်လှုပ်ရှားစွာဖြင့် သူမဖုန်းကို ကိုင်ထားပြီး လင်းရီ၏ ဝီချက်ကျူအာကို စကန်ဖတ်လိုက်သည်။ မျက်နှာထက်တွင်လည်း အပြုံးတို့ အတော်မသတ်နိုင်အောင် ဖြစ်ပေါ်နေပြီး ပန်းခင်းကြီးထဲ ဖြတ်ပြေးနေသကဲ့သို့ ခံစားနေရတော့၏။

"ဝီချက်မှာ စကားပြောကြတာပေါ့... ကျုပ်အားရင် မိန်းကလေးကို ထမင်းလိုက်ကျွေးမယ်လေ....."

"ရတယ် ရတယ်... မိန်းကလေးဖြစ်တဲ့ ကျွန်မကပဲ   လိုက်ကျွေးသင့်တာပေါ့... အကိုလေး ဘာမှ စိတ်ပူစရာ မလိုဘူး..."စွန်းရိကျား ကမန်းကတန်း ပြောလိုက်၏။ ယခုလို အဆင်လေးမျိုးနှင့် ဝီချက်အပ်ရသောကြောင့် သူမ မွဲပြာကျရင် ကျသွားပါစေ၊ အပြည့်အဝ အမ်းချင်နေလေသည်။

"ဒီလိုလည်း ရပါတယ်..."လင်းရီ ပြုံးပြီးနောက်

ချိန်ကျွင်းလုံကို မျက်စပစ်ကာ "မင်းက

ငယ်ပါသေးတယ်... အိမ်ပြန်ပြီး လေ့ကျင့်လိုက်ဦး.... "

၎င်းကို ဖြတ်သွားဖြတ်လာ အမျိုးသမီးများကြားတော့

ခိုးခိုးခစ်ခစ် ရယ်မောလိုက်ကြ၏။

"ရုပ်ချောတာက အမြဲတမ်း

အားသာချက်ရှိတယ်လေနော... ပထမဆုံး မြင်ရင်

ဘယ်မိန်းကလေးကမှ ပိုက်ဆံ ဘယ်လောက်ရှိလဲ

ကြည့်မှာမဟုတ်တာ... မျက်နှာကိုပဲ

အရင်ကြည့်ကြတာလေ.... နင် ကြည့်နေလိုက်...

အဲ့ကောင်မလေး မကြာခင် ဟိုအချောလေးနဲ့

ဟိုတယ်မှာ နက်နဲတဲ့ ပတ်သက်မှုတွေ

တည်ဆောက်တော့မှာ... "

"အမှန်ပဲ... ပြီးတော့လည်း အဲ့တာက ဖရီးပဲ....."

ထိုအသံများကို ကြားတော့ ချိန်ကျွင်းလုံ၏ မျက်နှာ

စိမ်းတက်လာပြီး "ရိကျား.. မင်း သူစိမ်းတွေနဲ့

စကားမပြောနဲ့... သူ့ဝီချက်ကို ချက်ချင်း

ဖျက်ပစ်လိုက်... သူက မိန်းကလေးတွေရဲ့

အသည်းနှလုံးကို ကစားတတ်တဲ့

မကောင်းတဲ့ကောင်ဆိုတာ  ရုပ်ကြည့်လိုက်တာနဲ့

သိသာတယ်... တော်နေကြာ လက်လွန်ခြေလွန်တွေ

ဖြစ်ကုန်လို့ နင်ဗိုက်တစ်လုံးနဲ့ ကျန်နေရစ်ခဲ့မယ်နော...."

"အဲ့တာ ငါ့ကိစ္စ.. နင့်အပူ တစ်ပြားမှ မပါဘူး...."

ချိန်ကျွင်းလုံး :"........."

စွန်းရိကျားနှင့် ဝီချက်အပ်ပြီးနောက် လင်းရီ

လီချူးဟာန်နှင့်အတူ တိုင်းစကွဲထံသို့ တည့်မတ်စွာ

လျှောက်လာခဲ့လေသည်။

လီချူးဟန် လက်ရှိ နေရာနှင့် မည်မျှ ရင်းနှီးနေသည်ကို ကြည့်ပါက သူမ ယခင်ကလည်း ရောက်ဖူးသည့်ပုံပင်။ အဘယ်ကြောင့်ဆိုသော် တံဆိပ်ကပ်ထားသည့် ဈေးနှုန်းများကြောင့် သူမ လန့်ဖြန့် မသွားခဲ့ချေ။

"တတိယထပ်ကို သွားကြည့်ကြည့်ရအောင်... အဲ့မှာက အမျိုးသားဝတ်တွေ ရောင်းတယ်.... "

သို့နှင့် နှစ်ယောက်အတူ သုံးလွှာသို့ ရောက်ရှိလာသည်။ ထိုအလွှာတစ်ခုလုံး ပြည်တွင်းနှင့် ပြည်ပမှ ဒုတိယအလွှာအဆင့် ဘရန်းအမှတ်တံဆိပ်များဖြင့်

ပြည့်နှက်နေတော့၏။ ထိုဘရန်းများမှာ နိုင်ငံတကာ

ဘရန်းများလောက် နာမည်

မကျော်ကြားကျော်သော်လည်း ချုပ်လုပ်ထားသည့်

လက်ရာနှင့် ဒီဇိုင်းပိုင်းတွင်တော့ အားသာမှုရှိကြ၏။

မဟုတ်ပါက တိုင်းစက်ွဲတွင် ရောင်းချခွင့် ရလိမ့်မည်

မဟုတ်ချေ။

သုံးလွှာတွင် ခဏတစ်ဖြုတ် ပတ်ကြည့်ပြီးနောက်

အခြားဘရန်းများထက် တမူထူးခြားသည့်

ဒီဇိုင်းပုံစံများဖြင့် ထည်ဝါစွာ ပေါ်လွင်နေသည့်

နစ်ချယ်ဘရန်းများ ရောင်းသည့် ဆိုင်ရှေ့သို့

ရောက်ရှိလာခဲ့၏။

"ဒီဆိုင်က အထည်လေးတွေ တကယ်မဆိုးဘူးသိလား..

ငါတစ်ခါ ဝယ်ဖူးတယ်... နင်

စမ်းဝတ်ကြည့်ကြည့်မလား...."

"ရတယ်လေ.. ငါက ဝတ်လို့ရရင်ပြီးရောပဲ... ဘာမှ

ဂျေးမများဘူး... မင်း အဆင်ပြေမယ်ထင်တာသာ

ဝယ်ပေးလိုက်..."

"အဲ့လိုဆို ပိုအဆင်ပြေတာပေါ့...."

လီချူးဟန် ဟိုဟိုဒီဒီ ပတ်ကြည့်လိုက်ပြီး လင်းရီအတွက် အနက်နှင့် အပြာ ရောစပ်ထားသည့် ဘောင်းဘီတစ်စုံနှင့် အဖြူရောင် ပိုလိုရှပ်ကို ရွေးပေးလိုက်၏။ သူမ မျက်စိထဲတွင် ထိုနှစ်စုံက လင်းရီနှင့် အတော်လေး လိုက်ဖက်မည်ဟု ခံစားနေရလေသည်။

"ဒီ ဝတ်စုံက ပိုပြီး ရင့်ကျက်တယ်လို့ ထင်ရပေမယ့် ဝတ်လိုက်ရင်တော့ လူကို အိုသွားတဲ့ပုံမပေါက်ဘူး.. အရေးကြီးတဲ့ ပွဲတွေတက်ဖို့ သင့်လျော်တယ်... နင် စမ်းဝတ်ကြည့်ကြည့်... "

လင်းရီ ခေါင်းညိမ့်ပြီး အဝတ်လဲခန်းထဲသို့ ဝင်သွားလေသည်။ ခေတ္တကြာပြီးနောက် ပြန်ထွက်လာခဲ့သောအခါ အမျိုးသမီး အရောင်းဝန်ထမ်းတို့၏ မျက်လုံးများ ပြူးကျယ်သွားခဲ့ကြ၏။

'ဘယ်လောက်တောင် ခန့်ညားလိုက်သလဲ....'

လင်းရီကဲ့သို့ ဘော်ဒီတောင့်ဖြောင့်ပြီး ခန့်ညားချောမောသူအတွက်ကတော့ ဘာဝတ်ဝတ် လိုက်ဖက်နေမည်မှာ သဘာဝပင်။

လီချူးဟန် ရှေ့သို့ တက်လာခဲ့ပြီး လင်းရီ၏ ကော်လံနှင့် ကြယ်သီးများကို သေချာသပ်ရပ်အောင် ပြုလုပ်ပေးလိုက်သည်။ ထိုအခါ သူမခေါင်းထက်ရှိ သင်းပျံ့သည့် ရနံ့လေးများမှာ လင်းရီ၏ နှာသီးဝသို့ထိုးဖောက်ဝင်ရောက်လာလေသည်။  ထိုသို့ ပြုလုပ်ပြီးနောက် လီချူးဟန် စိတ်ကျေနပ်နေသည့် အမူအရာဖြင့် ခေါင်းညိမ့်လိုက်၏။

"လူကြီးမင်း .. ရှင့်ရဲ့ကောင်မလေးက အရမ်း အမြင်ရှိတာပဲနော်... ဒီဝတ်စုံက

အပ်ချုပ်သမားကိုယ်တိုင် လူကြီးမင်းနဲ့ တိုင်းပြီး

ချုပ်ထားပေးတဲ့ အတိုင်းပဲ.... "

"ကျွန်မတို့ နှစ်ယောက်က ချစ်သူတွေ

မဟုတ်ပါဘူး....."လီချူးဟန် ရှက်ရွံ့စွာဖြင့်

ပြန်ပြောလိုက်၏။

"အိုး အိုး .... စိတ်မရှိပါနဲ့ရှင်..."

သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို သိရှိပြီးနောက်

အမျိုးသမီးဝန်ထမ်း၏ အကြည့်တို့မှာ ဒွိဟ

ဖြစ်သွားခဲ့၏။

'ကောင်လေးက အရမ်းချောမောနေပြီးတော့

ကောင်မလေးကလည်း အကျီတွေ

ရွေးဝယ်ပေးနေတယ်... ဒါတောင်မှ ချစ်သူတွေ

မဟုတ်ကြဘူးဆိုတော့ အပျော်လင်ကောင်လေးနဲ့

ချမ်းသာတဲ့ မမကြီး ဆက်ဆံရေးများလား....အရမ်း

စိတ်ဝင်စားဖို့ကောင်းတာပဲ....'

ထိုအကြောင်း တွေးမိသောအခါ ဆိုင်ဝန်ထမ်း

အမျိုးသမီးလေးမှ ပြုံးလိုက်၏။ ယခုခေတ်တွင်

ကောင်ချောချောလေးများမှ ချမ်းသာသည့်

အမျိုးသမီးများကို ရှာဖွေကြသည်မှာ အထူးအဆန်း မဟုတ်တော့ပေ။

"ကျုပ်ကို ဒါတစ်ချက် တွက်ပေးဦး.."လင်းရီ ပြောလိုက်သည်။

"ကောင်းပါပြီရှင့်... ခဏလေးပါနော် .... "

အမျိုးသမီး ဝန်ထမ်းမှ အကျီနှစ်ထည်ကို ကောက်ယူလိုက်ပြီး "ဟုတ်ကဲ့ရှင့်....ဒစ်စကောင့်နဲ့ဆိုရင် စုစုပေါင်း ယွမ် ၁၈,၅၀၀ ကျပါတယ်ရှင့်..."

လီချူးဟန် ခေါင်းညိမ့်ပြီး ဖုန်းထုတ်ကာ

ပေးချေတော့မည့် အချိန်တွင် လင်းရီ လက်ဆန့်တန်း၍

သူမကို တားဆီးလိုက်၏။

"ကျုပ်မှာ မန်ဘာကတ်ရှိတယ်... ၃၀ ရာခိုင်နှုန်း

ဒစ်စကောင့်နဲ့ ပြန်တွက်ပေးလို့ရလား....”

အခန်း (၄၈၄)

ငါတို့က သေနေတဲ့လူလို့ ထင်နေတာ

"သုံးဆယ်ရာခိုင်နှုန်း ဒစ်စကောင့်...."

လင်းရှိ သူ၏ မန်ဘာကဒ်ကို ထုတ်ပြလိုက်သောအခါ

အမျိုးသမီး ဆိုင်ဝန်ထမ်းများအားလုံး

အံ့အားသင့်သွားခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် တိုင်းစကွဲတွင် စိန်အဆင့်

မန်ဘာများကသာ သုံးဆယ်ရာခိုင်နှုန်း

ဒစ်စကောင့်ပေးသည့် အကျိုးကျေးဇူးကို

ခံစားနိုင်သောကြောင့်ပင်။

ထိုသို့ စိန်အဆင့်မန်ဘာတစ်ယောက် ဖြစ်ရန်

လိုအပ်ချက်ကတော့ တိုင်းစကွဲတွင် အနည်းဆုံး ၁၀

မီလီယမ် သုံးစွဲထားရပေမည်။

လင်းရီလက်ထဲတွင် တလက်လက်တောက်ပနေသည့်

စိန်အဆင့် မန်ဘာကဒ်ကို မြင်တော့ ဆိုင်ဝန်ထမ်း

အမျိုးသမီးများအားလုံး နေရာတွင်

ကြက်သေသေသွားခဲ့ကြ၏။

'သူ့မှာ စိန်အဆင့် မန်ဘာကဒ် ရှိနေတယ်ဆိုတော့

သေချာပေါက် သကြားပေပီလေးတော့ မဖြစ်နိုင်ဘူး....'

'အမယ်လေး ဥစ္စာပေါ ရုပ်ချော သူဌေးသားလေး... ဒီလို ပြီးပြည့်စုံတဲ့ ယောက်ျားမျိုးကို ဒီခေတ်ကြီးမှာ ရှာလို့ တွေ့နိုင်ပါ့မလားနော်....'

"ဒီလိုဆိုရင်တော့ လူကြီးမင်းရဲ့ကျသင့်ငွေက ယွမ် ၁၂,၉၅၀ ပဲ ကျသင့်တော့မှာပါ... သုံးဆယ်ရာခိုင်နှုန်း ဒစ်စကောင့်လည်း ထည့်တွက်ပြီးသားပါရှင့်.... "

"ကျုပ်ဘေးက အမျိုးသမီး ပိုက်ဆံ ချေလိမ့်မယ်... သူ့ကို ကျူအာကုတ်ပေးလိုက်...."

"ဟုတ်ကဲ့ရှင့်...."

မိနစ်အနည်းငယ်ကြာပြီးနောက် နှစ်ယောက်လုံး

ပိုက်ဆံချေပြီး နစ်ချယ်စတိုးဆိုင်ထဲမှ

ထွက်လာခဲ့လေသည်။

လီချူးဟန်၏ အမူအရာကတော့ တည်ငြိမ်လျက်ရှိ၏။

သူမ မန်ဘာကဒ်အကြောင်း တစ်ခွန်းမျှ မဟချေ။

သုံးလွှာမှ ထွက်လာခဲ့ပြီးနောက် နှစ်ယောက်သား

လေးလွှာရှိ အမျိုးသမီးဝတ်များ ရောင်းသည့် နေရာသို့

ရောက်လာခဲ့လေသည်။

"နင် ဘယ်လိုပုံစံမျိုးတွေ ကြိုက်တတ်လဲ... ငါ့ကိုလည်း ကူရွေးပေးလေ... "

လီချူးဟန် ပြောလိုက်သည်။

"ဒီလိုဆို ခဏစောင့်... ငါ လိုက်ကြည့်လိုက်ဦးမယ်.... "

နှစ်ယောက်သား တခဏခန့် ပတ်ကြည့်လိုက်ကြပြီး လင်းရီ အဖြူရောင် လည်ရှိုက် အပေါ်ထပ်နှင့် အဖြူရောင်ပန်းပွင့်ပုံလေးများ ပါသည့် အနီရောင် စကတ်တစ်ထည်ကို ညွှန်ပြလိုက်သည်။

"အဲ့ဝတ်စုံလေးက မင်းနဲ့ဆို အရမ်းလိုက်မှာ... "

"ငါနဲ့ လိုက်မှာလား..."လီချူးဟန် မရေရာ ဖြစ်နေသည့် လေသံဖြင့် မေးမြန်းလိုက်ပြီး "ငါ စကတ်တိုလေးတွေ ဝတ်လေ့ဝတ်ထ သိပ်မရှိဘူးနော်.... "

"ဟမ်.. ဘာလို့လဲ... မကြိုက်လို့လား... ငါ့အမြင်အရတော့ မင်းနဲ့ အရမ်းလိုက်မယ့်ပုံပါဟ.... "

လီချူးဟန်နှင့် ကျီချူးရန်တို့မှာ လုံးဝ ဆန့်ကျင်ဘက်ပင်။ ကျီချင်းရန်ထံတွင်တော့

စကတ်တိုလေးများမှာ မရေမတွက်နိုင်အောင်

များပြားလှလေသည်။

"အင်း...."လီချူးဟန် ခဏရပ်တန့်၍ "ငါက ပုံမှန်ဆို

ဆရာဝန်ကုတ်အဖြူရောင်ပဲ ဝတ်လေ့ရှိတာလေ...

ပြီးတော့ လူမှုရေးပွဲတွေလည်း သိပ်မတက်ဖြစ်တော့

စကတ်တို့ ဂါဝန်တို့ သိပ်မဝတ်ဖြစ်ဘူး...."

"ဒီလိုဆိုရင် ပိုပြီးတောင် ဝတ်ကြည့်သင့်တယ်... သွား

မြန်မြန်လေး စမ်းဝတ်ကြည့်ကြည့်...."

"အင်းပါ... နင်ပြောတဲ့ အတိုင်းပဲပေါ့.... "

ဆိုင်ထဲသို့ ဝင်ရောက်ပြီးနောက် အမျိုးသမီး ဝန်ထမ်းမှာ လင်းရီညွှန်ပြသည့် ဝတ်စုံကို ယူ၍ လီချူးဟန်ကို အဝတ်လဲခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

ဆယ်မိနစ်ကြာပြီးနောက် လီချူးဟန် အပြင်သို့ ထွက်လာခဲ့ပြီး လင်းရီ၏ မျက်လုံးများကို အရောင်လက်သွားစေခဲ့၏။

အဖြူရောင် ဆရာဝန်ကုတ်နှင့် ကျီချင်းရန်မှာ အေးစက်သည့် အရှိန်အဝါများကို လွှတ်ထုတ်နေသော်လည်း ယခု စကတ်နှင့် ဝတ်စုံကို

ဝတ်ဆင်ပြီးနောက် ညင်သာသိမ်မွေ့သည့်
အရှိန်အဝါများကို ပေးစွမ်းနေလေသည်။ အကယ်၍
မိတ်ကပ်လေးပါ ထပ်ပေါင်းလိုက်မည်ဆိုပါက ပို၍ပင်
ပြီးပြည့်စုံသွားဦးမည်။

သို့သော်လည်း တစ်ခုတည်းသော ပြဿနာက
လီချူးဟန်ကိုယ်တိုင်ပင်။ သူမ၏ အမူအရာမှာ
သိပ်မလွယ်ကူသည့်ဟန် ဖြစ်နေပြီး အနည်းငယ်
စိတ်လှုပ်ရှားနေသယောင် ဖြစ်နေလေသည်။

"မစ်က စကတ်အတိုလေးတွေ ဝတ်တာ

အရမ်းရှားတာလား...."

အရောင်းဝန်ထမ်းအမျိုးသမီးမှ နွေးထွေးစွာ

မေးမြန်းလာခဲ့၏။

"ဟုတ်တယ်..."လီချူးဟန် ပေါ့ပါးစွာ

ခေါင်းညိမ့်လိုက်သည်။

"ကျွန်မလည်း အတူတူပါပဲ... တကယ်လို့ မစ်က

သိပ်မလုံခြုံသလို ခံစားနေရရင် ဒိုင်းနဲ့ စတော်ကင်

တွဲဝတ်လို့ရတယ်လေ... အဲ့လိုဆို ပိုပြီး

လုံလုံခြုံခြုံရှိတယ်လို့ ခံစားရတယ်.... "

လင်းရီ မေးစေ့ပွတ်လိုက်ပြီး "အဲ့လိုဆို ပိုတောင်

ကြည့်ကောင်းသွားဦးမယ် ထင်တယ်..."

"နင်လည်း အဲ့လိုထင်တာလား..."လီချူးဟန် လင်းရီ၏

အမြင်ကို မေးမြန်းလိုက်၏။

"အင်း.... ငါ့စိတ်ကူးထဲမှာတော့ အတော်လေး

မဆိုးဘူးပဲ..."

"ကောင်းပြီလေ.. အဲ့တာဆို ငါ

စမ်းဝတ်ကြည့်ကြည့်လိုက်မယ်.... "

လင်းရီ၏ အကြံပေးမှုအောက်တွင် အရောင်းဝန်ထမ်း

အမျိုးသမီးမှာ အနက်ရောင် အဝတ်အစားများ

ရှာတွေ့သွားတော့၏။ လီချူးဟန်

ဝတ်ဆင်လိုက်သောအခါတွင် အေးစက်ပြီး

ဆက်ဆီဆန်သည့် အရှိန်အဝါများကို လွှတ်ထုတ်နေကာ

သူမ၏ လှုပ်ရှားမှုတိုင်းက တော်ဝင်ဆန်နေတော့သည်။

"မဆိုးဘူး မဆိုးဘူး... ဒီတစ်စုံ ယူလိုက်မယ်... မင်းကော ဘယ်လိုထင်လဲ..."

"နင့်သဘောပဲ...."

"အဲ့တာဆို ယူလိုက်တော့...."

လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး ကျူအာကုတ်ကို စကန်ဖတ်ကာ ပိုက်ဆံချေပြီး လင်းရှီနှင့် အတူ ထွက်လာခဲ့လေသည်။

"ငါ မနက်ဖြန် အဲ့ဒီဝတ်စုံနဲ့သွားမယ်ဆိုရင်
နည်းနည်းလေး ပိုရာ မကျဘူးလား...."

"စကတ်နဲ့ အပေါ်ထပ်ပဲ ဝတ်လိုက်လေ... အနက်ရောင်
စတော်ကင်တော့ မဝတ်နဲ့... အဲ့တာတွေကို
ငါတစ်ယောက်တည်းပဲ သီးသန့်ကြည့်မယ်...."

လီချူးဟန် ရှက်သွေးဖြန်းသွားခဲ့ပြီး မသိမသာ
ခေါင်းညိမ့်လိုက်၏။ သို့သော်လည်း ထိုလှုပ်ရှားမှုကို
အနီလင်းရီကမူ သတိမမူမိလိုက်ချေ။

မောလ်ထဲတွင် လျှောက်ပတ်သွားပြီးနောက်

နှစ်ယောက်သား အပေါ်ဆိုးထပ်၍ တစ်ခုခုဝင်စားကာ

အိမ်သို့ ပြန်ရန် ဆုံးဖြတ်လိုက်ကြသည်။

ကလင် ကလင်...

ထိုစဉ် လင်းရီဖုန်းသံ မြည်လာခဲ့၏။ လျှန်ရူရှယ်မှ

ဖုန်းဆက်လာခဲ့ခြင်းပင်။

"နင် ဒီညနေ ဘာလုပ်ဖို့ စီစဉ်ထားလဲ...

"ဖုန်းကိုင်ပြီးနောက် လျှန်ရူရှယ်၏ အသံမှာ

ထွက်ပေါ်လာခဲ့လေသည်။

"ဘာမှမရှိပါဘူး... ဘာလဲဖြစ်လို့...."

"ငါနင့်ကို လူတစ်ချို့နဲ့ မိတ်ဆက်ပေးစရာရှိတယ်...

ဒီညနေ ငါ့ကို လာကြိုလှည့်..."

"ဘယ်ကို လာကြိုပေးရမှာ... မင်းတို့အဆောက်အဦးရဲ့

ဝင်ပေါက်ဝမှာလား....."

"အင်း.... မွန်းလွဲ လေးနာရီလောက်နော်... ငါ့ကို

အပေါက်ဝမှာ စောင့်နေ.... "

"အိုကေ.... "

လျှန်ရှုရှယ် ဘာလုပ်ချင်နေမှန်း လင်းရီ နားမလည်သော်လည်း အရေးကြီး ကိစ္စ ဖြစ်မယ်ဆိုတာကိုတော့ တပ်အပ်သိသည်။

"နင့်မှာ လုပ်စရာရှိနေရင် အရင်သွားလိုက်လေ... ငါ့ဖို့ စိတ်ပူမနေနဲ့..."လီချူးဟန် ပြောလိုက်သည်။

"အရေးမကြီးပါဘူးကွာ... လာ ငါမင်းကို ဆေးရုံအရင် ပို့ပေးမယ်... "

"အဲ့တာဆို ငါမောင်းလိုက်မယ်... နင်နားလိုက်...."

"ကောင်းပြီလေ...."

သူမ၏ ထိုင်ခုံခါးပတ်ကို တပ်ပြီးနောက် လီချူးဟန် ကားစက်နှိုးလိုက်သည်။ သို့သော်လည်း သူမ မမောင်းရသေးခင် အမယ်အိုတစ်ဦး သူတို့ကားရှေ့၌ ရုတ်တရက် လဲကျသွားခဲ့ကြောင်း မြင်တွေ့လိုက်ရ၏။

"အိုက်ယိုး.. ငါ့ခြေထောက်တွေ.... "

လင်းရီနှင့် လီချူးဟန်တို့ အချင်းချင်း

ကြည့်လိုက်ကြ၏။

'ရှာရီအစုတ်ကြီး မောင်းတဲ့ ဒရိုင်ဘာနားကနေ

ငွေညစ်ချင်နေတယ်တဲ့လား... ဒီလိုမျိုး

ညစ်လို့ရတဲ့ငွေက ထမင်းတစ်နပ် ဝယ်စားဖို့တောင်

လောက်ပါ့မလားဟ... အဘွားကြီး .. ခင်များ

တော်တော်လေးကို စီးပွားရေး အမြင်မရှိတာပဲ....'

"ကားထဲက ခဏထွက်ပြီး တစ်ချက်

သွားကြည့်ကြည့်ရအောင်.... "

လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး ထိုင်ခုံခါးပတ်များကို ပြန်ဖြုတ်ကာ ကားထဲမှ ထွက်လာကြလေသည်။ တစ်ချိန်တည်းတွင် လူရွယ်တစ်ယောက် အပြေးအလွှား ရောက်ရှိလာခဲ့၏။

သူ လင်းရီနှင့် လီချူးဟန်တို့ကို လက်ညိုးထိုးကာ "မင်းတို့နှစ်ယောက် ကားကို ဘယ်လိုမောင်းနေကြတာလဲ... ရှင်နေတဲ့ လူကြီးတစ်ယောက်လုံး ရပ်နေတာကို မင်းတို့ မျက်လုံးတွေက မမြင်ကြဘူးလားကွ...."

"စိတ်မရှိပါနဲ့ကွာ..."လင်းရီ တွေးဆနေဟန်ဖြင့် ပြောလိုက်ပြီး "ငါတို့က သေနေတဲ့လူလို့ ထင်ပြီး တက်ကြွိတ်သွားတော့မလို့... ဒါပေမယ့် စကားပြောတတ်လိမ့်မယ်လို့တော့ ထင်မထားဘူး... ငါတို့ ထင်တာ မှားသွားတာပဲဟ...."

လူရွယ်နှင့် အမယ်အိုကြီးတို့ နှစ်ယောက်လုံး ကြက်သေသေသွားကြသည်။ သူတို့ ဘယ်တုန်းကမှ ယခုလို မောက်မာသည့် အကြောင်းပြချက်မျိုးကို မကြားဖူးခဲ့ကြချေ။

"သောက်ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့....

မင်း ငါ့အမေကို ဒီလိုမျိုးဖြစ်အောင် တိုက်ချိုး

ပစ်လိုက်တယ်ဆိုတော့ မြန်မြန်လျော်ပေးတော့..... "

"ဘယ်မှာတိုက်လို့...."လီချူးဟန် ပြောလိုက်ပြီး

"ငါ ကားစက်နှိုးခါရှိသေးတယ်... နင့်အမေကို ထိတောင်

မထိရသေးဘူး...ဟိုက သူ့ဘာသူ အော်ပြီး

လဲကျသွားတာ... နင် လူမှားပြီး ပိုက်ဆံတောင်းနေပြီ...."

"အိုက်ယိုး... လောကကြီးရေ.. ဘာများ

ဖြစ်နေတာတုန်း... နင်တို့က လူငယ်တွေ

မဟုတ်ဘူးလား... ငါ့လို အမယ်အိုကြီးကို

ဒီလိုဖြစ်အောင် လုပ်ထားတာတောင်မှ

တာဝန်မယူပေးချင်ဘူးဆိုတော့ နင်တို့မှာ

အသိတရားဆိုတာ လုံးဝကို

မရှိတော့ဘူးလား....."အမယ်အိုကြီးမှ ကျယ်လောင်စွာ

အော်ဟစ်လိုက်သည်။

"အမေ ခု ဘယ်လိုနေသေးလဲ.. ဘယ်နေရာ

နာသွားသေးတုန်း... "

"အမေ့ခြေထောက်တွေ နာတယ်သား... ပြီးတော့ အမေ နှလုံးတွေလည်း သိပ်မကောင်းဘူး... ခြေထောက် ကျိုးသွားပြီလားတောင် မသိတော့ပါဘူးသားရယ်.... "

"မပူနဲ့အမေ... သား အမေ့အတွက် တရားမျှတမှုကို ရှာဖွေပေးမယ်... "

တစ်ချိန်တည်းတွင် လူအုပ်ကြီးလည်း ဝိုင်းအုံလာကြပြီး ဘာဖြစ်သလဲဆိုတာကို ဝိုင်းဝန်း စပ်စုကြတော့၏။

"ရိကျား.. နင်ကြည့်လိုက်... ဟို အကိုလေးရဲ့ကားက

အဘွားကြီးကို ကားနဲ့ တိုက်ပစ်လိုက်ပြီနဲ့တူတယ်....

"ပြောလိုက်သူကတော့ ဝမ်နန်နန်ပင်။

"အင်း... အဲ့လိုဖြစ်သွားတဲ့ပုံပဲ.. လာ

သွားကြည့်ကြည့်ရအောင်... "စွန်းရိကျား စိုးရိမ်နေသည့်

လေသံဖြင့် ပြောလိုက်သည်။

"နင်တို့နှစ်ယောက် ဒီမှာပဲ နေကြ... ဟိုကောင်က

ရုပ်ချောတယ်ဆိုပြီး နင်တို့ကိုပါ အသုံးချနေဦးမယ်...

တစ်ခုခု ဖြစ်သွားခဲ့ရင် နင်တို့ နှစ်ယောက်လုံးကိုပါ အမှုပတ်နေမှာနော်.... "

"ဒါပေမယ့် ငါတို့က ဆေးကျောင်းသူတွေလေ... တို့မျက်စိရှေ့မှာ ဒီလိုမျိုးကြီး ဖြစ်သွားတာကို မျက်ကွယ်ပြုထားလို့ ဘယ်ကောင်းမှာ... "ဝမ်နန်နန်မှ ပြောလိုက်ပြီး "ရိကျားက အဲ့အကိုလေးကို စိတ်ဝင်စားနေလို့ နင် မနာလို ဖြစ်နေတာ မလား...."

"ဘာဆိုင်လို့ ငါက မနာလိုဖြစ်ရမှာ... ငါ့ရဲ့ အနေအထားကြီးက သူ့ထက် သာပြီးသား....

ငါ့လိုကောင်က မနာလိုဖြစ်စရာ ဘာသောက်ကြောင်းမှ ကို မရှိတာ...."ချိန်ကျွင်းလုံ ပြောလိုက်ပြီး "နင်တို့ နှစ်ယောက်ကို ဒီမှာပဲ ရပ်နေခိုင်းတယ် ဆိုတာက အခြေအနေကို အရင်ဆုံး အကဲဖြတ်ခိုင်းတာ... ဘာမှ မသိသေးပဲနဲ့ ဝင်မပါသေးနဲ့ဦး... "

ချိန်ကျွင်းလုံ ပြောသည်မှာ အဓိပ္ပာယ်ရှိသောကြောင့် မိန်းကလေးနှစ်ယောက်လုံး သူမတို့၏ ခြေလှမ်းများကို ရပ်တန့်လိုက်ကြပြီး အခြေအနေကို အရင်ဆုံး စူးစမ်းကြည့်ရန် ဆုံးဖြတ်လိုက်ကြ၏။

သူမတို့နှစ်ယောက်လုံး လင်းရီကို

သွားရောက်ကူညီပေးချင်နေပါသော်လည်း

ယခုလိုကိစ္စမျိုးတွင် သတိထားသည်က မများပေ။

လူများ ပို၍ ပို၍ ဝိုင်းအုံလာသည်ကို မြင်တော့

လူရွယ်၏ အမူအရာမှာ နဂိုကထက်

မောက်မောက်မာမာ ဖြစ်လာခဲ့ပြီး လင်းရီနှင့်

လီချူးဟန်တို့ကို လက်ညိုးထိုးကာ "မင်းတို့

နှစ်ယောက်လုပ်လို့ ခု ငါ့အမေ

ခြေထောက်ကျိုးသွားပြီလားတောင် မသိဘူး....

အခက်မသင့်ရင် နှလုံးပါ ရှော့ခ်ရသွားနိုင်တယ်...မင်းတို့

ဘာပြန်လုပ်ပေးမလဲပြော....."

အခန်း (၄၈၅)

အဲ့တာဆိုရင်တော့ မင်း အိပ်မက်မက်နေတာပဲ...

"နင်က ငါတို့နား ငွေလာညစ်နေတာပဲ... နင်တို့ကို

လျော်ကြေးပေးစရာ ဘာအကြောင်းမှ

မရှိဘူး..."လီချူးဟန် အေးစက်စွာ ပြောလိုက်ပြီး

"ဒီကိစ္စကို ဖြေရှင်းပေးဖို့ ငါရဲခေါ်လိုက်တော့မယ်...."

"လမ်းဖယ် ...လမ်းဖယ်..."

လီချူးဟန် ဖုန်းထုတ်၍ ရဲခေါ်တော့မည့် အချိန်တွင်

လူအုပ်နောက်မှ အသံဗလံများကို ရုတ်တရက်

ကြားလိုက်ရ၏။

လူအုပ်ကြီးလည်း အလိုအလျောက်

လမ်းဖယ်ပေးလိုက်ကြပြီး လှည့်ကြည့်လိုက်သောအခါ

ရဲအရာရှိနှစ်ဦးဖြစ်နေကြောင်း မြင်တွေ့လိုက်ရသည်။

တိုင်းစကွဲမှာ လူသူလေးပါး ထူပြောလှပြီး

ယာဉ်တိုက်မှုများ၊ ရာဇဝတ်မှုများလည်း

မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိသောကြောင့်

အနီးတစ်ဝိုက်တွင် ရဲများကို တာဝန်ချထားပေးလေ့ရှိ၏။

ထိုမှသာ အမှုဖြစ်ပွားပါက အချိန်မီ

ရောက်ရှိနိုင်လိမ့်ပေမည်။

ရဲအရာရှိ နှစ်ဦး ရောက်ရှိလိုက်ပြီး အခြေအနေကို

တစ်ချက် ရှုံးကြည့်လိုက်သောအခါ ဘာဖြစ်နေလဲဆိုတာ

ချက်ချင်း သိရှိသွားတော့၏။

ဟန်ဆောင် ငွေညစ်မှုပင်။ သို့သော်လည်း

ယခုလိုအမှုမျိုးမှာ အတော်လေး ကိုင်တွယ်ရ ခက်ခဲ၏။

ရဲ့အရာရှိနှစ်ဦးမှာ လင်းရီထံ ရောက်လာခဲ့ပြီး

"ကားထဲမှာ ကင်မရာ (dashcam)ပါလား....."

"မပါဘူး..."

လင်းရီ ခေါင်းခါရမ်းလိုက်ပြီး "ကျုပ်ကားက

ရှာရီလေးပဲလေ... ပြီးတော့ တစ်စုံတစ်ယောက်က

ရှာရီကိုတောင် ပစ်မှတ်ထားလာလိမ့်မယ်လို့

ထင်မထားဘူး...ဘယ်လိုတောင် ရည်မှန်းချက်

သေးလိုက်တဲ့ သူတွေလဲ...."

ၛင်းကိုကြားတော့ ရဲအရာရှိ နှစ်ဦးမှာ ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ကြ၏။

ဒီကောင်လေးက လူ့ရှင်တော်လေးလား...

သို့သော်လည်း  ကင်မရာ မပါဘဲနှင့်တော့ ယခုကိစ္စမှာ ကိုင်တွယ်ရ ခက်ချေပြီ။

မျက်လုံးပါပြီး စဉ်းစားတတ်သည့် လူတိုင်း ထိုသားအမိမှာ ဟန်ဆောင် ငွေညစ်နေကြကြောင်း သိရှိနေကြသော်လည်း ခိုင်လုံသည့်

သက်သေအထောက်အထား မရှိဘဲနှင့်တော့

အပြစ်ပေးဖို့ရာ ခက်ခဲပေလိမ့်မည်။

သို့သော်လည်း ရဲအရာရှိ နှစ်ဦးမှာ အတွေ့အကြုံ

ရင့်ကျက်သူများ ဖြစ်ကြသောကြောင့် မောလ်၏

လုံခြုံရေးဝန်ထမ်းကို ခေါ်လိုက်၏။

"မင်းတို့ မောလ်ရဲ့ အဝင်ဝမှာ

စောင့်ကြည့်ရေးကင်မရာတော့

တပ်ထားလောက်မှာပါ... မင်းတို့ မန်နေဂျာနေဂျာကို

သွားပြောလိုက်... ငါတို့ စောင့်ကြည့်ရေး

ကင်မရာတွေကို စစ်ဆေးပြီးတော့ အခင်းဖြစ်သွားတဲ့ မြင်ကွင်းကို ကြည့်ချင်တယ်လို့...."

"အရာရှိကြီး.. ကျုပ်က လုံခြုံရေး ခေါင်းဆောင်ပါဗျ...."အနည်းငယ် ဝဖိုင့်ဖိုင့်ရှိသည့် လုံခြုံရေး ဝန်ထမ်းတစ်ဦးမှ ပြောလိုက်ပြီး "ဒီနေရာက ကျုပ်တို့ စောင့်ကြည့်ရေး ကင်မရာတွေရဲ့ မမြင်ကွယ်ရာ ဖြစ်နေတယ်.. ပြီးတော့ အသစ်ဝယ်ထားတဲ့ ကင်မရာတွေကလည်း ခုထိ မတပ်ရသေးဘူး...."

"မဆိုးဘူးပဲ... မင်းတို့ကောင်တွေ ငါ့ကားကို

ပစ်မှတ်ထားလိုက်တာ မထူးဆန်းတော့ပါဘူး...

လက်စသတ်တော့ ဒီနေရာမှာ ကင်မရာတွေ

မရှိဘူးဆိုတာ သိနေလို့ကိုး...

ဟုတ်တယ်မလား....အတော်လေး ကျွမ်းကျင်သားပဲ...."

လင်းရီ နောက်ဆုံးတော့ ထိုသားအမိ အဘယ်ကြောင့်

သူ၏ ရှာရီအစုတ်ကို ပစ်မှတ်ထားနေလဲ ဆိုတာ

နားလည်သွားခဲ့လေသည်။

အပြင်မှ ကြည့်မည်ဆိုပါက သူ့ကားထဲတွင် ကင်မရာ

မရှိကြောင်း မြင်တွေ့နိုင်ပြီး ရပ်ထားသည့်

နေရာမှာလည်း စောင့်ကြည့်ရေး ကင်မရာများ လက်လှမ်းမမှီသည့် နေရာ ဖြစ်နေသောကြောင့် သူ၏ ရှာရီအစုတ်မှာ ထိုသားအမိအတွက် ပြီးပြည့်စုံသည့် ပစ်မှတ် ဖြစ်လာခဲ့ရ၏။

ရဲအရာရှိများကတော့ ခက်ခဲသည့် အခြေအနေသို့ ကျရောက်နေကြသည်။ ဦးစွာ ကားထဲတွင် ကင်မရာ မရှိချေ။ ဒုတိယအနေဖြင့် စောင့်ကြည့်ရေး ကင်မရာကလည်း မတပ်ရသေးချေ။ သက်သေမရှိသောကြောင့် ထိုသားအမိကို အပြစ်ပေးရန် အခက်ကြုံနေလေသည်။

ရဲအရာရှိ သူ၏ ခါးကိုကုန်းလိုက်ပြီး ဆံပင်ဖြူနေသည့် အမယ်အိုကြီးကို မေးလိုက်၏။ "အဘွားကြီး.. ခင်များ နေကောင်းလား...."

"မကောင်းဘူးဟေ့... ငါ့ ခြေထောက်ကို ကြည့်လိုက်စမ်း... နာလွန်းလို့ လှုပ်တောင် မလှုပ်နိုင်တော့ဘူး... ပြီးတော့ နှလုံးကလည်း နေလို့မကောင်းဘူး... နင်က ရဲအရာရှိမလား... မြန်မြန် ဒီကိစ္စကို ဖြေရှင်းပေးတော့... ငါတို့လို သာမန် အရပ်သားတွေကို နစ်နာအောင် မလုပ်နဲ့.... "

ရဲအရာရှိနှစ်ဦးလုံး သက်ပြင်း ချလိုက်ကြ၏။ ယခုလို ကိစ္စမျိုးက ဒေါသထွက်စရာ အကောင်းဆုံးပင်။ အမယ်အိုကြီးမှာ ဟန်ဆောင်ပြီး ငွေလိမ်နေမှန်း သူတို့သိပါသော်လည်း ဥပဒေနည်းလမ်းဖြင့် ကိုင်တွယ်ရန် နည်းလမ်း မရှိ ဖြစ်နေလေသည်။

အကယ်၍ ထိုအမယ်အိုကြီးသာ ခေါင်းမာမာနှင့် ယခုလို ဆက်ထိုင်နေမည် ဆိုပါက မည်သူမျှ ဖယ်ရှား၍ ရမည် မဟုတ်ချေ။

သို့နှင့် အရာရှိကြီးလည်း ကိုးရို့ကားယား အမူအရာဖြင့် လင်းရီနှင့် လီချူးဟန်တို့ထံ လျှောက်လာခဲ့ပြီး "ငါ့ညီတို့ ဝတ်ပုံစားပုံ ကြည့်ရသလောက်တော့ အခြေအနေဆိုးမယ့်ပုံ မပေါ်ပါဘူး... ပြဿနာကို အေးဆေးရှောင်တဲ့အနေနဲ့ ယွမ် နှစ်ထောင်လောက် ပေးလိုက်ပါလား..."

"ကျုပ်တို့ကို ပိုက်ဆံပေးစေချင်နေတယ်ပေါ့လေ..."လင်းရီ ဒေါသထွက်စွာဖြင့် ရယ်မောလိုက်ပြီး တစ်ခုခု ပြောတော့မည့် အချိန်တွင် လီချူးဟန်

သူမပိုက်ဆံအိတ်ထဲမှ ယွမ် နှစ်ထောင်

ထုတ်လိုက်ကြောင်း မြင်တွေ့လိုက်ရ၏။

"ဒီလိုလူမျိုးတွေနဲ့ ပြိုင်ငြင်းမနေနဲ့... နောက်တစ်ခါဆို

သတိထားကြတာပေါ့...."

"သူတို့ကို ဘာလို့ ပိုက်ဆံပေးနေမှာ...

ပန်းခွေဝယ်ဖို့လား.."လင်းရီ ပြောလိုက်ပြီး

"ဒီအဘွားကြီး သေရင်လည်း သတင်းစာစက္ကူလောက်

မီးရှို့ပေးလိုက်ရင် တော်ရောပေါ့ကွာ... ဘာမှ

ပန်းခွေတွေ  ချပေးနေစရာ မလိုဘူး..."

ထိုစကားကိုကြားတော့ ယွမ်နှစ်ထောင်ကို

လက်ခံတော့မည့် ဆဲဆဲ လူရွယ်လေးမှာ ချက်ချင်း

အမူအရာ ပြောင်းသွားခဲ့ပြီး "မင်း ဒါဘာ စကား

ပြောတာလဲကွ... ငါတို့က ကြင်နာပြီးတော့ မင်းတို့ကို

ယွမ် နှစ်ထောင်လောက်နဲ့ အေးဆေးကျေအေးပေးဖို့

လုပ်နေတာနော်...ဒါတောင်မှ ငါ့အမေကို

ကျိန်ဆဲရဲတယ်ပေါ့လေ...

ယုံလားတော့မသိဘူးဟျောင့်..... ငါမင်းကို

ကုန်းကောက်စရာမရှိအောင် လုပ်ပစ်မယ်... "

"ဒီလိုဆိုရင်တော့ မင်းအိပ်မက်မက်နေတာပဲ..."

လင်းရီ လှောင်ပြောင်လိုက်ပြီး "တကယ်လို့ မင်းတို့

အိမ်ထောင်စု စာရင်းထဲက လူတိုင်းကို ငါ လူငှားပြီး

သတ်လိုက်မယ်ဆိုရင်တောင်မှ ပိုက်ဆံကကုန်သွားမှာ

မဟုတ်ဘူး...."

ဇင်းကိုကြားတော့ လူရွယ်လေးမှာ

ဒေါသမထွက်သွားသည့် အပြင် မျက်လုံး အရောင်များ

တောက်ပလာခဲ့လေသည် ။

'ဒီကောင်က ထင်ထားတာထက်ကို ပိုပြီး

ချမ်းသာနေတဲ့ပုံပဲ....'

"ငါမင်းကို ပြောလိုက်မယ်.... ခုနတုန်းကတော့

ယွမ်နှစ်ထောင်လောက်နဲ့ ကျေအေးပေးလိုက်မလို့ပဲ... ခု

မင်းပြောလိုက်တဲ့ စကားကြောင့် ဒီလောက်နဲ့

မရတော့ဘူး..."လူရွယ်လေးမှ ပြောလိုက်ပြီး

"ငါ့အမေက ခု ခြေထောက်ကျိုးသွားပြီးတော့

နှလုံးလည်း ရှော့ခ်ရချင်သလိုဖြစ်သွားတယ်...

မင်းတို့ဘက်က ဆေးဖိုးဝါးခ အနည်းဆုံး

ယွမ်တစ်သိန်းမှ မပေးရင် ဒီကနေ ထွက်သွားဖို့

မစဉ်းစားနဲ့ ... အရာရှိကြီးတို့... ကျုပ်ကို

ဖြေရှင်းချက်ပေးမယ်လို့ မျှော်လင့်တယ်...."

"ယွမ်တစ်သိန်း... မင်းက အဲ့လောက်

လိုချင်နေတယ်ပေါ့လေ "

"ငါက အမှန်အတိုင်း ပြောနေတာကွ... မင်း ငါ့အမေကို

ဒီအခြေအနေဖြစ်အောင် လုပ်တာကို ထည့်တွက်ရင်

ယွမ်တစ်သိန်းက လောက်တောင်

မလောက်ဘူး..."လူရွှယ်မှ ပြောလိုက်၏။

"နင်တို့တွေ သူများနား ငွေညစ်မနေကြနဲ့..."ဘေးတွင် ရပ်ကြည့်နေသည့် စွန်းရိကျားမှ မနေနိုင်ပဲ ဝင်ပြောလိုက်တော့သည်။

"ဒါကြီးက ငွေညစ်နေတယ်ဆိုတာ ရှင်းနေတာပဲလေ.... နင်တို့က ဘယ်လိုတောင် အဲ့လောက်အများကြီး တောင်းဝံ့နေတာလဲ..."

"မိန်းကလေး... ဒီကိစ္စက မင်းနဲ့ မဆိုင်ဘူး.. မဆိုင်ရင် လာဝင်မရှုပ်နဲ့...."

လူရွယ်မှ မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

"ကျွန်မက ဆေးကျောင်းသူပဲ.. ရှင့်အမေက

ဘာမှမဖြစ်ဘူးဆိုတာ ကျွန်မတပ်အပ်ပြောနိုင်တယ်...

နင်တို့က သူများနား သပ်သပ် ငွေညစ်ချင်နေတာပဲ.... "

"ဆေးကျောင်းသူ..... "

လူရွယ်၏ အမူအရာမှာ လေးနက်သွားခဲ့သည်။

သူယခုလို ဆေးပညာ ကျွမ်းကျင်သူတစ်ဦးနှင့်

လာကြုံလိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

'ကိစ္စတွေက ထင်သလောက်

မလွယ်ကူတော့ဘူးထင်တယ်....'

"ရိကျား... နင်ဘာတွေ ဝင်လျှာရှည်နေတာ..."

ချိန်ကျွင်းလုံ သူမကို နောက်သို့

ဆွဲခေါ်လိုက်ပြီး  ရဲအရာရှိ နှစ်ဦးဘက်သို့ လှည့်ကာ

"အရာရှိကြီးတို့ ဆောင်ရွက်စရာရှိတာကို

ဆောင်ရွက်ပါ... သူမ လျှောက်ပြောနေတာကို

နားထောင်စရာမလိုပါဘူး....."

ချိန်ကျွင်းလုံ စွန်းရိကျားကို မည်သည့် တာဝန်ခံမှုတို့မျှ မယူစေချင်သောကြောင့် အတတ်နိုင်ဆုံး ပြန်ဆွဲခေါ်လိုက်၏။

ရဲအရာရှိ နှစ်ဦးမှာ ချိန်ကျွင်းလုံကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး "မင်းက ဆေးကျောင်းသားလား...."

"ကျုပ်တို့က ဖူတန် ဆေးဌာနက ကျောင်းသားတွေပါ...."

"သူက တကယ်ကြီး ဖူတန်တက္ကသိုလ်ကတဲ့လား.. ဘယ်လောက်တောင် အထင်ကြီးစရာ ကောင်းလိုက်လဲ...."

"သူ ဘွဲ့ရပြီးတဲ့ အချိန်ကျရင် သေချာပေါက်

အောင်မြင်မှာပဲ... တစ်ချိန်လုံး ဂိမ်းထိုင်ဆော့နေတဲ့

အိမ်ကကောင်နဲ့များ ကွာပါ့ကွာ...."

သူတို့၏ အထောက်အထားကို သိရှိသွားတော့

လင်းရီနှင့် လီချူးဟန်တို့လည်း အံ့သြသွားခဲ့ကြ၏။

ချိန်ကျွင်းလုံတို့မှ ဖူတန် ဆေးတက္ကသိုလ်မှ

ကျောင်းသားများ ဖြစ်နေလိမ့်မည်လို့

ထင်မှတ်မထားခဲ့ကြချေ။

ဟွာရှန်းဆေးရုံမှာလည်း ဖူတန်နှင့်

ပေါင်းစည်းထားသောကြောင့်

တစ်နည်းအားဖြင့်ဆိုသော် ချိန်ကျွင်းလုံတို့မှာ သူမ၏

ကျောင်းသာများဟု ပြောလျှင်လည်း မမှားပေ။

"အဲ့တာဆို ကောင်းတာပေါ့.. ဒေါက်တာလေးက

ဒီအဘွားကြီး ဘယ်လောက်ထိခိုက်သွားလဲဆိုတာ

တစ်ချက် စစ်ဆေးကြည့်ပေးလို့ရလား... ဒါမှလဲ

ကျုပ်တို့ ပြစ်မှုအဆင့်ကို တစ်ချက်

တွက်ချက်ကြည့်လို့ရမှာ.... "

"ကောင်းပြီလေ.. ကျုပ် ကြိုးစားကြည့်တာပေါ့..."

ချိန်ကျွင်းလုံ အမယ်အိုရှေ့တွင်
ဆောင့်ကြောင့်ထိုင်လိုက်ပြီး သူမ၏ ဒဏ်ရာများကို
စစ်ဆေးရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း အမယ်အိုကြီးနှင့် သူ့သားတို့မှာ လုံးဝ
စိုးထိတ်သွားခြင်းမရှိချေ။ စစ်ဆေး၍ မည်သည့်
ပြဿနာမျှ ထွက်မလာလျှင်တောင် မြေပြင်တွင်ထိုင်ပြီး
နေထိုင်မကောင်းဟု ခေါင်းမာနေပါက မည်သူမျှ
ဘာမှတတ်နိုင်လိမ့်မည် မဟုတ်ပေ။

ယင်းကလည်း လူအိုတစ်ယောက်ဖြစ်ရခြင်း၏

အားသာချက်များပင်။ သက်ကြီးရွယ်အိုများ မြေပြင်သို့

လဲကျလျှင် ဘေးရှိ စောင့်ကြည့်နေသူများမှာ

ရင်တမမနှင့် ဖြစ်နေရ၏။

တစ်ချိန်တည်းတွင် ချိန်ကျွင်းလုံလည်း စိတ်ထဲတွင်

လင်းရီကို အမုန်း ကြိမ်းဝါးနေတော့၏။

'မင်းလိုကောင်ကများ ငါ့ရှေ့မှာ ကျားကျားနဲ့

ဝီချက်အပ်ရဲတယ်ပေါ့လေ.. ဒီကနေ့ မင်းကို သေအောင်

ဆော့ကစားပေးမယ်ကွ....'

မိနစ်အနည်းငယ်ကြာ ဟိုစမ်းသပ် ဒီစမ်းသပ်ပြီးနောက်

ချိန်ကျွင်းလုံ အရာရှိ နှစ်ယောက်ထံ ပြန်လာခဲ့ပြီး

"အရာရှိကြီးတို့ .. ကျုပ်

စစ်ဆေးကြည့်ရသလောက်တော့ ဒီအမယ်အိုကြီးရဲ့

ခြေထောက်အရိုးတွေ အက်သွားခဲ့ပြီးတော့မှ

နှလုံးခုန်နှုန်းကလည်း အတော်လေးကို

မြန်ဆန်နေပါတယ်... သက်ကြီးပိုင်းအရွယ်မှာ ဒီလို

ဒဏ်ရာမျိုးက သေစေနိုင်လောက်တဲ့ထိပဲ... တကယ်လို့

ဆေးရုံ တက်ရမယ်ဆိုရင် အနည်းဆုံးတော့ ယွမ်

သုံးသိန်းလောက် ကုန်ကျမှာပဲ.... "

အခန်း (၄၈၆)

သံသယဝင်နေတာမဟုတ်ဘူး....လုံးဝငြင်းဆိုနေတာ

"ယွမ် သုံးသိန်း...."

ထိုပမာဏကိုကြားတော့ လီချူးဟန် သူမ နားကြား

မှားသွားလေသလောဟုတောင် ကိုယ့်နားကိုယ်

ယုံမှားသံသယ ဖြစ်သွားခဲ့ရ၏။

ဒါက ဖူတန် တက္ကသိုလ်က ကျောင်းသားတစ်ယောက်ရဲ့

အရည်အချင်းတဲ့လား...

လူရွယ်နှင့် အမယ်အိုကြီးတို့နှစ်ယောက်လည်း

ကြက်သေသေသွားခဲ့ကြသည်။

သူတို့ လိမ်နေမှန်း သိပါလျက်နှင့် အကြောင်း

ပြချက်တစ်ချို့ကြောင့် နတ်ဘုရားသဖွယ် ပံ့ပိုးပေးသူမှာ

ရောက်လို့လာချေပြီ။ ယခု သူတို့ဘက်မှ လူအင်အား

တောင့်တင်းသွားရုံသာမက အောင်မြင်နိုင်ဖို့

အခွင့်အလမ်းပင် မြင်တွေ့နေရ၏။

ဘယ်လိုတောင် အံ့သြဖို့ ကောင်းလိုက်လဲ...

"အမှန်ပဲ... ပြီးတော့ ဒီယွမ်သုံးသိန်းက အနိမ့်ဆုံး

ဖြစ်နိုင်ချေနော်...ကျုပ်ကတော့ ခင်များတို့ ပိုက်ဆံ

အမြန် ထုတ်ပေးလိုက်ပြီး ဒီအမယ်အိုကြီးရဲ့ ကုသမှုကို

မနှောင့်နှေးစေတာပဲ ကောင်းလိမ့်မယ်လို့ထင်တယ်...

မဟုတ်လို့ကတော့ ဆေးဖိုးဝါးခက ဒီထက်

ပိုမြင့်မားသွားတော့မှာ... "

လူတိုင်း ထိုစကားကို ယုံကြည်သွားခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် ဖူတန်တက္ကသိုလ်

ဆေးပညာဌာနမှာ ဂုဏ်သတင်း အခိုင်အမာ

တည်ရှိနေပြီး သူတို့ မွေးထုတ်ပေးလိုက်သည့်

ကျောင်းသားတို့မှာလည်း သေချာပေါက် အရည်အချင်း

ဆိုးရွားလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဆေးဖိုးဝါးခ

ယွမ် သုံးသိန်းမှာ အတုမဖြစ်နိုင်ရာ၏။

ရဲအရာရှိ နှစ်ဦးလည်း ခေတ္တမျှ အငိုက်မိသွားကြသည်။

ကိစ္စများမှာ ယခုလို ဖြစ်လာလိမ့်မည်လို့

ထင်မထားသောကြောင့် ယွမ် နှစ်ထောင်မှာ အတော့်ကို

နည်းသည်ဟု ပြောရ၍ရ၏။

"အာ.... ငါ့ညီတို့ ... ဒီအဘွားကြီးရဲ့အခြေအနေက

ဒီလိုတွေ ဖြစ်နေတယ်ဆိုတော့ ယွမ်နှစ်ထောင်တည်းနဲ့

သေချာပေါက် လောက်မှာ မဟုတ်တော့ဘူး... မင်းတို့

အချင်းချင်း ညှိနှိုင်းကြည့်ကြပါလား....."

" ဘာမှ ညှိနှိုင်းစရာ အကြောင်း မရှိဘူး....ခုနတုန်းက

ကျုပ် ယွမ်တစ်သိန်းလို့ ပြောတာ မှားသွားတယ်...

တကယ်လို့ ယွမ်သုံးသိန်းမှ မပေးဘူးဆိုရင်တော့

ဒီကိစ္စကို အေးဆေး ကျေအေးပေးလိုက်လိမ့်လို့

မထင်နဲ့....."

"အမှန်တော့ သူ စစ်ဆေးတာ မှားနေတာ… နင့်အမေက အကောင်းအတိုင်းကြီးပဲ… ဘာမှ မဖြစ်ဘူး…."လီချူးဟန် ပြောလိုက်ပြီး "အမှန်အတိုင်း ပြောရရင် ငါ ခုနတုန်းကတော့ နင်တို့ကို သဒ္ဒါကြေးလေး ပေးလိုက်မလို့ပဲ…. ခုတော့ တစ်ပြားတစ်ချပ်တောင် ယူဖို့ စိတ်မကူးနဲ့တော့…."

"မင်း ဘာမဟုတ်တာတွေ လာပြောနေတာလဲ… ဒီလူငယ်လေးက ဖူတန်တက္ကသိုလ်က ကျောင်းသားတစ်ယောက်နော်… မင်းက ဖူတန်ရဲ့ စံချိန်စံနှုန်းနဲ့ အရည်အချင်းတွေကို

သံသယဝင်နေတာလား...."လူငယ်မှ

အလျှော့မပေးချင်စွာဖြင့် မေးခွန်းထုတ်လိုက်၏။

"သံသယဝင်နေတာ မဟုတ်ဘူး.... အပြည့်အဝကို

ငြင်းဆိုနေတာ...."

လီချူးဟန်၏ တည်ငြိမ်သည့်လေသံက လူတိုင်းကို

စိတ်ရှုပ်ထွေးသွားစေခဲ့သည်။

'တစ်ဖက်ရဲ့ပညာရည် အဆင့်အတန်းက ရှင်းနေပြီလေ..

ဒါတောင်မှ ဒီအမျိုးသမီးက တကယ်ကြီး

ငြင်းဆန်နေတယ်တဲ့လား... တကယ်လို့

ပိုက်ဆံမပေးချင်ဘူးဆိုရင်တောင်မှ

သင့်တင့်လျောက်ပတ်တဲ့ အကြောင်းပြချက်လေးတော့

ပေးရမယ်လေ....ဟုတ်တယ်မလား....'

"မိန်းကလေး...မင်း ဒီပြဿနာကို တိုက်ရိုက်

ဖြေရှင်းတာကောင်းမယ်နော...ရှောင်ပြေးတာက

ကောင်းမွန်တဲ့ ဖြေရှင်းနည်း မဟုတ်ဘူး...."

"ကျွန်မက ရှောင်ပြေးနေတာ

မဟုတ်ဘူး....မဟုတ်တာကို မဟုတ်ကြောင်း

ပြောပြနေတာ....."

"ဒါပေမယ့် မိန်းကလေးရဲ့ ပုံစံက ဆေးပညာအကြောင်း သိတဲ့ပုံစံလည်း မပေါ်ပါလား...ဒီလိုပုံစံနဲ့ ဖူတန်ဆေးရုံနက ကျောင်းသားတစ်ယောက်ရဲ့ စကားကို ငြင်းဆန်နေတာက ရယ်စရာကောင်းတယ်လို့ မထင်ဘူးလား....."

လီချူးဟန် သူမဖုန်းကို ထုတ်လိုက်ပြီး သူမ၏ အလုပ်လုပ်သည့် ကတ်ပြား ဓာတ်ပုံကို တွေ့သွားပြီး လူတိုင်းဘက်သို့ လှည့်ကာ "ကျွန်မက ဖူတန်တက္ကသိုလ်နဲ့ ပေါင်းစည်းထားတဲ့

ဟွာရှန်းဆေးရုံက နှလုံးအထူးကု ဌာနရဲ့

ဒါရိုက်တာပဲ...ဘေးက ကျွန်မရဲ့လုပ်ဖော်ကိုင်ဘက်

လက်ထောက်ဒါရိုက်တာ....ခုကော ကျွန်မတို့

နှစ်ယောက်မှာ သူ့ရဲ့အကဲဖြတ်မှုကို ငြင်းဆန်ပိုင်ခွင့်

ရှိသေးတယ်လို့ထင်လား....."

"ဟင်...သူ...သူတို့က တကယ်ကြီး ဟွာရှန်း

ဆေးရုံကတဲ့လား...."

လီချူးဟန်နှင့် လင်းရီ ဘယ်သူလဲဆိုတာကို

သိသွားကြတော့ ဝိုင်းအုံနေကြသည့် လူအုပ်ကြီးမှာ

အံ့သြဘနန်း ဖြစ်သွားကုန်ကြသည်။

သူတို့နှစ်ယောက်လုံးမှာ အထင်ကြီးဖို့ကောင်းတဲ့

ပုံရိပ်တွေ ရှိနေကြတာပဲဟ....

နှစ်ယောက်လုံးက ဒါရိုက်တာတွေဆိုတော့ သူတို့ရဲ့

အရည်အချင်းက သေချာပေါက်

ကျောင်းသားတစ်ယောက်ထက် သာမှာ အမှန်ပဲ...

နောက်တစ်နည်းပြောရမယ်ဆိုရင် ဟိုကျောင်းသားရဲ့ အကဲဖြတ်မှုက အကြီးကြီး မှားနေတာပဲ ဖြစ်ရမယ်....

သူမဖုန်းကို ပြန်ထည့်လိုက်ပြီးနောက် လီချူးဟန် ချိန်ကျွင်းလုံကို ကြည့်ကာ "ရှေ့နှစ်ဝက်လောက်တုန်းက ငါ ဖူတန် ဆေးဌာနက ဘွဲ့ယူမယ့် ကျောင်းသားတွေကို လက်ချာတောင် ပေးခဲ့ဖူးတယ်... အဲ့ဒီတုန်းကတော့ သူတို့ရဲ့အရည်အသွေးလေးတွေက တကယ့်ကို မဆိုးကြပါဘူး... ခုတော့ ဒီအဆင့်ထိ နိမ့်ကျသွားလိမ့်မယ်လို့ ထင်ကို မထင်ထားတာ... နင် နောက်ကျရင်  ဘယ်နေရာရောက်ရောက်

ဖူတန်ဆေးဌာနကပါလို့ မပြောနဲ့... အဲ့တာကျောင်းကို သိက္ခာချနေတာနဲ့ အတူတူပဲ... ""လီချူးဟန် ပြတ်သားသည့် လေသံဖြင့် ပြောဆိုလိုက်၏။

ချိန်ကျွင်းလုံ၏ အမူအရာမှာ ခါးသီးသွားလေသည်။ သူ လိုက်သဝေထိုးနေစဉ် တကယ့်ဆရာကြီးနှစ်ပါးနှင့် ဆုံတွေ့ရလိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

ငါ့ကံကိုကပဲ တကယ်ကြီး ဆိုးရွားနေတာလားဟ....

လင်းရီနှင့် လီချူးဟန်တို့၏ အထောက်အထားများကို သိရှိသွားပြီးနောက် ရဲအရာရှိ၏ အမူအရာမှာ

စောနကထက် ယဉ်ကျေးသွားခဲ့ပြီး "ဒါရိုက်တာလီ... အဲ့ဒါဆို ဒီအဘွားကြီးက တကယ်ပဲ ဘာမှမဖြစ်ဘူးလား...."

"ကျွန်မ သေချာပေါက်....."

"မဟုတ်သေးဘူး...."

လီချူးဟန် စကားမဆုံးခင် လင်းရီ ဘေးမှ ကြားဖြတ်ပြောဆိုလိုက်သည်။

လီချူးဟန်၏ လှပသည့် မျက်ဝန်းများထဲတွင် မေးခွန်း

သင်္ကေတများဖြစ်သွားခဲ့ပြီး ဘာဖြစ်နေလဲဆိုတာကို

အကြည့်တို့ဖြင့် မေးမြန်းနေလေသည်။

"ကျုပ်တို့နှစ်ယောက် စောန ပြောလိုက်တာက ဒီတိုင်း

မြင်တာကို ဆုံးဖြတ်ပြီး ပြောလိုက်တာ.. ပိုပြီး

တိကျသွားအောင် ခန္ဓာကိုယ်ကို အရင်ဆုံး

စစ်ဆေးရဦးမယ်.... "

လင်းရှီ ကိုယ်ကိုကိုင်းညွတ်လိုက်ပြီး အဘွားကြီး၏

ခြေထောက်ကို စမ်းသပ်လိုက်၏။

ခဏကြာသော် "မကောင်းတော့ဘူး...."

"ဒါရိုက်တာလေး....ဘာလဲ မကောင်းတော့တာ..."

လင်းရီ မေးစေ့ကုတ်လိုက်ပြီး "ဒီအဘွားကြီးရဲ့ ခြေထောက်နှစ်ဖက်က ထိခိုက်မှုကြောင့် တစစီ ဖြစ်သွားခဲ့ပြီ... ဖြတ်တောက်ဖို့အတွက် ခုချက်ချင်း ဆေးရုံပို့မှ ဖြစ်တော့မှာ...."

"ဟမ်...အဲ့လောက်တောင် ပြင်းထန်တယ်လား...."

လင်းရီ၏ အထောက်အထားကို သိရှိပြီးနောက် လူတိုင်း

သူ၏ စကားလုံးများကို သံသယ မရှိ

ယုံကြည်သွားကြသည်။

သို့သော်လည်း ထိခိုက်မှုမှာ ထိုမျှ ပြင်းထန်လိမ့်မည်လို့

မည်သူမျှ ထင်မထားကြချေ။

"အရမ်းကို ပြင်းထန်တာ.. ကျုပ်တို့ ပေါင်ရင်းကနေကို

ဖြတ်တောက်ခါမှ တော်ရာကျလိမ့်မယ်... ဒါမှလည်း

အဘွားကြီးရဲ့ အသက်ရှင်ဖို့ အခွင့်အလမ်းများမှာ..

မဟုတ်လို့ကတော့ သူ့ကံကြမ္မာကို ဘုရားလက်ထဲသာ

ပုံအပ်လိုက်တော့...."

ပေါင်ရင်းကနေ ဖြတ်တောက်ရမယ်....

အဲ့တာဆို အောက်ပိုင်းတစ်ခုလုံး

ဘာသုံးစားလို့ရတော့မှာတုန်း....

"ဒါရိုက်တာလေး...လာနောက်မနေစမ်းပါနဲ့...

ကြည့်ရသလောက်တော့ အဲ့လောက်ကြီး ပြင်းထန်နေတဲ့

ပုံလည်း မပေါ်ပါလားဗျ.."ရဲအရာရှိမှ ပြောလိုက်ပြီး

"ဒါပေမယ့် တကယ်ကြီး ဖြတ်တောက်မှ ရမှာလား...."

"ဒါပေါ့... ခု အဘွားကြီးရဲ့ အခြေအနေကိုလည်း

ကြည့်လိုက်ဦး... ရွှေတောင် မရွှေ့နိုင်တော့ဘူး...

တကယ်လို့ မဖြတ်တောက်ဘူးဆိုရင် ခန္ဓာကိုယ်ထဲက

မရီဒန်တွေ အကုန်လုံး သေကုန်မှာ.. အဲ့ခါကျရင်

အကျိုးဆက်တွေက ပိုပြီးတော့

ဆိုးရွားသွားနိုင်တယ်...."

ရဲအရာရှိ နှစ်ဦးစလုံး မြေပြင်ပေါ် ရှိ အဘွားအိုကြီးကို

ကြည့်ကာ "အဘွားကြီး ခင်များ

လမ်းမလျှောက်နိုင်ဘူးမလား... ကျုပ်တို့ ၁၂၀ ကို

ခေါ် ပြီးတော့ ဆေးရုံလိုက်ပို့ပေးမယ်... ဒါပေမယ့် မပူနဲ့.. ဖြတ်တောက်ခတွေလည်း ခင်များ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး... သူတို့ ဘက်က အကုန် တာဝန်ယူပေးလိမ့်မယ်......."

အမယ်အိုကြီးနှင့် လူရွယ်လေးတို့ နှစ်ယောက်လုံး ကြက်သေသေသွားကြ၏။

'မင်းတို့ ဆေးဖိုးမပေးချင်ရင်တောင် ခြေထောက် ဖြတ်လို့ မရဘူးလေ... '

"မ... မလိုတော့ဘူး.. ရပြီ ...."

လူရွယ်လေးမှ သူ၏ အမေကို ဖေးမလိုက်ပြီး "ကြည့်လိုက်....ကျုပ် အမေရဲ့ခြေထောက်တွေက အကောင်းကြီး ရှိသေးတယ်... ဘာမှ ခေါ်စရာ မလိုတော့ဘူး...."

"အဆင်ပြေတယ်ဆိုတာ သေချာရဲ့လား..."

"အင်း.. ခုတော့ တကယ်ကြီး အဆင်ပြေနေတာပဲ... သူတို့ မတိုက်မိလိုက်ဘူးထင်တယ်.. ကျုပ်အမေက လဲကျသွားတာနေမှာ... ထားပါတော့.... လူကြီးတွေက မှတ်ဉာဏ်အားတွေက နည်းလာပြီလေ.. ဒါကြောင့်မို့

သူ့ကို တိုက်လိုက်တယ်

ထင်သွားတာနေမှာ.......ကျုပ်လည်း

အမေ့ဇာနဲ့ဆိုတော့ နည်းနည်းလေး

စိတ်လောသွားတယ်....."

“ မင်းက အဆင်ပြေတယ်ဆိုမှတော့ ပြေတယ်ပဲ

ထားလိုက်ကြတာပေါ့ကွာ…”

“ ဟုတ်တယ် ဟုတ်တယ်… တခြားဘာမှ

မကျန်တော့ဘူးဆိုရင် ကျုပ်တို့ကို ခွင့်ပြုပါဦး…”

သားအမိနှစ်ယောက်မှာ အတော်လေး ထိတ်လန့်နေပြီး

နဖူးထက်တွင်ပင် ချွေးအေးတို့ စို့နေလေသည်။

စိတ်ပျက်အားငယ်စွာဖြင့် ထိုနေရာမှ

ထွက်သွားတော့မည့် အချိန်တွင် ရုတ်တရက် လင်းရီ၏

အသံကို ကြားလိုက်ရ၏။

"ဟေ့လူတွေ... ဒီမှာ

မပြီးသေးဘူးလေ... ထွက်သွားတော့မလို့လား....."

လူရှယ်မှာ လင်းရီကို ဘောက်ဆတ်ဆတ်ကြည့်လိုက်ပြီး

“ မင်းတို့ဘက်က ပိုက်ဆံပေးစရာမလိုတော့တာကို

ဘာဆက်ဖြစ်ချင်နေသေးတာ...”

“ ဒါရိုက်တာလီနဲ့ ငါက ခုလေးတင် မင်းအမေကို

စစ်ဆေးပေးလိုက်ရတယ် ဆိုတော့ နာမည်စာရင်းသွင်းခ

ပေးသင့်တယ်လို့ မထင်ဘူးလား....”

“ စာရင်းသွင်းခ....”

လူရှုယ်မှာ အံ့အားသင့်သွားခဲ့ပြီး

‘ ဘာစာရင်းသွင်းခတုန်းဟ… ငါတို့ ဘယ်တုန်းက

စာရင်းသွင်းလိုက်မိလို့လဲ….’

“ ဘာလဲ… မင်းတို့ ဆေးရုံမှာ ဆေးပြချင်ရင်

နာမည်စာရင်း မပေးရဘူးလား… ဒါရိုက်တာလီနဲ့

ဆေးပြဖို့ ဘယ်လောက်တောင် ခက်ခဲလဲဆိုတာ

မင်းတို့သိလား…. ခုချိန် ဆေးပြချင်ရင်

နောက်အပတ်လောက်ထိစောင့်ရမှာ… ခု မင်းအမေကို

ဒီမှာ စစ်ဆေးပေးလိုက်တယ်ဆိုတော့ ဆေးစစ်ခ

ပေးရမှာ သဘာဝပဲလေ…."

လူရှုယ်မှာ ဆွံ့အသွားခဲ့တော့၏။

‘ဘာတုန်းကွ.... မင်း လူလိမ်နား

ငွေပြန်လာညစ်နေတာလား....ချီးပဲ......’

“ အရာရှိကြီး... ဒီလူတွေကြည့်ရတာ ဆေးစစ်ခ

မပေးဘဲနဲ့ ထွက်ပြေးချင်နေတယ်နဲ့တူတယ်....

အဲ့လိုလုပ်တာက တရားမဝင်ဘူးမလား...”

“ ဒါပေါ့... လုံးဝ တရားမဝင်ဘူး...”

ရဲအရာရှိ နှစ်ဦးလည်း ထိုသားအမိမှာ

လူလိမ်များဖြစ်ကြောင်း သိနေသောကြောင့် လင်းရီနှင့်

ပူးပေါင်းဆောင်ရွက်ပေးလိုက်၏။

“ ရဲအရာရှိတောင် ဒီလိုပြောနေပြီဆိုတော့ မင်းတို့

မပေးချင်လည်း စခန်းကို တစ်ပတ်လောက်

အလည်သွားလိုက်ကြပေါ့ကွာ....

ဟုတ်တယ်မလား.....”

“ မ မဟုတ်တာ... ကျုပ်တို့ပေးမှာပါ...

ဘယ်လောက်လဲ... ခုပေးလိုက်မယ်...”

“ မများပါဘူး… ငါ့နား စာရင်းသွင်းခက ၈၄ယွမ်…

ဒါရိုက်တာလီနားက ၁၄၆ယွမ်… စုစုပေါင်း ယွမ် 230

လေးတည်းပါ….ဝီချက်ပေးလား အာလီပေးလား…”

“ ဘာကွ….မင်းငါ့ကို လာနောက်နေတာလား….”

လူရှယ်မှာ ဆက်လက်သည်းမခံနိုင်တော့ပဲ

ပေါက်ကွဲလာပြီး လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ

အော်ဟစ်လိုက်၏ “ ဝီချက်ပေး….”

အခန်း (၄၈၇)

အမေရော သမီးပါ စားမလို့များလား

“ အဲ့လိုလုပ်စမ်းပါ…..” လင်းရှီ ပြုံးလိုက်ပြီး

သူ၏ဖုန်းကို ထုတ်ကာ “ ကျူအာကုတ်ကို

စကန်ဖတ်လိုက်….”

လင်းရှီ၏ ကျူအာကုတ်ကို စကန်ဖတ်ပြီးနောက်

သားအမိနှစ်ယောက်လုံး ဒေါသတထောင်းထောင်းဖြင့်

ထွက်ခွာသွားကြလေသည်။

နံနက်ခင်းတုန်းက သူတို့ သားအမိနှစ်ယောက်

အသက်ကို စွန့်စား၍ ယွမ်နှစ်ရာ ရလာခဲ့ပြီး

နေ့လည်ခင်းတွင် နောက်တစ်ကြိမ် အချိုကြီး

ထပ်ဖမ်းမည်ဟု ကြံစည်ထားသော်လည်း

တစ်ပြားတစ်ချပ်မှ မရလိုက်သည့်အပြင်

သူတို့အိတ်ထဲမှ ယွမ်သုံးဆယ်ပင်

စိုက်ပေးလိုက်ရသေး၏။

“ ဒီကျောင်းသားကိုကော ဘယ်လိုလုပ်ကြမလဲ…”

လင်းရီ ချိန်ကျွင်းလုံကို ကြည့်၍ ပြောလိုက်သည်။

“ သူတို့ ကျောင်းအုပ်ကြီးလက်ထဲပဲ အပ်လိုက်မယ်.. ဘယ်လို ကိုင်တွယ်မလဲဆိုတာကတော့ ကျောင်းကိုပဲ ဆုံးဖြတ်ပါလေ့စေ.... “

“ ကောင်းပြီလေ...”

ထို့နောက် နှစ်ယောက်သား ချိန်ကျွင်းလုံကို လျစ်လျူရှု၍ ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။ သို့သော်လည်း အနာဂတ်တွင်တော့ သူ၏ ကျောင်းနေဘဝမှာ လွယ်ကူလိမ့်မည် မဟုတ်ကြောင်း လင်းရီ သေချာနေတော့၏။

လီချူးဟန်၏ အေးစက်သည့် အကျင့်စရိုက်နှင့်ဆိုပါက

သူမတို့ နောက်တစ်ကြိမ်ထပ်တွေ့လျှင်တောင်

ယခုကိစ္စကို အစဖော်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း နေ့ခင်းကြောင်တောင် လင်းရီကို

သူမရှေ့တွင် စော်ကားပြောဆိုနေသည်ကိုတော့

သူမလုံးဝ သည်းမခံနိုင်ပေ။

လမ်းတွင် လင်းရီ

နာရီကိုတစ်ချက်ကြည့်လိုက်သောအခါ

သုံးနာရီကျော်နေပြီ ဖြစ်ကြောင်း သတိထားမိသွားပြီး

“ ငါ့ကို ကျိုကျုံး အဆောက်အဦးဆီပဲ

ပြန်ပို့ပေးလိုက်တော့…”

“နင် ဆေးရုံကို ပြန်မသွားတော့ဘူးလား….”

“ ဟို သောက်ရူးသားအမိကြောင့်မို့

အချိန်တော်တော်များ ပေးလိုက်ရတယ်လေ… သွားလို့

မမှီတော့ဘူး…. “ လင်းရီ ပြောလိုက်ပြီး “ မင်း

ငါ့ကားကို ပြန်မောင်းသွားလို့ရတယ်…”

“ အဲ့တာဆို ငါနင့်ကို မနက်ဖြန် လာကြိုပေးရမလား…”

“ မလိုဘူး… ငါ့မှာ တခြားကားတွေလည်း

ရှိနေသေးတာပဲလေ… ဒုက္ခခံပြီး လာကြိုမနေနဲ့….”

“ အင်း….. ပြီးတာပါပဲ….”

လင်းရီကို ကျိုကျုံး အဆောက်အဦးထံ

လိုက်ပို့ပေးပြီးနောက် လီချူးဟန်

ပြန်လည်ထွက်ခွာသွားခဲ့သည်။

လင်းရီကတော့ လီချူးဟန် ဝယ်ပေးထားသည့်

အကျီနှစ်စုံထဲမှ တစ်စုံကိုကောက်ဝတ်ကာ လျှန်ရှူရှယ်၏

နေရာသို့ မောင်းနှင်လိုက်လေသည်။

မွန်းလွဲလေးနာရီအတိတွင် လင်းရီ၏ ဖုန်းမှာ

တုန်ခါလာပြီး ခေါ်ဆိုလာသူကတော့ လျန်ရူရွှယ်ပင်။

“ နင် Rolls-Royce နဲ့ လာခဲ့တာလား….”

“ ဒါပေါ့…. အလှလေးလျန်ကို လာကြိုမှတော့ ပိုပြီး

အဆင့်အတန်းမြင့်မြင့် ရှိရမယ်မလား…”

“နင် မြန်မြန် ထွက်သွားလိုက်တော့….. “ လျန်ရူရွှယ်

စိတ်သောကရောက်စွာဖြင့်ပြောလိုက်ပြီး “ တကယ်လို့

ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေသာ မြင်သွားခဲ့ရင်

ဘယ်လိုတွေ ပြောလိုက်ကြမလဲ…”

“ ပြောတော့ကော ဘာဖြစ်လဲ…. မြို့တော်ဝန်လျှန်က

ဥစ္စာပေါရုပ်ချော သူဌေးသားလေးကို

ရှာလို့မရဘူးလား… ငါက အရမ်းကြီး

ထူးချွန်နေပြီးတော့ မင်းက ငါနဲ့

မထိုက်တန်ဘူးဆိုရင်တောင် ကြိုးစားနေသရွေ့တော့

ငါ့ဘေးနား ရပ်နေနိုင်မှာပါလေ….”

“ ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့စမ်း…
အဲ့ထက် ဝေးဝေးမောင်းသွား …. ဝင်ပေါက်ဝကြီးမှာ
ပိတ်ရပ်မနေနဲ့…”

လင်းရီ ဘာမျှ ပြန်မပြောပဲ ဖုန်းချလိုက်၏။
သူလျှန်ရှုရွှယ်ကို ပြတင်းပေါက်မှ မြင်နေရပြီး ကားထဲမှ
ထွက်လိုက်လေသည်။

တစ်ချိန်တည်းတွင် Audi A8 တစ်စီးမှာ လင်းရီကားနှင့်
မီတာနှစ်ဆယ်ခန့်အကွာတွင် ပါကင်ထိုးလိုက်ပြီး
ဒရိုင်ဘာထိုင်ခုံတွင်တော့ ဂါဝန်ရှည်နှင့် နေရာမျက်မှန်

အညိုရောင် ဝတ်ဆင်ထားသည့် ခေတ်ဆန်ဆန်
အမျိုးသမီးတစ်ဦး ထိုင်နေလေသည်။

သူမခေါင်းကို အနည်းငယ် တိမ်းစောင်းပြီး အပြင်သို့
ကြည့်လိုက်သောအခါ တစ်စုံတစ်ယောက်မှ
နေကာမျက်မှန်အောက်ရှိ ဗာဒံစေ့ကဲ့သို့ လှပသည့်
မျက်ဝန်းတစ်စုံကို မြင်တွေ့နိုင်လေသည်။

ထိုသူကတော့ ရှန်းရှူးရီပင်။

ကားထဲမှ ထွက်လာပြီးနောက် လင်းရီ လျှန်ရှူရှယ်ကို

တည့်တည့်ကြီးလိုက်ပြီး သူမကို

လက်ဝှေ့ယမ်းပြလိုက်၏။

"ကိုယ့်ချစ်လေး လာခဲ့တော့လေ... ဒီည

ကိုယ်တို့နှစ်ယောက် ဖယောင်းတိုင်မီးနဲ့

ရိုမန်တစ်ညစာစားပွဲလေး ပြင်ထားပြီးသား..."

လင်းရီ အော်ဟစ်လက်ပြနေသည်ကို မြင်တော့

လျှန်ရှူရှယ် ရှက်ရွံ့ကြီးစွာဖြင့် အဆုတ်ထဲသို့

လေအေးတစ်ရှိုက် ရှူသွင်းလိုက်ရတော့၏။

သူမ လက်ဆွဲအိတ်ကို အလျှင်အမြန်ယူပြီး မျက်နှာကို လျှပ်တပြက် ကာထားလိုက်သည်။ သူမ မျက်နှာ ပူစပ်ပူလောင် ဖြစ်နေပြီး မည်သူနှင့်မျှ မျက်နှာခြင်း မဆိုင်ဝံ့ဖြစ်နေလေသည်။

ရှက်စရာကောင်းလိုက်တာ......

"ရှောင်လျန်... ငါနင့်ကို တစ်ယောက်ယောက်နဲ့ မိတ်ဆက်ပေးပါမယ်လို့ ပြောတုန်းက နင် တုတ်တုတ်မှ မလှုပ်တာ မထူးဆန်းတော့ပါဘူး.. လက်စသတ်တော့ နင့်စိတ်ထဲမှာ တစ်စုံတစ်ယောက်က ရှိနေပြီးသားကိုး...

ဒီရဲ့ လူငယ်လေးကလည်း မဆိုးပါဘူးလေ... နင်က မြင်တတ်သားပဲ...."

"အတွင်းရေးမှူးဟန်... ကျွန်မကို လာစမနေနဲ့ .. ကျွန်မကဖြင့် သူ့ကို သိတောင်မသိဘူး... ကြည့်ရတာ စိတ်ဝေဒနာရှင်လေးနဲ့တူတယ်... သူဦးနှောက်က ပုံမှန် မဟုတ်လောက်ဘူး... "

"အဲ့လိုလား... ဘယ်မိသားစုရဲ့ စိတ်ဝေဒနာရှင်ကများ ဒီအထိလာပြီး အော်ဟစ်နေလဲဆိုတာ သိချင်လိုက်တာနော်... "အတွင်းရေးမှူးဟန်မှ

အပြုံးလေးဖြင့် ပြောလိုက်ပြီး "အမျိုးသားနဲ့ အမျိုးသမီး ခန္ဓာကိုယ်ချင်း စပ်ယှက်တယ်ဆိုတာက ပုံမှန်ပဲလေ... ဘာမှ ဆန်းကြယ်နေတာ မဟုတ်ဘူး.. အဲ့တာကို ဘာလို့ ဒီလောက် အရှက်တွေ သည်းနေရတာ... "

လျှန်ရှုရှယ်ကတော့ ရှက်ရွံ့စွာဖြင့် ခြေထောက် ဆောင့်အောင့်ပြီး လင်းရီဘေးသို့ ရောက်လာခဲ့လေသည်။ ထို့နောက် အလိုအလျောက် ခါးကြောဆွဲလိမ်လိုက်သည်။

"နင် ငါ့ကို လူကြားထဲ အရှက်ရအောင် လုပ်နေတာလား... ဘာလို့ ဒီကားကြီး မောင်းလာခဲ့တာ..."

ယင်းက ကိုးမီလီယမ်ကျော် တန်ကြေးရှိသည့် Rolls Royce ဖြစ်၏။ အကယ်၍ အခြားသူများ မြင်သွားခဲ့လျှင် မည်သို့ ပြောကြလိမ့်မည်နည်း။

"အလှလေးလျှန်က ငါ့ကို အပြင်ထွက်ဖို့ ချိန်းတယ်ဆိုမှတော့ ကားအစုတ်ကြီး မောင်းလာခဲ့လို့ ဘယ်ဖြစ်မှာ..."

"သွား သွား ...လူတွေ သိပ်မများခင် ကားထဲဝင်..."

လျှန်ရှူရှယ် ရှက်ရွံ့ဒေါသတို့ ရောပြွမ်းနေပြီး လင်းရီကို ကားထဲသို့ အတင်းထိုးထည့်လိုက်သည်။ သူမ ဤနေရာမှ တတ်နိုင်သလောက် မြန်မြန် ထွက်သွားချင်နေလေသည်။

'ဟွန်း... ဘယ်လောက်တောင် ရှက်ဖို့ ကောင်းလိုက်လဲ...'

"အေးပါ အေးပါ.. ငါ ဒီနေ့ မင်းပြောသမျှ

နားထောင်ပါ့မယ်..... စိတ်လျှော့စိတ်လျှော့..."

"နင်က နားထောင်သင့်တဲ့ အချိန်ကျ နားမထောင်ဘူး...

နားမထောင်ရမယ့်အချိန်ကျတော့ အရမ်း

နားထောင်တယ်.. မြန်မြန် ကားပေါ်တက်..."

ကလင် ကလင် ကလင်....

လျှန်ရှူရှယ် ကားထဲ ဝင်တော့မည့် အချိန်တွင်

သူမအိတ်ထဲရှိ ဖုန်းသံ မြည်လာလေသည်။

"မေမေ..."လျှန်ရူရှယ် အနည်းငယ် ကြောင်အသွား၏။

'ခါတိုင်း ဒီချိန် ဖုန်းဆက်လေ့မရှိပါဘူး.....'

"မီလိ... နင်ခု ဘာလဲလုပ်နေတာ...."

လျှန်ရူရှယ် တခဏမျှ တုံ့ဆိုင်းသွားပြီးနောက်

"ခုလေးတင် အစည်းအဝေးပြီးသွားလို့

စာရွက်စာတမ်းတွေ ကြည့်နေတာလေ...."

"ဟုတ်လို့လား...."

"ဟုတ်တာပေါ့... သမီး အမေ့ကို ဘယ်တုန်းက

လိမ်ဖူးလို့လဲ... "လျန်ရူရှယ် အပြုံးလေးဖြင့်

ပြောလိုက်သည်။

"အဲ့တာဆို နောက်ကို လှည့်ကြည့်လိုက်...

နင့်အနောက်မှာ Audi A8 တစ်စီးရှိတယ်... "

ဘွန်း ဘွန်း ဘွန်း...

လျန်ရူရှယ် အံ့အားသင့်သွားခဲ့၏။

သူမ နောက်လှည့်ကြည့်လိုက်သောအခါ Audi A8 ၏ ဒရိုင်ဘာနေရာ၌ ထိုင်နေသူမှာ သူမအမေဖြစ်ကြောင်း အံ့အားသင့်စွာ မြင်တွေ့လိုက်ရလေသည်။

"ဘာလဲလုပ်နေတာ...မင်း သွားမှာလား မသွားဘူးလား...."လင်းရီ ပြောလိုက်၏။

"ငါတို့ သွားလို့မရတော့ဘူး..."

"ဘာလို့ မရမှာ... မင်း အန်တီက ရုတ်တရက်ကြီး ရောက်ချလာလို့လား...."

"ဟုတ်ဘူး... ငါ့အမေ မပြောမဆိုနဲ့ ရောက်ချလာလို့..."

"ငါ‌ငိုးပဲ...."

လျန်ရူရှယ်၏ အကြည့်နောက်

လိုက်ကြည့်လိုက်သောအခါ လင်းရီ သူ့ကားနောက်ရှိ

Audi ထဲတွင် ဆွဲဆောင်မှုရှိသည့် အမျိုးသမီးတစ်ဦး

ထိုင်နေကြောင်း မြင်တွေ့လိုက်ရလေသည်။

ရှန်းရှူးရီမှာ သူမ၏ နေကာမျက်မှန်ကို ချွတ်ပြီး ဖြစ်၏။

လျန်ရူရှယ်ကဲ့သို့ လှပသည့် ဗာဒံစေ့ပုံစံ မျက်လုံးအစုံကို

မြင်သောအခါ လင်းရီ သူမ အမေဖြစ်ကြောင်း ချပ်ချင်း

သေချာသွားတော့သည်။

"ဘာတွေ ငိုင်နေတာ... ကားတံခါးလာဖွင့်လေ..."

လင်းရီ ပြုံးဖြီးဖြီးဖြင့် ရောက်လာခဲ့ပြီး ရှန်းရှူးရီ၏

ကားတံခါးကို ဖွင့်ပေးလိုက်၏။

" အန်တီ မင်္ဂလာပါဗျ... "လင်းရီ ပြုံးလိုက်ပြီး

"ကျွန်တော် အန်တီကို မြင်လိုက်ကတည်းကရင် ရှူရှယ်ရဲ့

အမေဆိုတာ ချက်ချင်း ပြောနိုင်တယ်.... "

"ဟုတ်လား...."

ရှန်းရှုးရီ အပြုံးလေးဖြင့် တုံ့ပြန်လိုက်သည်။

သို့သော်လည်း လင်းရီ သူမကို

တံခါးလာဖွင့်ပေးလိမ့်မည်လို့ ထင်မထားသောကြောင့်

သူမ အနည်းငယ် အံ့အားသင့်သွားခဲ့လေသည်။

ကောင်လေးက သွက်လက်ချက်ချာသားပဲ.....

"ဒါပေါ့ဗျ..."လင်းရီ ပြောလိုက်ပြီး "အန်တီက ရှုရှယ်နဲ့

ရုပ်ချင်းဆင်ပေမယ့် အသွင်အပြင်နဲ့

စိတ်နေသဘောထားပိုင်းမှာတော့ ရှုရှယ်က

အန်တီ့ထက်ကို နည်းနည်းလေး လိုနေသေးတယ်... "

လျှန်ရှုရှယ် "?????"

'ဒီအကောင် မျက်တောင်တစ်ချက်မခတ်ပဲ

အလိမ်အညာတွေ လျှောက်ပြောနေပြန်ပြီ....'

'ခုနတုန်းကပဲ ငါတို့နှစ်ယောက်ကို

ရုပ်ချင်းဆင်တယ်ပြောပြီး ခုကျတော့ ငါ့ရဲ့

ရုပ်ဆင်းအင်္ဂါက ငါ့အမေထက် နည်းနည်းလေး

လိုနေသေးတယ်တဲ့လား....'

'ငါ့အမေက အဲ့လောက်ထိ အရှုံးလုပ်ရလွယ်မယ်လို့များ

နင်ထင်နေတာလား ကောင်အစုတ်ပလုတ်ရဲ့....'

"တကယ်တမ်းကျတော့ ငါလည်း အဲ့လိုထင်တာပဲ...

အဲ့တာကို မီလိလေးက လက်မခံနိုင်ဘူး

ဖြစ်နေတာလေ..."

လျှန်ရှုရွှယ် ဆွံ့အသွားခဲ့ရသည်။

"မင်းအဲ့မှာ ဘာရပ်လုပ်နေတာ... ဒီလာလေ...."

လင်းရီ လျှန်ရှုရွှယ်ကို ပြောလိုက်ပြီး

"ငါက အန်တီနဲ့ စကားပြောနေတာနော်... ငါ့အမေကို ချွေးမလောင်း မိတ်ဆက်ပေးနေတာ မဟုတ်ဘူး... ဘာလို့ အဲ့မှာ ရှက်ကြောက်နေတဲ့ ချွေးမလောင်းလေးလို လုပ်နေတာ...."

လျှန်ရှူရှယ် တုံ့ဆိုင်းစွာဖြင့် ဖြည်းဖြည်းချင်း လျှောက်လာခဲ့၏။ သူမ၏ မျက်နှာကတော့ ခရမ်းချဉ်သီးကဲ့သို့ နီရဲနေလေသည်။

"မေမေက ကျိုးဟိုင်ကို ဘာလဲလာလုပ်တာ..."

"ကျိုးဟိုင်မှာ အစည်းအဝေး လာတက်ရင်းနဲ့ နင့်ကို စပရိုက် လုပ်မလို့လေ... မထင်ထားဘူး... စပရိုက်လုပ်ခံလိုက်ရတဲ့ သူက ငါဖြစ်နေလိမ့်မယ်လို့... "

ရှန်းရှူးရီ၏ လှုပ်ရှားမှု တစ်ခုချင်းစီတိုင်းကို လင်းရှီ သေချာ အကဲခတ်ကြည့်သောအခါ ဂုဏ်သိမ်သြဇာကြီးမားပြီး ချမ်းသာသည့် အမျိုးသမီးက ဘာကို ခေါ်လဲဆိုတာကို နားလည်သွားရလေသည်။

"အမေ အထင် မလွဲနဲ့နော်... အမေထင်နေသလိုမျိုး မဟုတ်ဘူး... သမီးတို့နှစ်ယောက်က

သွားစရာလေးရှိလို့ ... အဲ့တာကြောင့် သူသမီးကို လာကြိုတာ... ဒီလို လာကြိုပေးတာလည်း ခုမှ ပထမဆုံး အကြိမ်ပဲ..."

"ငါမေးလား... ဘာလို့ မမေးတာတွေ လာပြီး လျှောက်ရှင်းပြနေတာ..."ရှန်းရှူးရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "နင်တို့ နှစ်ယောက် တစ်ခုခု လုပ်စရာရှိတယ်ဆိုရင်လည်း သွားလုပ်ကြလေ.. အမေဟိုတယ်မှာ စောင့်နေလိုက်မယ်... မနက်ဖြန်ထိတော့ မပြန်သေးဘူး..."

"အွန်း.. အဲ့တာဆို သမီးတို့ သွားစရာရှိတာ

အရင်သွားလိုက်မယ်....."

"ဘာကို သွားမှာ..."လင်းရီပြောလိုက်ပြီး "ဘယ်သူက

ပိုအရေးကြီးလဲဆိုတာ မင်းမသိဘူးလား...."

လင်းရီ ပြုံးလိုက်ပြီး ရှန်းရှူးရီကို ခရီးသည်ထိုင်ခုံ၌

ထိုင်ရန် ဖိတ်ခေါ်လိုက်ပြီး "အန်တီက ခုမှ

လေယာဉ်ဆင်းခဲ့တာဆိုတော့ ဘာမှ

မစားရလောက်သေးဘူးနဲ့တူတယ်... ကြိုဆိုတဲ့အနေနဲ့

ကျွန်တော် ထမင်းတစ်နပ်လောက်

လိုက်ကျွေးပါရစေဗျ.... "

ရှန်းရှူးရီ ပြုံးလိုက်မိ၏။

ဒီကောင်လေးက မီလိလေးနဲ့ အရမ်းနီးကပ်နေတာ

အံ့ဩစရာတော့ မရှိတော့ပါဘူး... သူက

စကားလှလှလေးတွေ အရမ်းပြောတတ်နေတာကိုး...

ပြီးတော့ သူ့ရုပ်ရည်လေးကလည်း မဆိုးဘူး... အမေ့ရဲ့

စာမေးပွဲကို အောင်နိုင်လောက်တယ်....

"ငါ့အတွက် စိတ်မပူနဲ့.. နင်တို့ သွားစရာရှိတာပဲ

သွားကြ.... "

"အန်တီ့ထက် ပိုအရေးကြီးတာ ဘာရှိရဦးမှာ... ကျန်တဲ့

ကိစ္စတွေကို ဘေးချိတ်ထားခိုင်းလိုက်... အရင်ဆုံး

ထမင်းသွားစားကြမယ်.... "

ရှန်းရှူးရီ ပြုံးပြီး သူ့သမီးကို ကြည့်လိုက်၏။

"အဆင်ပြေမှာလား...."

"အွန်း... သမီး ဖုန်းခေါ် ပြီးတော့ မီတင်ကို

နောက်ပြန်ဆုတ်လိုက်မယ်...."

ယနေ့ အစည်းအဝေးပွဲကို ရွှေ့ဆိုင်းလိုက်ရသည်က

အကြောင်း မဟုတ်သော်လည်း လျှန်ရှုရှယ်

ယခုလိုအခိုက်အတန့်တွင် မည်သူနှင့်မျှ ရင်ဆိုင်ရန်

ရှက်ရွံ့နေလေသည်။

ယခု သူမအမေမှာ ဤအကြောင်း

သိရှိသွားသောကြောင့် မကြာမီ သူမအဖိုးနှင့်

အမေလည်း သိရှိသွားပေတော့မည်။

ဘယ်လို လုပ်ရမှန်းလဲ မသိတော့ဘူး..

အရမ်းရှက်ဖို့ ကောင်းလွန်းတယ်...

အကယ်၍ သူမ စောသိခဲ့ပါက လင်းရီကို

လာကြိုပေးရန် တောင်းဆိုလိမ့်မည် မဟုတ်ချေ။

"အန်တီ ကားပေါ်တက် .. တကယ်လို့ ဆွေးနွေးစရာ

ရှိရင်လည်း စားရင်းသောက်ရင်း

ဆွေးနွေးလို့ရတာပဲလေ... "

"အိမ်ရှင် စိတ်တိုင်းကျပဲပေါ့..."ရှန်းရှူးရီ ခေါင်းညိမ့်၍

သဘောတူလိုက်သည်။

ထို့နောက် သုံးယောက်သား ကားပေါ်တက်ပြီး

ပန်နီဆူလာ ဟိုတယ်သို့ ဦးတည်လိုက်ကြ၏။

လမ်းတွင် ရှန်းရှုးရီမှ ခရီးသည်ထိုင်ခုံတွင် ထိုင်နေပြီး

လျန်ရူရွှယ်ကျတော့ နောက်ခုံတွေ ထိုင်နေလေသည်။

ယခုလို နေရာချထားမှုကြီးက

အနည်းငယ်ထူးဆန်းသည်ဟု လင်းရီ ခံစားနေရ၏။

လောဂျစ်ကျကျ ပြောရမည်ဆိုလျှင် လျန်ရူရွှယ်၏

မိခင်မှာ နောက်ခုံ၌ ထိုင်ပြီး သူမကတော့

ခရီးသည်ထိုင်ခုံတွင် ထိုင်သင့်လေသည်။

မောင်းနေစဉ်အတွင်း လင်းရိ ရှန်းရှူးရီနှင့် စကားပြောသည့် အပြင် ဝမ်ထျန်းလုံကိုလည်း အရေးကြီး ဧည့်သည်များအတွက် စားပွဲတစ်လုံး ကြိုပြင်ထားရန် မှာကြားထားလိုက်၏။

ဟိုတယ်သို့ ရောက်သောအခါ ဟိုတယ် ဝန်ထမ်းများမှ ဘေးနှစ်ဖက်တွင် အညီအညာ တန်းစီနေပြီး အလယ်တွင်တော့ ကော်ဇောအနီရောင်ကြီးကို ခင်းကျင်းထား၏။

နာမည်ကျော် ဆယ်လီများ နင်းလျှောက်ကြသည့်

ကော်ဇောနီနှင့် အတူတူပင်။

'လင်းရှိ လုပ်ထားတာက နည်းနည်းလေး

အကဲမပိုလွန်းဘူးလား...'

'ငါ ဒီရောက်တုန်းကတောင်မှ ဒီလိုမျိုး မကြိုဆိုခံရဘူး...

ဒီလို ကြီးကြီးကျယ်ကျယ်တွေ လုပ်ပြီး ဘာလဲ

လုပ်မှာ...'

လင်းရီကတော့ ဝမ်ထျန်းလုံ၏ အလိုက်သိတတ်မှုကို ကျေနပ်အားရနေပြီး ရှန်းရှုးရီကို အထဲသို့ ဝင်ရန် ကြိုဆိုလိုက်လေသည်။

လျန်ရှုရှယ်အတွက်ကတော့ ဖြစ်ချင်ရာဖြစ် နောက်တွင် ချန်ထားရစ်ခဲ့လိုက်၏။

သုံးယောက်လုံး ဟိုတယ်ထဲသို့ ဝင်သွားသည်ကို မြင်တော့ ဝမ်ထျန်းလုံဘေးရှိ လက်ထောက် မန်နေဂျာမှာ တီးတိုးပြောလိုက်ပြီး "မန်နေဂျာဝမ်... ဘော့စ်လင်းက ဒီလိုအဆောင်အယောင်တွေနဲ့

ကြိုဆိုခိုင်းနေတယ်ဆိုတော့ ကောင်မလေး

ပိုးပန်းနေတာတော့ မဖြစ်နိုင်လောက်ဘူး...

အရေးကြီးတဲ့ ဧည့်သည်တွေကို ကြိုဆိုနေတာပဲ

ဖြစ်ရမယ်...."

"အဲ့တာတော့ မသေချာဘူး.... "

ဝမ်ထျန်းလုံ မနာလိုဖြစ်စွာ ပြောလိုက်၏။

"ဘာလို့ အဲ့လိုပြောတာ... "လက်ထောက် မန်နေဂျာမှ

ပြောလိုက်ပြီး "အဲ့ဒီ အမျိုးသမီးနှစ်ယောက်ကြားက

ပတ်သက်မှုကို ကြည့်လိုက်ရင်သေချာပေါက်

သားအမိတွေပဲ ဖြစ်ရမယ်....."

"ငါသိတယ်...  အမေရော သမီးပါ စားမလို့ကော

မဖြစ်နိုင်ဘူးလား...."

အခန်း (၄၈၈)

အန်တီ ကျွန်တော် ထိန်ချန်မထားတော့ဘူး

ဟိုတယ်ထဲသို့ ရောက်သောအခါ သုံးယောက်လုံး

စားပွဲထိုး၏ လမ်းပြဦးဆောင်မှုနောက်တွင်

သီးသန့်ခန်းထဲသို့ ရောက်ရှိလာပြီး စားပွဲပေါ်တွင်တော့

အငွေ့တထောင်းထောင်းနှင့် စားမြိန်မည့်

ဟင်းလျာများကို စားပွဲအပြည့်

ခင်းကျင်းထားလေသည်။

ရှန်းရှူးရီနှင့် လျန်ရှုရှယ်တို့ အကြည့်ချင်း

ဖလှယ်လိုက်ကြ၏။

ထိုဟင်းပွဲများအားလုံးက ရန်ကျင်းမှ နာမည်ကြီး ဟင်းလျာများပင်။

ထိုမှတစ်ဆင့် လင်းရီ အသေးစိတ်ကအစ လိုက်ဂရုစိုက်ထားကြောင်း တပ်အပ်ပြောနိုင်လေသည်။

"အမှန်အတိုင်း ပြောရရင် အန်တီက ကျိုးဟိုင်မှာ အစည်းအဝေး လာတက်ရင်းနဲ့ မီလိလေးဆီ ဝင်လာလည်တာ.. ဒါပေမယ့် နင်တို့နှစ်ယောက်ကို အတူ မြင်လိုက်ရလိမ့်မယ်လို့တောင် ထင်မထားဘူး...

ဒီနေ့တော့ ပိုက်ဆံအများကြီးကုန်အောင်

လုပ်မိသွားပြီနဲ့တူတယ်..."

"သူစိမ်းဆန်တဲ့ စကားတွေ မပြောစမ်းပါနဲ့ အန်တီရာ...

ကိုယ်ပိုင်တဲ့ စားသောက်ဆိုင်မှာ

ကိုယ့်စိတ်ကြိုက်စားလို့ရတယ်ဆိုတာ

သဘာဝပဲလေ..."လင်းရီ ပြောလိုက်ပြီး "နောက်ဆို

အန်တီ အလုပ်ကိစ္စနဲ့လာတဲ့ အချိန်တိုင်း ဒီမှာပဲတည်း...

အန်တီအတွက် အထူးသီးသန့် အခန်းတစ်ခန်း

ပြင်ထားပေးမယ်... အဲ့ဒီအခန်းကို

အန်တီတစ်ယောက်တည်း သုံးပိုင်ခွင့် ရှိတယ်.... "

"အဲ့လောက်ထိလည်း ယဉ်ကျေးနေစရာ မလိုပါဘူး...

ငါက ကျိုးဟိုင်ကို ခဏခဏ လာဖြစ်တာလည်း

မဟုတ်ဘူး... ပြီးတော့ မီလီလေးရဲ့အိမ်လည်း

ရှိတာပဲလေ... သူ့ဆီမှာ နေလို့ရတယ်...."

လျန်ရှုရွှယ် လင်းရီကို မျက်လုံးလှိမ့်လိုက်ပြီး

လျှောင်ပြောင်လိုက်၏။

နင် ကြွားတာ မအောင်မြင်တော့ဘူးမလား....

'ငါ့အမေက နှင့်စကားလုံးလေးတွေအောက်မှာ

ကျရှုံးသွားမှာ မဟုတ်ဘူး....'

"ကောင်းပြီလေ... အဲ့တာဆိုလည်း အန်တီ

သူ့အိမ်မှာနေလိုက်... ကျွန်တော်

အိမ်ပြန်အိပ်လိုက်မယ်....."

"အမ်...."

သီးသန့်ခန်းထဲရှိ လေထုမှာ အနည်းငယ်

ထူးဆန်းသွားလေသည်။ ရှန်းရှူးရီ သူမ သမီးကို

ကြည့်လိုက်ပြီး ကိစ္စများမှာ အနည်းငယ် မရိုးရှင်းဟု

ခံစားနေရ၏။

မီလိလေးက ကျိုးဟိုင်ရောက်တာ နှစ်လလောက်ပဲ

ရှိဦးမှာလေ... ဒါကို သူတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးက

ဒီအခြေအနေထိရောက်နေပြီဆိုတော့ နှစ်ယောက်က

စကတည်းကရင် သိနေကြတာများလား...

နှစ်ယောက်လုံး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပြီး

သွားကြပြီလား မသိဘူး....

သူက ငါ့သမီးဗိုက်ထဲကို မြေးဦးလေးတောင်

ကြိုထည့်ပေးလိုက်ပြီလား....

ဟွာရှတစ်ခွင်တွင်တော့ ရာထူးအဆင့်အတန်းအရ

ရှန်းရှူးရီနှင့် ယှဉ်နိုင်သည့် အမျိုးသမီးမှာ

လက်တစ်ဆုပ်စာခန့်သာ ရှိပေလိမ့်မည်။

သို့သော်လည်း သူမတွင်လည်း သာမန် အမျိုးသမီးတို့၏

အမူအကျင့်နှင့် စရိုက်လက္ခဏာတို့မှာ

ရှိနေသေးလေသည်။

အတင်းပြောချင်း၊ ရမ်းတမ်းခန့်မှန်းခြင်း၊ ယုံမှား

သံသယဖြစ်ခြင်း၊ အစရှိသဖြင့် အမျိုးမျိုးပင်။

စကားတစ်ခွန်းတည်းဖြင့် လင်းရီ သူမကို

ခေတ်သစ်ဒရာမာ အပိုင်းရှစ်ဆယ်စာလောက်

ခရီးရောက်သွားစေကြောင်းတော့ လင်းရီ

မသိရှိလိုက်ပေ။

"လင်းရီ... နင် ဘာမဟုတ်တာတွေ

လျှောက်ပြောနေတာ... "လျန်ရှူရွှယ် မကျေမနပ်ဖြင့်

ပါးဖောင်းဖောင်းလေး ဖြစ်သွားခဲ့၏။

"ငါ့ရဲ့နာမည်ကို လိုက်ဖျက်ဆီးမနေနဲ့.. ငါ လျှန်ရှူရှယ်က အဲ့လိုလူစားမျိုး မဟုတ်ဘူး.... "

"ငါလည်း အန်တီ့ကို မင်းအိမ်မှာ နေလို့ရတယ်လို့ပဲ ပြောတာလေ... ဘာမှားနေလို့... ဘယ်လိုလုပ်ပြီး မင်းကို နာမည်ဖျက်တယ် ဖြစ်ရမှာ... ငါ့အိမ်ငါ ပြန်လို့ မရဘူးလား....မင်းအတွေးတွေ အရမ်းလွန်နေပြီ.... "

"ကောင်းပြီ တော်လိုက်ကြတော့... ရန်ဖြစ်မနေကြနဲ့..."ရှန်းရှူးရီ ပြောလိုက်ပြီး

"နှစ်ယောက်လုံးက အရွယ်ရောက်ပြီးသားတွေကိုပဲ

ဘာလို့ ကလေးတွေလို ရန်ဖြစ်နေကြတာ..."

ပုံမှန်ဆိုလျှင် လျန်ရူရွယ်မှာ ထိုသို့ မဟုတ်သော်လည်း

ရှန်းရှူးရီအနားတွင်တော့ သူမ၏ ကလေးဆန်သည့်

ဘက်ခြမ်းကို ထိန်းချုပ်ရန် မဖြစ်နိုင်ပေ။

"ရီလေး... ငါကြားထားတာတော့ နင်

လီတိုဂရပ်ဖီစက်ကို ဖန်တီးဖို့ ကြိုးစားနေတယ်ဆို...

"ရှန်းရှူးရီ စားသောက်နေစဉ် မေးမြန်းလိုက်၏။

"ဟုတ်တယ် အန်တီ..."လင်းရီ ဘာမျှ ဖုံးကွယ်မနေပဲ

ခေါင်းညိမ့်ဝန်ခံလိုက်၏။

ယခုလို ကိစ္စမျိုးက ပွင့်ပွင့်လင်းလင်း ဆွေးနွေး၍

ရလေသည်။

"အခက်အခဲတွေကော ရှိလား... ဥပမာ ရန်ပုံငွေ

မလောက်တာမျိုးပေါ့... အန်တီနင့်ကို

ကူညီပေးလို့ရတယ်.... "

"မလိုပါဘူးဗျ... ကျွန်တော်က အဲ့ဒီအပိုင်းမှာ

အတော်လေး ချမ်းသာတယ်ဆိုတော့

အချိန်အတိုင်းအာတစ်ခုလောက်အထိတော့

လုံလောက်ပါသေးတယ်...."

ဖိုတိုလီတိုဂရပ်ဖီစက် ပြုလုပ်သည့် ပရောဂျက်မှာ

အဆုံးမရှိသည့် တွင်းနက်ကြီး ဖြစ်ပြီး ယွမ်း သန်းနှစ်ရာ

သုံးရာမှာ ဘာမျှ မဟုတ်ချေ။ လင်းရီတွင်လည်း ပိုက်ဆံ

မရှားပါးသောကြောင့် ရှန်းရှူးရီ၏ အကူအညီကို

မလိုအပ်ချေ။

"ကောင်းပြီလေ... အန်တီက

နည်းပညာနယ်ပယ်အကြောင်း

ဘာမှသိပ်မသိဘူးဆိုပမေယ့် ဖိုတိုလီတိုဂရပ်ဖီစက်က

စိတ်အားထက်သန်မှု တစ်ခုတည်းနဲ့ ဖန်တီးနိုင်တဲ့

အရာမဟုတ်ဘူးဆိုတာတော့ နားလည်တယ်... တစ်နေ့

နင် ပိုက်ဆံလိုရင် အန်တီ့ကိုသာ ပြောလိုက်...

တကယ်လို့ အရမ်းကြီးများနေရင်တော့

မတတ်နိုင်ဘူးဆိုပေမယ့်

ဘီလီယမ်ရာချီလောက်ကတော့ ပြဿနာ မရှိဘူး.... "

ဖူး....

လင်းရီ သွေးတလုတ် အန်ထုတ်လုနီးပါး ဖြစ်သွားခဲ့၏။

ဘီလီယမ် ရာချီက မများဘူးတဲ့လား...

ကျုပ်မှာတောင် အဲ့လောက်မရှိဘူး အိုကေ...

အန်တီ ခင်များက အရမ်း နိမ့်နိမ့်ချချနေတာပဲ....

"အန်တီ..."လင်းရီ လေးနက်စွာ ပြောလိုက်သည်။

"ဘာလဲ...."

"အဲ့တာဆို ကျွန်တော် ထိန်မချန်ထားတော့ဘူး...."

"အခက်အခဲ တစ်ခုခု ရှိလို့လား.. အန်တီ့ကို ပြောလေ...."

ရှန်းရှူးရီ ထိုင်ခုံနောက်သို့ မှီပြီး သူမခါးကို မတ်လိုက်သည်။ ထို့နောက် ဩဇာကြီးမားသည့် အရှိန်အဝါတို့ကို လွှတ်ထုတ်နေလေသည်။ အကယ်၍ ဂုဏ်သိမ်ကြီးမားသည့် မိသားစုမှ မဟုတ်ပါက ထိုသို့သော အရှိန်အဝါများကို ပိုင်ဆိုင်ထားလိမ့်မည် မဟုတ်ချေ။

"လတ်တလော ဒါရိုက်တာရှန်းရဲ့ သုတေသနမှာ အခက်ကြုံနေလို့... အဲ့တာက 4 nanometer EUV

အလင်းအရင်းမြစ်ကို လိုအပ်နေတာပဲ... ပြီးတော့ Cymer ကပဲ အဲ့တာကို ထုတ်လုပ်နိုင်တာ...အန်တီ့မှာ အဲ့နယ်ပယ်က အဆက်အသွယ်တစ်ချို့ ရှိလားမသိဘူး...."

"Cymer....."

ရှန်းရှုးရီ ရေရွတ်လိုက်ပြီး "Cymer  ဆိုတာက ကမ္ဘာ့ထိပ်တန်း အလင်းအရင်းအမြစ် ထုတ်လုပ်သူတွေလေ... ပြီးတော့ အဲ့တာကလည်း အမေရိကန်ကုမ္ပဏီပဲ...ခု နင်နဲ့ အဲ့ဒီ နှစ်နိုင်ငံကြား ဆက်ဆံရေးက တင်းမာနေတော့ သူတို့ဆီကနေ 4

nanometer အလင်းအရင်းအမြစ်ကို ဝယ်ဖို့ဆိုတာ ခက်ခဲမှာပဲ... "

လင်းရီ ခေါင်းညိမ့်လိုက်၏။ "ရှေ့ရက်တွေတုန်းက ဒါရိုက်တာရှန်း ကျိုးဟိုင် Cymer ဌာနရဲ့ တာဝန်ရှိသူနဲ့ ဒီကိစ္စကို စကားပြောကြည့်သေးတယ်... ဒါပေမယ့် အလုပ်မဖြစ်တော့ မဝယ်လိုက်ရဘူး....."

"နင် Cymerရဲ့ လူတွေနဲ့ တိုက်ရိုက် စကားသွားပြောလို့ ဘယ်ရမှာ... Cymerရဲ့ အဓိက ရှယ်ယာရှင်က Intel ပဲ...သူတို့ကမှ တကယ့်အညာတွေ...."

"Intel...."

ဖြေရှင်းချက်တစ်ခု ရှာတွေ့သွားသကဲ့သို့ လင်းရီ၏

မျက်လုံးများ တောက်ပလာခဲ့သည်။

သို့သော်လည်း ယခုကိစ္စကို အောင်မြင်စွာ

ဖြေရှင်းနိုင်လိမ့်မည်လို့ သူအာမ မခံဝံ့သော်လည်း

အနည်းဆုံးတော့ သူ့အတတ်နိုင်ဆုံး

ကြိုးစားကြည့်ရပေမည်။

"ထပ်ပြီးတော့ ပြောရမယ်ဆိုရင် နင်

ဟိုးရက်တွေတုန်းက ဂယက်အကြီးကြီး ရှာလိုက်တော့

အမေရိကန်ကုမ္ပဏီ တစ်ချို့ဆိုရင် နင့်ကို blacklist ထဲ

ထည့်ထားလောက်ပြီ... ဒီတော့ ဒီကိစ္စက

ကိုင်တွယ်ရတာ ပိုတောင် ခက်ခဲသွားဦးမယ်..."ရှန်းရှူးရီ

ပြောလိုက်ပြီး "ဒါပေမယ့် နင်တို့လည်း 4 nanometer

အလင်းအရင်းအမြစ်မရှိပဲနဲ့ ပရောဂျက်ကို ရှေ့ဆက်လို့

မရဘူးမလား...."

"ကျွန်တော်တို့ ကိုယ့်ဘာကိုယ်

ဖန်တီးလို့တော့ရတယ်ဆိုပေမယ့် အဲ့လိုလုပ်ဖို့က

အချိန်တွေ အများကြီး ပေးရမှာ... ကျွန်တော်တို့

စောင့်နေလို့ မဖြစ်ဘူး...."

"သမီးမှာ အကြံတစ်ခု ရှိတယ်...

နားထောင်ကြည့်ပြီးတော့ အလုပ်ဖြစ်မဖြစ်

ကြည့်ကြတာပေါ့... "လျှန်ရှူရှယ် ပြောလိုက်သည်။

"ပြောလေ... "

"နည်းလမ်းဟောင်းအတိုင်းပဲ သမီး အခွန်ရေးရာကို

intelရဲ့ ထုတ်ကုန်တွေကို ထိန်းသိမ်းထားဖို့

အမိန့်ပေးလိုက်မယ်လေ.. အဲ့တာဆို သူတို့ သမီးတို့ကို ရောင်းပေးရတော့မှာပဲ မဟုတ်လား...."

"သမီးက အရမ်းငယ်ပြီး ရိုးအလွန်းတယ်... "ရှန်းရှုံးရီ ပြောလိုက်ပြီး "ကွန်ပျူတာချစ်ပ်တွေနဲ့ ဆေးတွေက မတူဘူး... ပြည်ပက တင်သွင်းတဲ့ ဆေးတွေက အရေးကြီးတယ်ဆိုပေမယ့် တခြား အစားထိုးဆေးတွေ ရှာလို့ရသေးတယ်.... ချစ်ပ်တွေကတော့ မတူဘူး... နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို အဆုံအဖြတ်ပေးတဲ့ ပစ္စည်းလို့တောင် ပြောလို့ရတယ်... တကယ်လို့ သမီးတာ Intel ရဲ့ ပစ္စည်းတွေကို တစ်ရက်လောက်ပဲ

ထိန်းသိမ်းထား ကြည့်လိုက် အစိုးရက

အမေတို့မိသားစုကိုပါ ဖယ်ရှားဖို့

ဖိအားပေးလာတော့မှာ.. ဒီအကြံက

အားကိုးလို့မရပါဘူးအေ....   "

"အဲ့တာဆိုရင် အရမ်းခက်ခဲတော့မှာပဲ... သူတို့က

ငွေလည်း ပြတ်လပ်နေတဲ့သူတွေ မဟုတ်ဘူး... ပြီးတော့

ထုတ်ကုန်တွေကို မရောင်းရမှာလည်း စိတ်ပူစရာ

မလိုဘူးဆိုတော့ ညှိနှိုင်းဆွေးနွေးဖို့ အခန်းကဏ္ဍတောင်

ရှိမှာ မဟုတ်ဘူး..."

"အဲ့လိုတော့ ပြောလို့ မရသေးဘူး.. ငါတို့မှာ

အခွင့်အရေး သေးသေးလေးတော့ ရှိသေးတယ်...."

လင်းရီ၏ စကားလုံးမျက အမေနှင့် သမီး၏ အာရုံကို

ဆွဲဆောင်သွားခဲ့သည်။

ရှန်းရှူးရီကဲ့သို့ ထက်မြက်သူပင် နည်းလမ်းကို

ကြံရာမရဖြစ်နေသောကြောင့် လင်းရီ ပြောသည့်

အခွင့်အရေးကို သူမ စိတ်ဝင်စားနေမိ၏။

"ရီလေး... အန်တီနှင့်ကို သတိပေးလိုက်မယ်... သာမန်

အသေးအမွှား လှည့်ကွက်လေးတွေက ပါတီနှစ်ဖက်လုံး

အင်အားမျှနေတဲ့ အချိန် ဒါမှမဟုတ် နှစ်ဖက်အင်အားက

သိပ်မခြားနားတဲ့ အချိန်ကျမှပဲ

အသုံးဝင်တာနော်... မဟုတ်လို့ကတော့ ဘာမှ

အသုံးမဝင်ဘူး..."ရှန်းရှူးရီ ပြောလိုက်ပြီး

"Trisolarisထဲက dimensional attack လိုပဲ... အဲ့ဒီ

ငွေကြေး ယူနီကွန်းကြီးတွေက နင်နဲ့ ညှိနှိုင်းဆွေးနွေးဖို့

စိတ်ရှုပ်ခံနေမှာ မဟုတ်ဘူး... "

"နင် ဒါရိုက်တာရှန်းကို ဆွဲခေါ်လိုက်သလိုမျိုးပေါ့...

တကယ်လို့ မိုက်ခရိုဆော့ဖ်ကသာ ကြိုသိနေမယ်ဆိုရင်

နင်သူ့ကို ခေါ်လာနိုင်ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်လာမှာ မဟုတ်ဘူး...."

လင်းရီ ပြုံးလိုက်ပြီး "အန်တီပြောချင်တာကို ကျွန်တော်နားလည်တယ်... ဒါကြောင့်မို့ ဒီတစ်ကြိမ် လှည့်ကွက်တွေနဲ့ မကစားတော့ဘူး... ဓားဓားချင်း လှံလှံချင်း တိုက်ခိုက်မယ်...."

"တကယ်... "

ဤတစ်ကြိမ်တွင်တော့ သားအမိနှစ်ယောက်လုံးမှာ ပို၍ပင် ရှုပ်ထွေးသွားခဲ့လေသည်။ လက်ရှိ လင်းရီ၏

အရည်အချင်းဖြင့်ဆိုပါက Intel ကဲ့သို့ ကုမ္ပဏီကြီးကို ဆန့်ကျင်ရန် လုံးဝ မဖြစ်နိုင်ချေ။

"နင် သူတို့အားလုံးကို ခေါ် ပြီး စားပွဲဝိုင်းတစ်ဝိုင်းတည်း ဆွေးနွေးချင်တယ်ဆိုရင်တော့ နင့်မှာလည်း သူတို့ရဲ့ ပါဝါနဲ့ မျှခြေဖြစ်မယ့် တစ်ခုခု ရှိမှ ရမှာနော်...."ရှန်းရှူးရီ ပြောလိုက်ပြီး "ဒါပေမယ့် နင့်မှာ အဲ့လို ဝှက်ဖဲမျိုး ရှိမယ်လို့တော့ ငါမထင်ဘူး...."

"ဒီတစ်ခေါက်တော့ အန်တီမှားသွားပြီ... ကျွန်တော့်မှာ အဲ့လို ဝှက်ဖဲမျိုးရှိတယ်... ကျန်တဲ့သူတွေအတွက်တော့

အသုံးမဝင်ဘူးဆိုပေမယ့် Intel အတွက်တော့

အရမ်းအသုံးဝင်တယ်...."

"နင် ဘာကို ဆိုလိုချင်နေတာ...."

"ချစ်ပ် 2.0 နည်းပညာ…"

အခန်း (၄၈၉)

မေမေက လင်းရီကို သဘောမကျဘူးလား

"ချစ်ပ် 2.0 နည်းပညာ...."

ရှန်းရှူးရီ တခဏမျှ စဉ်းစားလိုက်ပြီး "အဲ့တာက အသုံးဝင်မှာလား...."

ရှန်းရှူးရီ ထိုအကြောင်း ဘာမျှ မသိသော်လည်း သူမ ကုမ္ပဏီမှာ နည်းပညာကုမ္ပဏီအများစုတွင် ရင်းနှီးမြှုပ်နှံထားသောကြောင့် နည်းပညာ နယ်ပယ်ရှိ သတင်းအချက်အလက်များနှင့်တော့ မျက်ခြေမပြတ်ချေ။

"အန်တီ သိသလောက်တော့ intel က

ရှေ့နှစ်ကတည်းကရင် ချစ်ပ် 2.0 နည်းပညာကို

ထုတ်လုပ်ပြီးသား မဟုတ်ဘူးလား...ပြီးတော့ 3.0

အတွက် သုတေသနတွေတောင်

လုပ်နေကြပြီ....အောင်မြင်မှု ကြီးကြီးမားမားတွေ

ရထားတယ်လို့လည်းကြားတယ်... မကြာခင် အဲ့ချစ်ပ်ကို

ထုတ်လုပ်တော့မယ်လို့ သတင်းတွေလည်း

ထွက်ထားသေးတယ်... နင့်ရဲ့ ချစ်ပ် 2.0

လောက်လေးနဲ့တော့ သူတို့ကို အများကြီး

ခြိမ်းခြောက်လို့ ရမှာမဟုတ်ဘူးနော်...."

"အန်တီပြောတာ မှန်ပါတယ်ဗျ... ကျွန်တော်လည်း အဲ့ဒီသတင်းတွေ ကြားထားပါတယ်... ဒါပေမယ့် အန်တီတို့ မသိသေးတာ တစ်ခု ရှိသေးတယ် " လင်းရီ ပြောလိုက်ပြီး  "ကျွန်တော်က ချစ်ပ် 2.0 နည်းပညာအတွက် တစ်ညပဲ အချိန်ယူခဲ့တာ...."

"ဘာပြောလိုက်တယ်... နင်က တစ်ညတည်းပဲ အချိန်ယူခဲ့တယ်...."

ရှန်းရှူးရီမှာ အပြင်လူဖြစ်သော်လည်း ထိုသတင်းကြားသည့် အချိန်တွင်တော့ မနေနိုင်ပဲ ရှော့ခ်ရသွားခဲ့သည်။

"အမှန်ပါပဲ...."

"ကျွန်တော်က intelရဲ့ အသုံးပြုခွင့် ပေးထားတဲ့ code တစ်ချို့ကို ယူသုံးထားတယ် ဆိုပေမယ့် ကျန်တဲ့ ၉၅ ရာခိုင်နှုန်းကတော့ ကျွန်တော် မူပိုင် code တွေပဲ.... " လင်းရီ ပြောလိုက်ပြီး "အခု ချစ်ပ် 3.0 နည်းပညာအကြောင်း ပြောမယ်ဆိုရင်တော့

ကျွန်တော်တို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မြစ်ကို

ဖြတ်ကူးရသလို ဖြစ်နေမှာ...ထင်သလောက်

ခရီးပေါက်မှာ မဟုတ်ဘူးဆိုပေမယ့်

သုံးလေးလလောက်ဆိုရင် လုံလောက်ပြီ....

အဲ့ဒီအချိန်ကျ Intel က ချစ်ပ် 3.0 နည်းပညာကို

တီထွင်ပြီးရင်တောင် bug error တွေ စစ်ဆေးနေတုန်းပဲ

ရှိဦးမှာ....ဒါကြောင့်မို့ သူတို့ရဲ့ အမြန်နှုန်းက

ကျွန်တော့်ကို မှီဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..... "

Intel ရှိ ထောင်သောင်းချီသော လူအုပ်ကြီးနှင့်

ယှဉ်ပြိုင်ရာတွင် လင်းရီဘက်မှ

အားသာချက်မရှိသော်လည်း အခြားရှုထောင့်တစ်ခုမှ

ကြည့်မည်ဆိုပါက ယင်းကလည်း

အားသာချက်တစ်ခုပင်။

အသင်းကြီးလေ ရလဒ်ထွက်ဖို့ရာအတွက်

လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရပြီး အမျိုးမျိုးသော

ဌာနများမှ ကြားဖက်ဝင်ရောက် စွက်ဖက်မှု၊

ဝန်ထမ်းအချင်းချင်း ပဋိပက္ခ များမှု အစရှိသဖြင့်

အကြောင်းအမျိုးမျိုးတို့ကြောင့် သူတို့၏ ပရောဂျက်ကို

ထင်သလောက် ခရီးပေါက်စေလိမ့်မည် မဟုတ်ချေ။

Intel မှ သူတို့ထံတွင် ကျွမ်းကျင်သည့် သုတေသန အသင်းများနှင့် သုတေသန ပညာရှင်များ ရှိသည်ဟု ဆိုထားသော်လည်း လက်တွေ့တွင်တော့ ရှန်းထျန်းကျိုးကဲ့သို့ အရည်အချင်းရှိသူမှာ ငါးယောက်ထက် ပိုလိမ့်မည် မဟုတ်ချေ။

တစ်နည်းအားဖြင့်ဆိုသော် အမှန်တကယ် လက်တွေ့ အလုပ်လုပ်နိုင်သူမျှ အနည်းအကျဉ်းမျှသာ ရှိပြီး ထိုသူတို့ကလည်း အဆိုပါပရောဂျက်ကို နေ့ရောညပါ အားသွန်ခွန်စိုက် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ချေ။ အရေးကြီးသည့် လုပ်ငန်းဆောင်တာများကိုသာ

ဦးစားပေး လုပ်သွားပြီး ကျန်သာကိုတော့ သူတို့၏

လက်အောက်ငယ်သားများဖြင့်သာ လွှဲထားလိမ့်မည်။

အကယ်၍ ယခုလို အရွေးချယ်ခံ

ခေါင်းဆောင်များကသာ အလောတကြီး

ဖြစ်မနေဘူးဆိုပါက ချစ်ပ်ပရောဂျက်၏ တိုးတက်မှု

ဖြစ်စဉ်မှာ မုချ နှေးကွေးနေပေလိမ့်မည်။

အဆိုပါ အကြောင်းပြချက်များကို

ပေါင်းစည်းလိုက်မည်ဆိုပါက လင်းရီအတွက် ချစ်ပ် 3.0

နည်းပညာကို intel ထက်စော၍ ထုတ်လုပ်ရန်မှာ လုံးဝ

မဖြစ်နိုင်တာ မျိုးမဟုတ်တော့ပေ။

ရှန်းရှူးရီ လင်းရီ၏ အကြံပြုချက်ကို နက်နက်ရှိုင်းရှိုင်း အထင်ကြီး လေးစားမိသွားတော့၏။

ရှေးခေတ်ကဆိုလျှင် လင်းရီမှာ ဘက်စုံထူးချွန်သည့် ကျောင်းတော်သား တစ်ယောက် ဖြစ်လာမည်မှာ မလွဲမသွေပင်။

"အန်တီ နင့်ကို ကူညီပြီးတော့ ပရော်ဖက်ရှင်နယ် အသင်းတစ်သင်းကို ဆက်သွယ်ပေးရမလား... နင့်ရဲ့ လုပ်ငန်းတိုးတက်မှုကို အရှိန်မြှင့်လို့ရတာပေါ့.... "

လင်းရီ ခေါင်းခါရမ်းလိုက်ပြီး "မလိုဘူးအန်တီ....

သူတို့က ကျွန်တော်လုပ်သလို လိုက်မလုပ်နိုင်မှာကိုပဲ

စိုးရိမ်တာ.... ပြီးတော့ ကျွန်တော်က တစ်ယောက်တည်း

တိုက်ခိုက်ရတာကိုပဲ ကြိုက်တယ် ... အဲ့ဒါမှ

အောင်မြင်သွားတဲ့အချိန်ကျရင် သေချာပေါက်

ကြွားလုံးထုတ်လို့ရမယ်လေ ဟုတ်တယ်မလား...."

လျှန်ရှူရှယ် လင်းရီကို မျက်လုံးလှိမ့်ပြလိုက်၏။

ကံကောင်းစွာဖြင့် ထိုအကောင်မှာ လျင်မြန်စွာ

တုံ့ပြန်လိုက်ပြီး စကားပြောခြင်းကို

ရပ်တန့်လိုက်လေသည်။ မဟုတ်ပါက ဘာဆက်ဖြစ်မလဲ ဆိုတာကို မည်သူမျှ သိလိမ့်မည် မဟုတ်ချေ။

"နင်က အန်တီ့ကို ပိုက်ဆံလည်း မရင်းနှီးစေချင်ဘူး... အရည်အချင်းရှိတဲ့ ကျွမ်းကျင်သူတွေကိုလည်း မငှားပေးစေချင်ဘူးဆိုတော့ အန်တီနင့်ကို ဆုတောင်းပေးဖို့ပဲ တတ်နိုင်တော့တယ်...."

"ကျေးဇူးပါ အန်တီ..."လင်းရီလည်း သူ့ခွက်ကို မြှောက်လိုက်ပြီး "ကျွန်တော် တစ်ယောက်တည်း

ဆက်မတိုက်ခိုက်ချင်တော့အချိန်ကျရင် သေချာပေါက်

အန်တီ့ကို လာရှာပါ့မယ်.... "

"ကောင်းပြီလေ... အန်တီလည်း ကိုယ်ပေးထားတဲ့

ကတိကို မမေ့ပါဘူး.... "

လေးနက်သည့် ဆွေးနွေးပွဲကြီး

အဆုံးသတ်သွားပြီးနောက် ကျန်သည့်

စကားဝိုင်းကတော့ သာမန် အလာပသလ္လာပများပင်။

ရှန်းရှူးရီမှာ အမြင့်မှ နေနေသော်လည်း

စကားပြောကြည့်အချိန်တွင်တော့ နိမ့်နိမ့်ချချနှင့်

ဝင့်ကြွားနေခြင်း မရှိချေ။

ညစာစားပြီးနောက် လင်းရီ လျန်ရူရွှယ်နှင့်

ရှန်းရှူးရီတို့ကို လျန်ရူရွှယ်၏အိမ်သို့

မောင်းပို့ပေးလိုက်ပြီး နှစ်ယောက်လုံး

အိမ်ထဲဝင်သွားတာကို မြင်တော့မှ လင်းရီလည်း

ကားထံသို့ ပြန်လာခဲ့လိုက်သည်။

ထိုအခိုက်အတန့်တွင်တော့ သူ့စိတ်ထဲတွင် ရောမ

မေးခွန်း သင်္ကေတကြီး ဖြစ်ပေါ်နေ၏။

လျှန်ရှုရှယ်ရဲ့ အမေက ဘယ်လိုအလုပ်မျိုးကို

လုပ်တာလဲ...

ရှန်းချိန်နှင့် ဟန်းရို၏ ဘော့စ်မားပင် ထိုကဲ့သို့

ပိုက်ဆံအမြောက်အများကို ရင်းနှီးမြှုပ်နှံမှု မပြုခင်

တစ်ဖက်၏ ဖြစ်နိုင်ချေအလားအလာကို ကောင်းစွာ

ဝေဖန်သုံးသပ်ကြည့်ရလေသည်။

သို့သော်လည်း ရှန်းရှူးရီမှ ဘီလီယမ်ပေါင်းများစွာ

သာမန်ကာလျှံကာ လေသံဖြင့် ရင်းနှီးမြုပ်နှံပေးရန်

ကမ်းလှမ်းလာခဲ့၏။ ယင်းက ကြောက်ခမန်းလိလိပင်။

သို့သော်လည်း ရှန်းရှူးရီ၏ လေသံမှတစ်ဆင့်

သူနားလည်လိုက်သည်ကတော့ သူမ

ထိန်းချုပ်ထားသည့် ကုမ္ပဏီတစ်ချို့မှာလည်း

သေချာပေါက် ငွေကြေး ယူနီကွန်းကြီးများ

ဖြစ်ရပေမည်။

တစ်ချိန်တည်းတွင် လျှန်ရှူရှယ်နှင့် ရှန်းရှူးရီတို့လည်း အိမ်ထဲသို့ ရောက်လာခဲ့ကြပြီး ညှပ်ဖိနပ်နှင့် ညအိပ်ဝတ်စုံကို ပြောင်းလဲ ဝတ်ဆင်ထားကြ၏။

"မေမေက လာမယ်ဆိုလည်း ဘာလို့ ကြိုမပြောတာ... ကြိုပြောရင် ဒီလိုမျိုး ဖြစ်လာမှတောင် မဟုတ်ဘူး...."

"နင်က အဲ့လိုမျိုး ပြောထွက်သေးတယ်ပေါ့လေ.... "ရှန်းရှူးရီ ပြောလိုက်ပြီး "နင်ထင်နေတာ နင့်အမေကလည်း တတိယဘီး ဖြစ်ချင်တယ်လို့များ ထင်နေတာလား.... "

"ဒါဆိုလည်း ဘာလို့ ကိုယ်ထင်ပြလိုက်တာ...

မှန်မှန်ပြော....မေမေ လင်းရီကို တွေ့ချင်လို့

လာခဲ့တာမလား..."လျှန်ရှူရှယ် ပြောလိုက်ပြီး "သမီးတို့

နှစ်ယောက်က တကယ်ကြီး ဘာမှ မဖြစ်ထားပါဘူးဆို...

သူက သမီးကို အများကြီး

ကူညီထားပေးထားတယ်...ပြီးတော့

သမီးတို့နှစ်ယောက်က အရမ်းရင်းနှီးနေတာပဲ ရှိတာ.. "

"ဒါပေမယ့် သူက နင့်ကို ယွမ် ကိုးမီလီယမ်ကျော်တဲ့

Rolls Royce နဲ့ လာကြိုပြီးတော့ ခြံဝမှာလည်း

အချင်းချင်း ကလူကျီစယ်နေကြသေးတယ်လေ...

တကယ်လို့ နင့်အမေသာ ရောက်မလာခဲ့ရင်

ဒီသတင်းက မကောင်းတဲ့ ရည်ရွယ်ချက်ရှိတဲ့သူတွေဆီ

ရောက်သွားပြီးတော့ နင့်ကိုလည်း

ထိခိုက်လာနိုင်တယ်...."

"ဟီးဟီး...."လျှန်ရူရွယ် ရှန်းရှူးရီ၏ ခါးကို

ကလေးလေးတစ်ယောက်ကဲ့သို့ ဖက်ထားလိုက်ပြီး

"ဒါပေမယ့် မေမေရှန်းက ပေါ်လာခဲ့တယ်မလား.... ခု

သူများတွေ အတင်းလျှောက်ပြောမှာကို ကြောက်စရာ

မလိုတော့ဘူလေ..... "

"အတိအကျပဲ... နင်တို့နှစ်ယောက်စလုံး နောက်ဆို

သတိထားကြ... ဒီကိစ္စက အရမ်းကို ကွဲလွဲယ်ရှုလွဲယ်တဲ့

ကိစ္စပဲ..."

"မပူပါနဲ့.. သမီးတို့နှစ်ယောက်ကြားမှာ

အမေထင်နေသလိုမျိုး ပတ်သက်မှုတွေ ရှိမနေပါဘူး...."

လျှန်ရူရှယ် သူမဆံပင် စည်းထားတာကို ဖြေချလိုက်ပြီး

"သူက ပေချောင်မြို့မှာ ကျောင်းတစ်ကျောင်း

ဆောက်ပြီးတော့ လမ်းလည်း

ပြင်ချင်နေသေးတယ်ဆိုလို့ သမီးက သူ့ကို ကူညီပေးပြီး

ရန်ပုံငွေတစ်ချို့ တောင်းပေးမလို့လေ... အဲ့တာကြောင့်

လာကြိုခိုင်းလိုက်တာ... "

"သူက ကျောင်းဆောက် ချင်နေတာလား.... "

"အွန်း... သူက အမြဲတမ်း ပရဟိတတွေ လုပ်တယ်...

ဒါပေမယ့် နိမ့်နိမ့်ချချပဲ နေပြီးတော့ ဘယ်တော့မှ

သူများသိအောင် မကြေညာတတ်ဘူး....သူ့ရဲ့အတိတ်က

အတွေ့အကြုံတွေနဲ့ ဆက်စပ်နေမယ်လို့တော့

ထင်တာပဲ...." လျန်ရှုရှယ် ပခုံးတွန့်လိုက်ပြီး

"အဲ့ဒီအတွေ့အကြုံတွေတော့ သမီး အများကြီး

မပြောပြတော့ဘူး.. အမေတို့လည်း

ရိပ်မိလောက်မှာပါ...."

လျှန်မိသားစု၏ ဦးနှောက်ဉာဏ်ရည်မှာ

သွားရှုပ်လို့ရသည့် အရာ မဟုတ်ချေ။

တိကျသေချာသည့် အရိပ်အမြွက်တို့

ထည့်မပြောလျှင်တောင် အခြေခံ

အချက်အလက်တစ်ချို့လောက်တော့ ခန့်မှန်းပြီး ဖြစ်၏။

အမှန်တကယ်တော့ လျှန်မိသားစုမှာ လင်းရီ၏

နောက်ကြောင်းစာမျက်နှာကို မလှန်ကြည့်ရသေးပဲ

သတင်းအချက်အလက် အများစုမှာတော့ ရန်ကွမ်းရှုနှင့် ချိန်ရန် ပြောသည့်စကားတို့မှ မြစ်ဖျားခံလာခြင်းပင်။

"အမေ နားလည်တယ်... "

"ဒါကြောင့်မို့ သမီးမှာလည်း ဒီလိုလုပ်ဖို့ အကြောင်းပြချက်တွေ ရှိတယ်လေ... "လျှန်ရူရှယ် ပြောလိုက်ပြီး "အမှန်ဆို ဒီနေ့က သမီးတို့ ထောက်ပံ့ကြေး ရန်ပုံငွေ ကိစ္စ ဆွေးနွေးမယ့်နေ့ပဲ... သူ လာကြိုတဲ့အချိန်နဲ့ မေမေရောက်လာတဲ့ အချိန်က တိုက်ဆိုင်သွားတော့ ဒီလိုတွေ ဖြစ်သွားတာ...."

"အပိုတွေ...."ရှန်းရှူးရီ ပြောလိုက်ပြီး "နင်ကကော ကားတွေ မရှိလို့လား... တကယ်လို့ ကားက ပြင်ထားရတယ်ဆိုရင်တောင် နင် အသံတစ်ချက်ထွက်လိုက်တာနဲ့ မရေမတွက် နိုင်တဲ့သူတွေ လာပြီးတော့ ရက်ရက်ရောရောကြီးကို ဒရိုင်ဘာလာလုပ်ပေးကြမှာ.... ဘာလို့ သူ့ကိုမှ လာကြိုခိုင်းတာ... နင်ထင်နေတာ နင့်ရဲ့ ဦးနှောက်သေးသေးလေးနဲ့ နင့်အမေကို လှည့်စားနိုင်ပြီလို့များ ထင်နေတာလား..."

'အာ......'

လျှန်ရှူရှယ် ဘာစကားမျှ မပြောတော့ပဲ

ကြောက်ရွံ့နေသည့် ပါပီလေးကဲ့သို့ ကုပ်ကုပ်လေး

ဖြစ်နေလေသည်။

ယခင်ကလို ကမ္ဘာကြီးကို သိမ်းပိုက်စိုးမိုးမည့် ဧကရီ

တစ်ပါးတို့၏ အရှိန်အဝါတို့မှာ လုံးဝ

ပျောက်ကွယ်နေပြီး ထိုသို့ ဖြစ်ရခြင်းမှာလည်း သူမ

စကားပြောနေသည့် သူကြောင့်ပင်။

သူမ အမေရှေ့တွင်တော့ လျှန်ရှူရှယ်

ဝင့်ဝင့်ကြွားကြွားတို့ မဆိုဝံ့ရဲချေ။

ဤနှစ်များတွင် သူမ စီးပွားရေးလုပ်ငန်းများ

လုပ်ကိုင်နေသော်လည်း လူတစ်ချို့ကမူ လျှန်မိသားစု၏

အကြီးဆုံး သခင်မလေးမှာ ငယ်ရွယ်စဉ်ကတည်းက

စီးပွားရေးလုပ်ငန်းများကို ပစ်ချပြီး

နိုင်ငံရေးလောကထဲသို့ ခြေစုံပစ် ဝင်သွားမည်ဆိုပါက

အနည်းဆုံးတော့ ဝန်ကြီး ဖြစ်လာနိုင်သည်ဟု ထင်ကြေး

ပေးနေကြသူများလည်း ရှိကြ၏။

သို့သော်လည်း သူမရှေ့ရှိ ဤအမျိုးသမီးနှင့်

နှိုင်းယှဉ်လျှင်တော့ လျှန်ရှုရွယ်မှာ လုံးဝ ယှဉ်သာချေ။

စိတ်တိုစရာ အကောင်းဆုံးကတော့ ပုံရိပ်နှင့်

သွင်ပြင်သဏ္ဌာန်ခြင်း နှိုင်းယှဉ်လျှင်တောင် သူမ

အနိုင်ရရှိလိမ့်မည်လို့ အာမ မခံနိုင်ခြင်းပင်။

တစ်ခုတည်းသော အားသာချက်ကတော့

ငယ်ရွယ်နုပျိုနေသည့် သူမ၏ အသက်အရွယ်သာ

ကျန်ရစ်ခဲ့တော့၏။

"သူက ဒီတိုင်း စိတ်ဝင်စားဖို့ ကောင်းတယ်ထင်လို့ပါ...

တိုက်တိုက်ဆိုင်ဆိုင် သမီးလည်း

အထီးကျန်နေတာလေ... အလုပ်ကိစ္စတွေ

အမြန်အဆုံးသတ်ပြီးတော့ ထမင်းတစ်နပ်လောက်

အတူသွားစားမလို့.. ဘာပဲဆိုဆို သူလည်း သမီးကို

အများကြီး ကူညီပေးထားတာပဲ...."

"ဟုတ်လို့လား... အမေကတော့ ဘာလို့ နင်က ရိုမန်တစ်

ဆန်ချင်နေတယ်လို့ ခံစားနေရပါလိမ့်.... "

ပြောပြီးနောက် ရှန်းရှူးရီ ရေချိုးခန်းထဲသို့ ဝင်သွားပြီး

လျှန်ရှုရွယ်ထံမှ face maskကို ယူကာ

ကျွမ်းကျင်စွာဖြင့် သူမ မျက်နှာပေါ်

ကပ်လိုက်လေသည်။

"နင့်ရဲ့ အလုပ်ကိုပဲ သေချာအာရုံစိုက်ပြီးတော့

ကိုယ်ရေးအကျဉ်းမှာ အများကြီး ဖြည့်နိုင်အောင်

ကြိုးစား... ဒါမှ နောက်ကျ ရန်ကျင်းကို

ပြန်လာနိုင်မှာ... "

ဘေစင်ရှေ့ရှိ လျှန်ရှူရှယ်မှာ ရုတ်တရက်

ရပ်တန့်သွားပြီး သူမ အမေ မှန်ထဲတွင်ကြည့်ကာ

"မေမေ....မေမေက လင်းရီကို

သဘောမကျဘူးလား......"

အခန်း (၄၉၀)

ဖေဖေ့ကို စပရိုက်ပေးချင်နေတဲ့ ချစ်သမီးချောလေး

ရှန်းရှူးရီကတော့ သူမ အသားအရေ ထိန်းသိမ်းမှုကိုသာ

ဆက်လက်လုပ်ဆောင်နေပြီး" ဘာလို့ အဲ့လိုမေးတာ...."

"ခံစားမိလို့...."လျန်ရူရှယ် ရိုးရှင်းစွာ

ပြန်ဖြေလိုက်သည်။

အိမ်သို့ပြန်ရောက်စဉ်ကတည်းက လျန်ရူရှယ်

သူမအမေမှာ သူမနှင့် လင်းရီကြားရှိ ဆက်ဆံရေးကို

သေချာပေါက် မေးခွန်းထုတ်လိမ့်မည်ဟု

ထင်မှတ်ထားခဲ့၏။မည်သို့ပင်ဆိုစေ

တစ်စုံတစ်ယောက်ကို အကြောင်းပြချက်မရှိ

ယွမ်ဘီလီယမ်ပေါင်းများစွာ ရင်းနှီး မြှုပ်နှံပေးဖို့

သဘောတူသည်က သေချာပေါက်

ပုံမှန်မဟုတ်သောကြောင့် တိကျသေချာသည့်

ရှုထောင့်မှ ကြည့်မည်ဆိုပါက ယင်းက အကြွင်းမဲ့ ယုံကြည်ခြင်းဖြစ်သည်။

သို့သော်လည်း ပြန်ရောက်လာပြီးနောက် သူမအမေ၏ အပြုအမူမှာ အံ့အားသင့်ဖို့ကောင်းစွာ တည်ငြိမ်နေပြီး  သူမ မျှော်လင့်ထားသည်နှင့် ဆန့်ကျင်နေလေသည်။ အကယ်၍ သူမ၏ အဖေ သို့မဟုတ် အဘိုးဆိုပါက သူမနှင့် လင်းရီကြားရှိ ဆက်ဆံရေးကို တရစပ် မေးခွန်းထုတ်နေလိမ့်မည်။

"ဟိုလို ထွေထူးတော့ မရှိပါဘူး... နင်တို့နှစ်ယောက်က သိပ် မလိုက်ဖက်ဘူးလို့ ထင်လို့ပါ....."ရှန်းရှူးရီ သူမ အတွေးများကို ထုတ်ပြောလိုက်သည်။

လျန်ရူရွှယ် ရုတ်တရက် သက်တောင့်သက်သာ မဖြစ်သလို ခံစားလိုက်ရ၏။ သို့သော်လည်း ယင်းခံသားချက်များကို စိတ်ထဲတွင်သာ ထားပြီး မျက်နှာပေါ်တွင် မပြသချေ။

သူမ facial mask ကို သူမ အမေကဲ့သို့ မျက်နှာပေါ်တွင် ကပ်လိုက်ပြီး

“ သမီးတို့နှစ်ယောက်က အတူတောင် မနေရသေးတာကို လိုက်ဖက်တာ မလိုက်ဖက်တာက အရေးကြီးလို့လား…”

“ နင်တို့နှစ်ယောက် အတူမနေရသေးတာ ကောင်းတယ်….” ရှန်းရှူးရီ ပြောလိုက်ပြီး “ သူငယ်ချင်း တစ်ယောက်အနေနဲ့တော့ လင်းရီက လူကောင်းလေးပဲ.. အမေလည်း သူ့ကို မြင့်မြင့်မှန်းထားပြီးသား… မဟုတ်ရင် ရင်းနှီးမြုပ်နှံပေးဖို့ ကမ်းလှမ်းလိုက်မှာ မဟုတ်ဘူး…”

“ အဲ့လိုပြောပြီးတော့ အမေက ဘာလို့ သဘော

မတူချင်ရတာ…”

ရှန်းရှူးရီ mask အိတ်ခွံကို အမှိုက်ပုံးထဲသို့ ပစ်ပြီး

“ အမှန်တော့ လင်းရီက လူကောင်းပါ… နည်းနည်းလေး

ကျိုးကြောင်းမဆီလျော်တာကလွဲရင်

အကုန်ကောင်းပါတယ်….”

၎င်းကိုပဲ လျှန်ရှူရှယ် စဉ်းစားမရဖြစ်နေသည်။ လင်းရီမှာ

ငွေကြေးစည်းစိမ် ချမ်းသာပြီး ရုပ်ရည်ဆိုလျှင်လည်း

အထွေအထူး ပြောနေရန် မလိုအပ်ချေ။ မည်သည့်

ယောက္ခမမျိုးမဆို ထိုသို့သော သမက်မျိုး

အလိုရှိကြပေမည်။

အကယ်၍ သူမတွင် သမီးတစ်ယောက်ရှိလာခဲ့ပြီး

ထိုသို့သော သားမက်မျိုး ရမည်ဆိုပါက သေချာပေါက်

ကျေနပ်ပီတိ ဖြစ်နိုင်၏။

“ ဒါပေမယ့် သူ့လိုလူမျိုးက မိန်းမနဲ့ မိသားစုအကြောင်း

စဉ်းစားမှာ မဟုတ်ဘူး… ဒါကြောင့်မို့ အမေ နင့်ကို

သူ့လိုလူမျိုးနဲ့ အိမ်ထောင်မကျစေချင်တာပဲ…”

ရှန်းရှူးရီ သူမအတွေးများကို ပြောပြလိုက်ပြီး

“ အနာဂတ်ကျ သမီး ယောကျ်ားယူမယ်ဆိုရင်

သမီးအဖေရဲ့စံချိန်စံနှုန်းအတိုင်းပဲယူ…. အရမ်းကြီး

ကြည့်ကောင်းနေရင်လည်း အသုံးမဝင်ဘူး.. တကယ်လို့

အရမ်းကြီး ဉာဏ်ကောင်းနေပြန်ရင်လည်း

မဟုတ်သေးဘူး… သမီးအဖေလို

ရိုးရိုးသားသားလေးရှိရင် ရပြီ….”

“ အမေ ဆိုလိုချင်တာ လင်းရီက သူ့ရဲ့အလုပ်ကိုပဲ

အာရုံစိုက်နေပြီးတော့ မိသားစု တာဝန်

မကျေပွန်နိုင်လောက်ဘူးဆိုတဲ့ သဘောလား….”

“ အတိအကျပဲ…” ရှန်းရှုးရီ ပြောလိုက်ပြီး

“ သူ့လိုလူမျိုးက ဘဝကို သာမန်ဖြတ်သန်းဖို့

ကံပါလာတာ မဟုတ်ဘူး… ဒါပေမယ့်

အဲ့ဒီအကြောင်းပြချက်ကြောင့်ပဲ သူ့ရဲ့ကံကြမ္မာက

နှစ်လမ်းပဲ ရှိတယ်…”

“ ဘယ်လို နှစ်လမ်းလဲ…”

“ ကမ္ဘာကြီးကို သူ့ခြေထောက်အောက်မှာ နင်းခြေနိုင်ရင်

နင်းခြေ… ဒါမှမဟုတ် ကမ္ဘာကြီးကပဲ သူ့ကို သေအောင်

ပြန်နင်းခြေသွားလိမ့်မယ်… ရှင်းရှင်းလေးပဲ….”

လျှန်ရှူရှယ် တိတ်ဆိတ်သွားခဲ့၏။ အတိတ်တုန်းက သူမ လင်းရီကို ဖောက်ထွင်းမမြင်နိုင်ဟု ခံစားခဲ့ရ၏။ ယခု သူမအမေပြောပုံအရဆိုလျှင်တော့ ယင်းက မှန်ကန်နေပုံပင်။

လင်းရီမှာ ထိုသို့သော လူစားမျိုးဖြစ်ပြီး မိသားစုတစ်ခု တည်ထောင်၍ ဘဝကို အေးအေးချမ်းချမ်းဖြင့် ဖြတ်သန်းမည့် လူစားမျိုး မဟုတ်ချေ။

“ အဲ့တာက သမီးနဲ့မှ မဆိုင်တာ.... သမီးတို့က ဒီတိုင်း သူငယ်ချင်းပဲ…”

“ အဲ့ဒီ ဆက်ဆံရေးက အကောင်းဆုံးပဲ…

အမေစကားတွေ အများကြီး မပြောတော့ဘူး…”

ထို့နောက် အမေနှင့် သမီးတို့ ဆိုဖာကိုမှီကာ

တီဗွီကြည့်မည့်အစား ဟိုအကြောင်း ဒီအကြောင်းတို့

ဆက်ပြောနေခဲ့ကြသည်။

နာရီဝက်ကြာပြီးနောက် ရှန်းရှူးရီ သူမ mask ကို

ချွတ်လိုက်ပြီး “ ကောင်းပြီ… စောစောအိပ်တော့…

မနက်ဖြန် စောစောထပြီး အဘိုးရန်ကို ကြည့်ဖို့

မေမေနဲ့အတူ ဆေးရုံလိုက်ခဲ့ရမယ်…”

“ ဟုတ်….”

Mask ကို ပစ်ပြီးနောက် အမေနှင့် သမီးမှာ အခန်းကိုယ်စီသို့ ဦးတည်လိုက်ကြသည်။ သို့သော်လည်း ရှန်းရှူးရီ တံခါးဖွင့်လိုက်သည့် အချိန်တွင် လျှန်ရူရှယ်မှ စကားစလာခဲ့၏။

“ မေမေ…. မေမေပြောတော့ လင်းရီရဲ့ ကံကြမ္မာက နှစ်လမ်းတည်းရှိတယ်လို့ ပြောတယ်နော်…အဲ့ဒါက ဒီတိုင်း

ထင်ကြေးပေးတာလား ဒါမှမဟုတ် အဲ့လိုမျိုး

တစ်ယောက်ယောက်နဲ့ ကြုံဖူးလို့လား…”

“ ဘာလဲ နင်က မေမေ့ကို မယုံတာလား…မေမေနင့်ကို

ဘယ်တုန်းက ထိခိုက်အောင် လုပ်ခဲ့ဖူးလို့…”

“ မလုပ်ခဲ့ပါဘူး… သမီးလည်း

ဒီတိုင်းမေးကြည့်တာလေ…”

သူမ သမီး၏ မျက်ဝန်းများကို စိုက်ကြည့်ရင်း ရှန်းရှူးရီ

မူလက ပြောတော့မည့် စကားလုံးများကို

ပြန်မျိုချလိုက်ပြီး သူမ လေသံကို တစ်မျိုးပြောင်းကာ

“ မေမေ တစ်ယောက်ကို ကြုံခဲ့ဖူးတယ်….”

“ လက်စသတ်တော့ ဒီလိုကိုး…”

“ ပြန်ပြီး အိပ်တော့…. မနက်ဖြန် စောစောထရမှာ…”

“ အွန်း….”

ထို့နောက် အခန်းကိုယ်စီသို့ ဝင်သွားကြပြီး

ရှန်းရှူးရီကတော့ သူမရင်ထဲ အတွေးတို့

ဖျာများနေပြီး  အချိန်အတော်ကြာသည်အထိ

အိပ်မပျော်နိုင် ဖြစ်နေလေသည်။

သူမ လင်းရီကို မြင်သည့် အခိုက်အတန့်တွင် လင်းရီမှာ

ထိုပုဂ္ဂိုလ်နှင့် အတော်လေးတူကြောင်း

သတိထားမိ၏။သို့သော်လည်း

သူတို့နှစ်ယောက်ကြားတွင် မတူညီမှုများကတော့

ရှိနေဆဲပင်။ သူ၏ မျက်လုံး ထောင့်စွန်းများတွင်

ထိုအမျိုးသမီး၏  ညင်သာမှုများ ရှိနေပုံရပြီး

နောက်ဆုံးတွင်တော့ ရှန်းရှူးရီ ကိုယ့်ကိုယ်ကို

သိမ်ငယ်စွာ ပြုံးလိုက်ရင်း တီးတိုးရေရွတ်လိုက်၏။

“ အမျိုးသမီးတစ်ယောက်က အဲ့ဒီအတိုင်းအတာအထိ အသက်ရှင် နေနိုင်တယ်ဆိုတော့ အတော်လေး အစွန်းရောက်တယ်လို့ သတ်မှတ်လို့ရတယ်မလား…”

……………………

နောက်တစ်နေ့ နံနက် လင်းရီ တက္ကစီစီး၍ ဆေးရုံသို့ ရောက်လာခဲ့သည်။

“ အစ်ကိုရီ … ခဏနေကြရင် ခွဲစိတ်မှု စတော့မှာနော်…. ဆေးမှတ်တမ်းတွေ အကုန် အစ်ကိုရီရဲ့စားပွဲပေါ်မှာ

ရှိတယ်… တစ်ချက်ကြည့်ကြည့်လိုက်ဦး ….

ဒါရိုက်တာလီပြောတာတော့ ခွဲစိတ်မှုက

ကိုးနာရီခွဲလောက် စမယ်ဆိုပဲ…” ချောင်ရှင်း

ပြောလိုက်သည်။

“ ကောင်းပြီလေ…”

လင်းရီကတော့ မည်သည့် နေရာသို့မျှ သွားရန်

မလိုအပ်ပဲ လီးချူးဟန်နောက် လိုက်ရုံမျှဖြင့်

မစ်ရှင်များကို လွယ်ကူစွာ ပြီးမြောက်နိုင်သည်ဟု

ခံစားနေရ၏။

“ဟမ်.... ဒီအဘိုးကြီးက အခန်း 801က မဟုတ်လား...

သူ့မိသားစုက တစ်ယောက်ယောက်လာသေးလား...

ဆေးဖိုးတွေကော ပေးပြီးသွားပြီလား....”

ချောင်ရှင်း ကူကယ်ရာမဲ့စွာဖြင့် သူမခေါင်းကို

ခါရမ်းလိုက်ပြီး “ အဲ့အဘိုးကြီး ဆေးရုံ

စစတက်ခြင်းတုန်းက ယွမ်

လေးထောင်ပေးသေးတယ်.... အဲ့နောက်ပိုင်း

ဘယ်မိသားစုဝင်ကမှ ပေါ်မလာတော့ဘူး... ခုဆို

ဆေးရုံကို ယွမ် တစ်သောင်းတောင်

အကြွေးတင်နေပြီ....”

“ ဆေးရုံကကော ဘာပြောလဲ…”

“ ဆေးရုံလည်း ဘာတတ်နိုင်မှာ… လူနာက ညီမတို့ဆီရောက်ပြီးသားလေ… မိသားစုဝင်တွေကို မဆက်သွယ်နိုင်ရင်တောင် ဒီတိုင်း မောင်းထုတ်ပစ်လို့မှ မရတာ…. သူ့ကို ကုသပေးရုံပဲ….”

ချောင်ရှင်းပြောလိုက်ပြီး “ ပြီးတော့ သူ့အခြေအနေက အချိန်ထပ်ဆွဲလို့လည်း မရတော့ဘူး… ချက်ချင်းခွဲစိတ်မှ ရတော့မှာ….”

“ လူနာကို မိသားစုနဲ့ ဆက်သွယ်ဖို့ မပြောကြည့်ဘူးလား….”

“ ပြောတာပဲလေ…. ဒါပေမယ့် အဘိုးကြီးက ရှုးချင်ယောင်ပဲ ဆောင်နေတာ… “ ချောင်ရှင်း မကျေမနပ် စောဒက တက်လိုက်ပြီး “ ညီမ သူ့မိသားစုဝင်တွေ အကြောင်း မေးလိုက်ရင်ကို နှုလုံး အောင့်တယ် အောင့်တယ်နဲ့… ဘာမှ လုပ်မရဘူး….”

“ ဒါက ဘာသောက်ချိုးတုန်းကွ..” လင်းရီ ကျိန်ဆဲလိုက်ပြီး “ ဒါရိုက်တာလီက

ဘယ်လည်းသွားခဲ့တာ… ငါသူ့ကို ဘာတွေ ဖြစ်နေလဲဆိုတာ မေးကြည့်လိုက်မယ်….”

“ ဒါရိုက်တာလီက အစောကြီးကတည်းကရင် အရေးပေါ်ဌာနကို ထွက်သွားခဲ့ပြီလေ….”ချောင်ရှင်း ပြောလိုက်ပြီး "ခွဲစိတ်မှူ စခါနီးမှ လာခဲ့မယ်လို့တော့ ပြောသွားတယ်..."

"အရေးပေါ်ဌာနကို သွားကြစို့...."

အရေးပေါ်ဌာနသို့ ရောက်သောအခါ နှစ်ယောက်သား လီချူးဟန်နှင့် ဟောခန်းမထဲတွင် သွားဆုံလေသည်။

လီချူးဟန်မှာ မည်သူ့ကိုမျှ ဆေးကုနေခြင်းမျိုးမဟုတ်ပဲ

ဆရာဝန် အသစ်နှစ်ယောက်ကို ချုပ်ရိုး ကြိုးထုံးနည်း

သင်ပြနေခဲ့၏။

"လမ်းဖယ်.. လမ်းဖယ်.... "

နှစ်ယောက်သား အရေးပေါ်ဌာနသို့ ရောက်ခါရှိသေး

အရေးပေါ်ဒေါက်တာများ အလောတကြီးနှင့်

အော်ဟစ်နေသည်ကို မြင်တွေ့လိုက်ရ၏။

တွန်းလှည်းပေါ်တွင် အသက်ငါးနှစ် သို့မဟုတ်

ခြောက်နှစ်အရွယ် ကလေးမလေးတစ်ဦးကို

တင်ဆောင်လာပြီး သူမ တစ်ကိုယ်လုံးလည်း သွေးတို့ ပေကျံလျက်ရှိသည်။ လှည်းနောက်တွင်တော့ ကလေးအမေဖြစ်ဟန်ရှိသူ သက်လတ်ပိုင်းအရွယ် အမျိုးသမီးမှ စိုးရိမ်သောကတို့ဖြင့် ပြေးလိုက်လာခဲ့၏။ သူမလည်း ဒဏ်ရာ ရထားသည်။ သို့သော်လည်း စိုးရိမ်ဖွယ်ရာတော့ မရှိချေ။

"ငါ့နောက်လိုက်ခဲ့..."လီချူးဟန် လင်းရီတို့နှစ်ယောက်ကို သူမနှင့် အတူ လိုက်ခဲ့ရန် အချက်ပြလိုက်၏။

"ဘာလဲ ဖြစ်တာ..."လီချုံးဟန် ဒေါက်တာတစ်ဦးကို မေးမြန်းလိုက်သည်။

"ကားအက်စီးဒင့်ဖြစ်တာ..... ကလေးရဲ့ လက်မောင်းမှာက ငါးစင်တီမီတာလောက်ရှိတဲ့ ပြတ်ရှရာ တစ်ခု ရှိနေတယ်... "

"ဒေါက်တာ... ကျေးဇူးပြုပြီး... ကျေးဇူးပြုပြီး ကျွန်မ သမီးလေးကို ကယ်ပေးပါဦး... "

သက်လတ်ပိုင်း အမျိုးသမီးမှ ငိုယိုတောင်းဆိုလိုက်၏။

"ဘာမှ စိတ်မပူနဲ့ .. အခြေအနေက အသက်အန္တရာယ် စိုးရိမ်ရလောက်တဲ့ အထိ မဟုတ်ဘူး..."လီချူးဟန် ပြောလိုက်ပြီး "ဒါရိုက်တာလင်းက ချုပ်ရိုးနဲ့ ပတ်သက်လာရင် သူ့လိုလူ ဆေးရုံမှာ နှစ်ယောက် မရှိဘူး... အနာကလည်း သိပ်မကြီးတော့ အမာရွတ်ကျန်ခဲ့မှာလည်း စိတ်ပူစရာမလိုဘူး.. ရှင်သာ စိတ်အေးအေးထား... "

"ဟုတ် ဟုတ် ... ကျေးဇူးပါဒေါက်တာ... ကျွန်မကော အထဲလိုက်ခဲ့လို့ ရမလား.... "

"ရတယ်လေ.. ဆေးခန်းထဲ လိုက်ခဲ့လိုက်..."

လီချုံးဟန် လင်းရီကို ကြည့်လိုက်ပြီး "နင် လုပ်လိုက်...."

"အိုကေလေ... "

အနာမှာ မကြီးသောကြောင့် ချုပ်ရသည်မှာ ဘာမျှ မခက်ချေ။ လီချုံးဟန် ထိုအတွက်ကြောင့် ဆေးခန်းထဲပဲ ခေါ်လာခဲ့လိုက်၏။

"ဦးဦး.. နင်နာ့ကို ဆေးမထိုးပါနဲ့လား...."

လင်းရီ ပြုံးလိုက်ပြီး "မထိုးပါဘူး...."

"ကလေး နင်က အရမ်း ချစ်စရာ ကောင်းတာပဲ ..

နင့်အသက် ဘယ်လောက်ရှိပြီလဲ...."

မချုပ်ခင် လင်းရီ ပြုံး၍ ကလေးမလေးကို

အာရုံလွှဲသည့် အနေဖြင့် စကားပြောလိုက်သည်။

ထိုအခါမှသာ သူလည်း ထုံဆေးပေးသည့် အခါ၌

လွယ်လွယ်ကူကူ ရှိနိုင်ပေမည်။

လင်းရီပြောပြီးနောက် ကလေးမလေးမှ ပြန်မဖြေရသေးခင် ဆေးတစ်ချက် အမြန်ထိုးလိုက်၏။ အနည်းငယ် စူးရှရှ ဖြစ်သွားသောကြောင့် ကလေးမလေး၏ ကြီးမားပြီး မည်းနက်နေသော မျက်လုံးလုံးလုံးလေးများမှာ မယုံကြည်နိုင် ဖြစ်သွားသည့် ပုံပင်။

"နာက နင့်ကို ယုံကြည်ထားတာတောင်မှ ဆေးထိုးလိုက်တယ်ပေါ့လေ..."

မကြာမီ ထုံဆေးမှာ အစွမ်းပြလာခဲ့ပြီး

ကလေးမလေးလည်း စိတ်တည်ငြိမ်သွားဟန်ပင်။

"သမီး... ဦးဦးက မေးရင် ဖြေရမယ်လေ.." ဘေးရှိ

မိခင်မှ ကြုံတုန်း လက်ချာရိုက်လိုက်သည်။

ကလေးမလေးမှ မကျေမနပ် နှုတ်ခမ်းကိုက်လိုက်ပြီး

"ငါးနှစ်... "

ဆေးထိုးပြီးနောက် လင်းရီ အရက်ပျံဖြင့် အနာကို

သန့်ရှင်းရေး ပြုလုပ်ကာ ဘေးရှိ သက်လတ်ပိုင်း

အမျိုးသမီးကို ကြည့်လိုက်၏။ "ခင်များ ဘာလို့ ကားကို သေချာမမောင်းတာ...."

"လမ်းမှာ ဒီဟာမလေးက ကျွန်မနဲ့ ကပ်ကပ်လန်အောင် ရန်တွေ့နေတာလေ.. သူ့ကြည့်ပြီး ဆူနေတာနဲ့ပဲ လမ်းက သစ်ပင်ကို ဝင်တိုက်မိသွားတာ.... "

သူမ သမီး အဆင်ပြေနေသည်ကို မြင်တော့ သက်လတ်ပိုင်း အမျိုးသမီးလည်း စိတ်ပူပန်နေခြင်း မရှိတော့ချေ။

ထို့ပြင် သူမရှေ့ရှိ ဒေါက်တာလေးမှာလည်း အရမ်းကို မျက်စိအေးလှ၏။

"မဆိုးဘူး...."လင်းရီ ကလေးမလေးကိုကြည့်လိုက်ပြီး "အသက်က ဘယ်လောက်မှတောင် မရှိသေးဘူး... ကိုယ့်အမေနဲ့ ဘယ်လို ရန်တွေ့ရမလဲဆိုတာ သိနေပြီပေါ့လေ... "

"နာက မေမေနဲ့ ရန်ဖြစ်နေတာမဟုတ်ဘူး... တူတူဆော့ဖို့ မောင်လေး တစ်ယောက်ပေးဖို့ ပြောနေတာ.... "

လင်းရှိ ဒဏ်ရာချုပ်နေသော်လည်း ထုံဆေးကြောင့်

မည်သို့မျှ မနေပဲ ကလေးမလေးလည်း အေးအေးလူလူ

စကားပြောနေနိုင်လေသည်။

"ငါ နင့်ကို ပြောပေါင်းလည်း မရေနိုင်တော့ဘူး... နင့်

အဖေက အလုပ်ခရီးသွားခဲ့တယ်လို့... ငါက

ဘယ်လိုလုပ် နင့်အတွက် မောင်လေး

မွေးပေးနိုင်မှာလဲ.... "

ကလေးမလေး၏ မိခင်မှာ အတော်လေး

ဆွံ့အနေလေသည်။ သူမ ဤကိစ္စကို ငါးနှစ်သမီးလေး

နားလည်အောင် မည်သို့ ရှင်းပြရမှန်း မသိတော့ချေ။

"ဖေကြီး အိမ်မှာ  မရှိတော့ကော ဘာဖြစ်လဲ... ဖေကြီး

မရှိပဲနဲ့ကော မောင်မောင်လေး တစ်ယောက်ယူလိုက်လို့

မရဘူးလား.... "

"ကလေး... နင် စိတ်အေးအေးထား...ဘာမှ မပူနဲ့...

"လင်းရီ ပြောလိုက်ပြီး "စိတ်ကောင်းရှိတဲ့ ဦးဦးက

ဒီကိစ္စကို ကူညီပေးလိုက်မယ်... အိမ်ပြန်ရောက်တာနဲ့

နင့်အတွက် မောင်မောင်လေး တစ်ယောက် ရအောင်

ကြိုးစားပေးမယ်လေ... နင့်အဖေ အိမ်ပြန်ရောက်တာနဲ့

သူ့ကို စပရိုက် လုပ်ကြတာပေါ့ ... မကောင်းဘူးလား...."

## အခန်း (၄၉၁)

## ဆုလဒ်အသစ် ရရှိပြီ

ဖူး...

ဘေးတွင် ရပ်နေသည့် ချောင်ရှင်းမှာ ခစ်ကနဲ
အော်ရယ်လု နီးပါး ဖြစ်သွားခဲ့၏။

အတော်လေးကို စပရိုက် ဖြစ်သွားမှာပဲ...

"ယေး ယေး... မာမီ့ကို မောင်မောင်လေး
မွေးခိုင်းပြီးတော့ ဖေကြီးကို စပရိုက်လုပ်ပေးရမယ်...
အဲ့တာဆို ဖေကြီးလည်း သေချာပေါက်
ပျော်သွားမှာ..."ကလေးမလေးမှ ပျော်ရွှင်နေသည့်
မျက်ဝန်းတို့ဖြင့် ပြောလိုက်၏။

"အမှန်ပဲ.. သူအရမ်းကို ပျော်ပြီး စပရိုက် ဖြစ်သွားမှာ...

"

နာရီဝက်ကြာပြီးနောက် လင်းရီ မတ်တပ်ရပ်လိုက်ပြီး

"ရှင်းရှင်း..ကလေးကို မေးခိုင် ကာကွယ်ဆေးပေးပြီး

ဆေးမှတ်တမ်း ရေးပေးလိုက်.... "

"အိုကေ အစ်ကိုရီ... "

မကြာမှ ခွဲစိတ်မှု စတင်တော့မည် ဖြစ်သောကြောင့်

လင်းရီ ကျန်တာများကို ချောင်ရှင်းထံ

လွှဲထားခဲ့လိုက်၏။

အရေးပေါ်ခန်းထဲမှ ထွက်လာခဲ့ပြီးနောက် ခွဲစိတ်မှုမစတင်မီ နောက်ဆုံးပြင်ဆင်မှုများကို ပြုလုပ်ရန် လင်းရီ ခွဲစိတ်ခန်းထဲသို့ သွားလိုက်သည်။

"မင်း အခန်း နံပါတ် 801 က လူနာကို ဘယ်လိုလုပ်ဖို့ စီစဉ်ထားလဲ... "လင်းရီ သာမန်အတိုင်း မေးမြန်းလိုက်၏။

"ငါလည်း မသိသေးဘူး... ဆေးရုံက ပြောတဲ့ အတိုင်းပဲ နားထောင်ပြီးတော့ ငါတို့ အပိုင်း ငါတို့ လုပ်ကြတာပေါ့..."

လင်းရီ ဘာမျှ ထပ်မဆိုပဲ ခေါင်းညိမ့်လိုက်သည်။

သူ၏ မစ်ရှင်မှာ ခွဲစိတ်မှု ပြုလုပ်ရန်ပင်။ ယခုလို ကိစ္စမျိုးကိုတော့ ဆေးရုံကို ခေါင်းစားခိုင်းတာက ပိုကောင်း၏။

ယနေ့နှလုံးခွဲစိတ်မှုမှာ သာမန်ထက် အရေးကြီးသောကြောင့် လင်းရီနှင့် လီချူးဟန်တို့ နှစ်ယောက်လုံး အတော်လေး သတိထားရပေမည်။

"ဒါရိုက်တာလီ... ကျုပ်က ခေါင်းဆောင် ခွဲစိတ်သူ လုပ်ရမှာလား..."ခွဲစိတ်ခန်းထဲတွင် လင်းရီ မေးမြန်းလိုက်၏။

"နင်လုပ်ချင် လုပ်လေ... နိုင်မှာလား..."

"ပြဿနာ မရှိဘူး...."

"ကောင်းပြီလေ.. အဲ့တာဆို နင်က ခေါင်းဆောင် ခွဲစိတ်သူလုပ်.. ငါက လက်ထောက် လုပ်ပေးမယ်.... "

"ခေါင်းဆောင်လီ... ခင်များ အတည်ကြီး ပြောနေတာလား...ဒါကြီးကတော့ ဒေါက်တာလင်းကို အလိုလိုက်လွန်းသွားပြီ... ဒီလို ခွဲစိတ်မှုကြီးမှာ ဘယ်လိုလုပ်ပြီး ခေါင်းဆောင် ခွဲစိတ်သူ လုပ်ခိုင်းလိုက်တာ..."မေ့ဆေး ဆရာဝန် ဒေါက်တာလျိုမှ ပြောလိုက်၏။

"မပူနဲ့..  ဒေါက်တာလင်းရဲ့ အရည်အချင်းတွေနဲ့ဆို အေးဆေးပါ.. တကယ်လို့ အဆင်မပြေလာရင်လည်း ကျွန်မကိုယ်တိုင် ဝင်လိုက်မယ်လေ...... "

"ဒါပေမယ့် အန္တရာယ်

မများလွန်းဘူးလား..."ဒေါက်တာလျိုမှ ပြောလိုက်ပြီး

"လူနာရဲ့မိသားစုက ကျုပ်တို့ကို ဘာလက်ဆောင်မှ

မပေးထားဘူးဆိုရင်တောင်မှ သေချာလေး

ဂရုစိုက်ပေးရမယ်လေ... တကယ်လို့ ခွဲစိတ်မှု

အစပိုင်းမှာ လွဲချော်မှုတွေ ရှိသွားခဲ့ရင် နောက်ပိုင်းကျမှ

ဒါရိုက်တာလီကိုယ်တိုင် ဝင်ပြင်လို့ အရမ်း

ခက်ခဲမှာနော....."

မေ့ဆေးဆရာဝန်မှာ လင်းရီကို အထင်သေးနေခြင်း

မဟုတ်ပေ။ ယခု ခွဲစိတ်မှုမှာ အတော်လေး

အရေးကြီးလှပြီး အနည်းဆုံး ဆေးအတွေ့အကြုံ ဆယ်နှစ်မှ မရှိပဲနှင့်တော့ ခေါင်းဆောင်ခွဲစိတ်သူ လုပ်ရန် အရည်အချင်း မှီလိမ့်မည် မဟုတ်ချေ။

လီချူးဟန်ကဲ့သို့ ဂျီးနီးယပ် ဒေါက်တာကသာလျှင် ခေါင်းဆောင်ခွဲစိတ်သူလုပ်ဖို့ အရည်အချင်း ပြည့်မှီလေသည်။

လင်းရီကတော့ ဆေးရုံရောက်သည်ပင် တစ်လ မပြည့်သေးသောကြောင့် ယခု ခွဲစိတ်မှုကြီး တစ်ခုလုံးကို ခေါင်းဆောင်သွားဖို့ရာ မည်သို့မျှ မဖြစ်နိုင်ချေ။

"အဆင်ပြေတယ်... ကျွန်မ သူ့ကို

ယုံတယ်..."လီချူးဟန် ပြောလိုက်ပြီး "သူစွမ်းရည်သူ

ယုံကြည်နေသရွေ့ပေါ့.... "

မေ့ဆေးဆရာဝန် ခေါင်းဆောင်ကတော့ အတော်လေး

ကူကယ်ရာ မဲ့နေလေသည်။ ဒါရိုက်တာလီ၏

သဘောထားကို ကြည့်ပါက သူမ ဒေါက်တာလင်း၏

လှုပသည့် ရုပ်ရည်ထဲတွင် နစ်မြောနေသည့် ပုံပင်။

၎င်းတို့နှစ်ယောက်၏ စကားဝိုင်းကို လင်းရီ

ကြားနေရသော်လည်း ပြုံးရုံသာပြုံးပြီး ဘာမျှ

ဝင်မပြောချေ။ တစ်ဖက်လူ၏ သဘောထားကိုလည်း
လင်းရိ နားလည်ပေသည်။ သူ ခွဲစိတ်မှုခေါင်းဆောင်
လုပ်ချင်သည်ဆိုတာကလည်း ယခု ခွဲစိတ်မှုက
အတော်လေး ကြာမည် ဖြစ်သောကြောင့်ပင်။
အကယ်၍ လီချူးဟန် ဦးဆောင်ပါက အနည်းဆုံး
လေးနာရီခန့် ကြာမြင့်မည် ဖြစ်ပြီး သူဦးဆောင်
လျှင်တော့ သုံးနာရီတည်းနှင့် ခွဲစိတ်မှုမှာ
အောင်မြင်သွားလိမ့်မည်။

ယင်းက အချိန်နာရီ အများအပြားကို သက်သာစေနိုင်ပြီး
သူလည်း မစ်ရှင်ကို စောစီး အဆုံးသတ်၍ ရမည်ဖြစ်၏။

ခွဲစိတ်မှုမှာ လျှင်မြန်စွာ စတင်လာပြီး လင်းရီစနစ်မှ ချီးမြင့်ထားသည့် တန်ဆာပလာတို့နှင့်အတူ လူနာ၏ ရင်အုံကို ခွဲစိတ်လိုက်သည်။

ဆယ်မိနစ်ကြာပြီးနောက် လီချူးဟန်နှင့် မေ့ဆေးဆရာဝန်ခေါင်းဆောင်လျိုတို့မှာ မယုံကြည်နိုင်စရာ ကောင်းလှသည့် မြင်ကွင်းကို မျက်ဝါးထင်ထင်ကြုံတွေ့လိုက်ကြရ၏။

လင်းရီ၏ နည်းစနစ်မှာ အပိုအလိုမရှိ လျှပ်ရှားနေပြီး အစိတ်အပိုင်း တစ်ခုကို တွေ့လိုက်သည်နှင့် မည်သို့

ဆက်လုပ်ရမလဲဆိုတာကို လက်မှ အလိုအလျောက်

သိနေသကဲ့သို့ပင်။

"ကျုပ်တော့ တကယ်ကို

အထင်ကြီးမိသွားပြီ..."မေ့ဆေးခေါင်းဆောင်လျိုမှ

ပြောလိုက်ပြီး "အစက ဒါရိုက်တာလီက အရမ်း

အထင်ကြီးဖို့ကောင်းလှပြီ ထင်နေတာ... ဒါပေမယ့်

ခေါင်းဆောင်ခွဲစိတ်သူလင်းက ပိုပြီး အထင်ကြီးဖို့

ကောင်းနေမယ်လို့ မျှော်လင့်မထားဘူး..."

"ဒါရိုက်တာလင်းက အရမ်း ပါရမီရှိတာလေ..

"လီချူးဟန် လေးနက်စွာ ပြောလိုက်၏။

ထိုသို့ ပြောပြီးနောက် သူမ ပုဝါကို ယူကာ လင်းရီ

နဖူးထက်ရှိ ချွေးတို့အား ညင်သာကြင်နာစွာဖြင့်

သုတ်ပေးလိုက်၏။

ထို့နောက် လင်းရီကို လက်မ ထောင်ပြလိုက်ပြီး

"အရမ်းတော်တယ်...."

"အသေးမွှားလေးပါ..."

ခွဲစိတ်ပြီးနောက် နှစ်ယောက်သား အခန်းထဲမှ

ထွက်လာကာ အဝတ်များလဲရန် ဌာနထဲသို့

ရောက်လာကြလေသည်။ နေ့လည်ခင်းတွင်

မိန့်ခွန်းပြောရန်လည်း ကျန်နေသေး၏။ ထို့ကြောင့်

သူတို့ မြန်မြန်လုပ်ခါမှ အလျင်မှီပေလိမ့်မည်။

အချိန်မှာ ၁၂ ကျော်နေပြီး ဖြစ်သောကြောင့်

နှစ်ယောက်လုံး နေ့လည်စာစားရန် အချိန်မရှိတော့ချေ။

တစ်ချိန်တည်းတွင် လင်းရီထံသို့ စနစ်မှ အသိပေးစယ

ပို့လာလေသည်။

[ မစ်ရှင် အောင်မြင်စွာဖြင့် ပြီးမြောက်သွားပါပြီ ]

[ဆုလဒ် : အတွေ့အကြုံမှတ် တစ်သိန်းခွဲ...]

[အလုပ်ပြီးမြောက်နှုန်း : ၇၀ ရာခိုင်နှုန်း ]

[ဆုလဒ် : ယွမ် ၁၀ ဘီလီယမ်.... ]

ဆုလဒ်ကို မြင်တော့ လင်းရီ မျက်လုံးအရောင်

တောက်ပသွားခဲ့သည်။

ဖိုတိုလီတို ဂရပ်ဖီစက် ပြုလုပ်သည့် ပရောဂျက်မှာ အဆုံးမရှိသည့် တွင်းနက်ကြီးထဲသို့ ရေဖြည့်နေသည်နှင့် အလားသဏ္ဍာန်တူပြီး စနစ်မှ ၁၀ ဘီလီယံ ချီးမြင့်လာမှုက သူ့ကို အချိန်အတိုင်းအတာ တစ်ခုထိ အသက်ရှူချောင်သွားစေနိုင်သည်။

သို့သော်လည်း Cisco ကိစ္စ ကိုင်တွယ်ပြီးလျှင်တော့ လင်းရီ ပေါ်ယွမ်ယွမ်တို့ကို ခေါ်ကာ သူ၏ ပိုင်ဆိုင်မှုများကို သေချာပြန်စီမံရမည်။

[စနစ်မစ်ရှင် : ပိုးထည်တံခွန် တစ်ခု ရရှိပါ...]

[ ဆုလဒ် : အတွေ့အကြုံမှတ် သုံးသိန်း...]

စနစ်မှ ပေးလာသည့် မစ်ရှင်ကို မြင်တော့

လင်းရီမျက်လုံးများ ပြူးပြဲသွားခဲ့သည်။

အတွေ့အကြုံမှတ် သုံးသိန်း...

ယခု မစ်ရှင်သာ ပြီးမြောက်သွားမည်ဆိုပါက

သူတစ်ခါတည်း အဆင့်မြှင့် ဆုလဒ်ပါ ရရှိသွားနိုင်လေသည်။

"စနစ်.. ပိုးထည်တံခွန်က လူနာတွေဆီကနေ လိုက်လိုက်လဲလဲ ပေးမှ ရမှာမလား.. ငါ့ဘက်က တောင်းဆိုလို့ မရဘူးမလား..."

[ မှန်ပါတယ်.. စနစ်ရှင်က တောင်းဆိုခဲ့မယ်ဆိုရင် တရားမဝင်ပါဘူး...]

လင်းရီ ယခု အဖြေကို မျှော်လင့် ထားပြီး ဖြစ်၏။ စနစ်မစ်ရှင်ကတော့ အမြဲတမ်း ယခုလိုချည်းပင်။ လူသားများမှာ သူ့စည်းမျဉ်းအတိုင်း လိုက်နာပြီး cheat လုပ်လို့ မရသလို ထိန်းချုပ်လို့လည်း မရချေ။

သဘာဝအတိုင်း ဖြစ်ပျက်စေသည်က

အကောင်းဆုံးဖြစ်၏။

ထိုသို့ ဆိုလိုက်သော်လည်း ယခု မစ်ရှင်က

ခက်လားဆိုတော့ သေချာပေါက် မခက်ခဲချေ။

လီချူးဟန်ပင် ဆေးရုံတွင် နှစ်နှစ်မျှသာ

ရှိသေးသော်လည်း ပိုးထည်တံခွန်တို့ ရာချီနေအောင်

ရရှိပြီး ဖြစ်၏။

သူ၏ ဆေးပညာအရည်အချင်းနှင့်ဆိုလျှင်လည်း

တစ်ခုတစ်လေ ရဖို့ရာ ခက်ခဲလိမ့်မည်လို့ မထင်ပါချေ။

သို့သော်လည်း လုံးဝ အခက်အခဲ မရှိပြန်တာမျိုးလည်း မဟုတ်ချေ။ အဓိက စိန်ခေါ်မှုကတော့ ယခုကိစ္စမှာ အနည်းငယ် လက်ဆုပ်လက်ကိုင် ပြရန် ခက်ခဲလှ၏။

သူလည်း ပျင်းနေသောကြောင့် ယွမ်စီးချီကို မေးကြည့်ရာ လီချူးဟန်၏ မှတ်တမ်းမှာ တစ်ပတ်လျှင် ပိုးထည်တံခွန် သုံးခုရတတ်ကြောင်း သိလိုက်ရသည်။

သို့သော်လည်း လင်းရီ ဆေးရုံတွင် အချိန်အကြာကြီး ရှိနေပြီး လီချူးဟန်နှင့်လည်း အတူ ခွဲစိတ်မှုတွေ

ဆောင်ရွက်နေပါလျက်နှင့် သူကျ အဘယ်ကြောင့်

တခံခွန်တစ်ခုလေးတောင် မရသနည်း။

'လွယ်မလိုလိုနဲ့ ခက်နေပါပြီ...'

"ဘာတွေ အတွေးနက်နေတာ..."

လီချူးဟန် လင်းရီရှေ့တွင် ရပ်ပြီး "သွားစို့..."

"အိုကေ .. သွားကြမယ်.. "

"ဒါရိုက်တာလီ... ရှင်က ဒီဝတ်စုံနဲ့

အရမ်းလှနေတယ်ရော...."

လီချူးဟန် အဝတ်စားအသစ်များ ဝတ်ဆင်ထားသည်ကို

မြင်တော့ ချောင်ရှင်း ရင်သပ်ရှုမောဖြစ်သွားခဲ့ပြီး

"ဒီဝတ်စုံကို ဘယ်နားက ဝယ်ခဲ့တာ.. ကျွန်မလည်း

တစ်ထည်လောက် လိုချင်လို့.... "

"တိုင်းစက်ခွဲကလေ.... "

တိုင်းစကွဲမှ ဝယ်ခဲ့သည်ဟူသော အသံကြားတော့ ချောင်ရှင်း ထိုအတွေးကို ချက်ချင်း လက်လွှတ်လိုက်တော့၏။

ထိုနေရာမျိုးက သူမရှော့ပင်း ထွက်နိုင်သည့် နေရာမျိုး မဟုတ်ချေ။

"ဒါရိုက်တာလီ.. ဒီရဲ့ဝတ်စုံက သေချာပေါက် ရှင့်စတိုင်တော့ မဟုတ်ပါဘူး.... "ချောင်ရှင်း လက်ဝှေ့ယမ်းလိုက်ပြီး "မှန်မှန်ပြောစမ်း... အစ်ကိုရီ ရွေးထားပေးတာမလား...."

"ဘယ်သူရွေးပေးတယ်က အရေးမကြီးပါဘူး...

ငါနဲ့လိုက်ရင်ပြီးတာပဲ မလား... ခုကော

ကြည့်ရဆိုးနေလို့လား...."

"သေချာပေါက် လိုက်တာပေါ့...

ဒါရိုက်တာလီကအရမ်းလှနေတော့ အစ်ကိုရီနဲ့ဆို

ပိုတောင် လိုက်သေး.... "

"ပေါက်တတ်ကရတွေ ပြောမနေနဲ့..."လီချူးဟန်

ပြောလိုက်ပြီး "ဌာနက လူနာတွေကို

သေချာကြည့်ထားလိုက်ဦး... ဘယ်ချိန်

ပြန်ရောက်လာမလဲဆိုတာ ငါတို့လည်း

မပြောပြတတ်ဘူး... "

"အိုကေ အိုကေ.. ဒါရိုက်တာလီနဲ့ အစ်ကိုရီတို့

အလောတကြီး ပြန်လာစရာ မလိုပါဘူး.. ကျွန်မ

ကြည့်ကြပ် ကိုင်တွယ်ထားလိုက်မယ်.... "

"သေချာလုပ်... နင်က ပေါက်တတ်ကရတွေလောက်

လျှောက်ပြောတတ်တာ... "

အတွင်းလူနာဆောင်ထဲမှ ထွက်လာပြီးနောက် နှစ်ယောက်သား ဖူတန်တက္ကသိုလ်သို့ မောင်းလာခဲ့လိုက်သည်။

"လက်ချာကိုတော့ မင်းပဲ ပေးလိုက်တော့... "လင်းရီ ကားထဲတွင် ပြောလိုက်၏။

"နင်ကကော... "

"ငါက စင်အောက်ကနေ လက်ခုပ်တီးပေးမယ်.."

"ရတယ်လေ.. နင်လုပ်ချင်သလိုသာလုပ်... "

လီချူးဟာန်ကတော့ အမြဲတစေ ထိုအတိုင်းချည်းပင်။

လင်းရီ ပြောတိုင်း တစ်ခွန်းမျှ ငြင်းဆိုတယ်ရယ်ကို

မရှိချေ။

မကြာမီ ကျောင်းသို့ ရောက်ရှိလာပြီး ကားပါကင်တွင်

ကားရပ်ထားလိုက်၏။

"ငါ ခေါင်းဆောင်သွမ့်ကို သွားတွေ့မလို့..

နင်လိုက်ဦးမလား... "လီချူးဟာန် မေးမြန်းလိုက်၏။

"ငါက မင်းကို လက်ခုပ်တီးပေးဖို့အတွက်ပဲဆိုတော့ မလိုက်တော့ဘူး..."လင်းရီ ပြောလိုက်ပြီး "ဒီမှာ ကျောင်းတက်နေတဲ့ ညီမတစ်ယောက်ရှိတယ်... ငါသူ့ဆီ အရင်သွားကြည့်လိုက်ဦးမယ်... "

"ရတယ်လေ... "

မကြာမီ နှစ်ယောက်သား ကိုယ်စီ လမ်းခွဲလိုက်ကြ၏။ လင်းရီ ဖုန်းထုတ် ကုန်းကျင်းထံ ဆက်လိုက်လေသည်။

"ကျင်းကျင်း ငါ ကျောင်းရောက်နေတာ ....မင်းအခု ဘယ်မှာလဲ.. ...."

အခန်း (၄၉၂)

ပိုချစ်တတ်တာနဲ့ မြှာပွေတာက မတူဘူး...

"ဟင်.... အစ်ကိုရိုက တကယ်ကြီး ညီမတို့ကျောင်းကို

ရောက်နေတာလား...."

လင်းရီ၏ အသံကိုကြားတော့ ကျင်းကျင်း

ပြောမပြတတ်အောင် ပျော်ရွှင်သွားခဲ့သည်။

"ငါက ဘာလုပ်ဖို့ လိမ်ရမှာ...."

"ဒါနဲ့ အစ်ကိုတစ်ယောက်တည်း လာခဲ့တာလား...

မရီးကော ပါမလာဘူးလား..."

"တစ်ယောက်တည်း လာခဲ့တာ... သူကတော့

မအားသေးဘူး... ငါလည်း နေ့လည်စာ

မစားရသေးတာနဲ့ နင်တို့ ကျောင်းထဲ

ဝင်ခဲ့လိုက်တာလေ.... "

"အွန်း အဲ့တာဆို စောင့်နေ... ညီမလည်း ဘာမှ

မစားရသေးဘူး... ခုချက်ချင်း အစ်ကို့ဆီ လာခဲ့မယ်...."

"အိုကေ... ကျောင်းကန်သင်းမှာ စောင့်နေမယ်.... "

"အွန်း.... ရတယ်လေ..."ကျင်းကျင်း ရွှင်မြူးစွာဖြင့်
ပြောလိုက်သည်။

ဒုတိယတာဝန်ဟောခန်းအဝင်ဝတွင်တော့ နေကာထီး
အသေးလေးများ တန်းစီနေပြီး ထိုနေကာထီးများ၏
အောက်ဘက်တွင်တော့ ကျောင်းသား အများအပြား
နဖူးစည်းစာတန်းများ ကိုင်လျက်
မတ်တပ်ရပ်နေကြသည်။

ယင်းမြင်ကွင်းက လင်းရီနှင့် အတော်လေး

ရင်းနှီးနေလေသည်။

ပထမနှစ်ကျောင်းသားများ ကျောင်းစတက်ချိန်

ဖြစ်သောကြောင့် တက္ကသိုလ်ရှိ ကလပ်များအားလုံးမှာ

တက်ကြွစွာဖြင့် လူခေါ်ယူနေကြ၏။အတိတ်တွင်တော့

လင်းရီ ငယ်ရွယ်ပြီး မနူးမနပ်လေး ဖြစ်စဉ်အခါက

စီနီယာတစ်ချို့၏ အတင်းအဓမ္မ ခေါ်ယူမှုကြောင့်

အမျိုးသမီးများ၏ အတွင်းခံ အနံ့စမ်းသပ်ရေးနှင့်

သုတေသနပြုရေး ကလပ်ထဲသို့ ဝင်ရောက်ခဲ့ရ၏။

ထို့ပြင် လေးနှစ်လုံးလုံး သူ ထိုကလပ်မှ ထွက်ခွာခွင့်လဲ မရှိချေ။

'ဘယ်လိုတောင် အောက်မေ့စရာ ကောင်းလိုက်တဲ့ အမှတ်တရတွေပါလိမ့်ကွာ....'

ကန်သင်း၌ မိနစ်အနည်းငယ် ကြာအောင် စောင့်ဆိုင်းပြီးနောက် လင်းရီ နောက်ကျောမှ ကျင်းကျင်း၏ အသံကို ကြားလိုက်ရသည်။

"အစ်ကိုရီ...."

လင်းရီ လှည့်ကြည့်လိုက်သောအခါ ကျင်းကျင်း

တစ်ယောက်တည်းသာမက သူမအခန်းဖော်

ကျန်းနန်လည်း လိုက်ပါလာသည်ကို

မြင်တွေ့လိုက်ရလေသည်။

ကျင်းကျင်းကတော့ ဂျင်းစကတ်တို အပြာကို

ဝတ်ဆင်ထားပြီး လေဒီရှူး အဖြူရောင်ကို

စီးနင်းထား၏။ သူမှတ်မိသလောက်တော့

ကျီချင်းရန်ထံတွင်လည်း ထိုသို့ ဖိနပ်တစ်ရံရှိလေသည်။

နှစ်ယောက်မှာ ဆင်တူဝယ်ထားခြင်း ဖြစ်လောက်၏။

သူမ၏ အခန်းဖော် ကျန်းနန်ကတော့ ပို၍ ကြွန်ဖြေရစွာ
လုံလုံခြုံခြုံ ဝတ်ဆင်ထားသည်။ ဒူးအထိ
ဖုံးလွှမ်းထားသော ပြာဖျော့ဖျော့ စကတ်အပြာကို
ဆင်မြန်းထားကာ ယဉ်ယဉ်လေးနှင့် ရှုပျော်လှ၏။

"အစ်ကိုရီ.. ဒါက ညီမရဲ့ အခန်းဖော်.. ကျန်းနန်...
အစ်ကိုတို့ အရင်ကလည်း
တွေ့ဖူးသေးတယ်လေ.....မှတ်မိလား...."ကျင်းကျင်း
ပြောလိုက်၏။

"မှတ်မိသားပဲ... နင့်လည်ပင်းပေါ်က ဆွဲကြိုးကို

သူ့ဆီကနေ ဝယ်ထားတာမလား...."

"ဟုတ်တယ် ဟုတ်တယ်.. သူပဲ ရောင်းပေးလိုက်တာ...

အဲ့လိုဆို ညီမ

မိတ်မဆက်ပေးတော့ဘူးနော်...နေ့လည်စာသွားစားကြစို့

...."

ကျင်းကျင်း၏ ဦးဆောင်မှုအောက်တွင် သုံးယောက်လုံး

ကန်သင်း၏ ဒုတိယအထပ်သို့ ရောက်ရှိလာကြ၏။

ဖူတန်၏ ကန်သင်းမှာ လင်းရီ မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်နေသည်။ အထဲတွင် ရောင်းချသည့် အစားအသောက်တို့မှာ သူမျှော်လင့်ထားသည်ထက် ပို၍ ဈေးသက်သာနေခဲ့၏။ ယင်းကလည်း နာမည်ကြီး တက္ကသိုလ်များ၏ အားသာချက်တစ်ခုပင်။ ရန်ပုံငွေ အလုံအလောက်ရှိသောကြောင့် ကျောင်းသားများ၏ နေစရိတ် ထိုင်စရိတ်ကို အတော်လေး အကုန်ကျ သက်သာသွားစေခဲ့၏။ သာမန် တက္ကသိုလ်တို့မှာတော့ ထိုသို့ ပြုလုပ်ရန် မစွမ်းသာချေ။

"အစ်ကိုရီ ဘာစားမလဲ.. ညီမဝယ်ကျွေးမယ်လေ... "

"ခေါက်ဆွဲကြော်တစ်ပွဲပဲ မှာလိုက်ကွာ... "

"အိုကေ..."

လင်းရီ ခုံနေရာ အလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ပြီး

ကျင်းကျင်းနှင့် ကျန်းနန်တို့ နှစ်ယောက်ကတော့

အစားအသောက်များကို သွားမှာကြ၏။

မကြာမီ နှစ်ယောက်လုံး ဟင်းပွဲကိုယ်စီ

ယူဆောင်လာခဲ့ကြပြီး လင်းရီမှာလိုက်သည့်

ခေါက်ဆွဲကြော်အပြင် ဖူတန်၏ အထူးဟင်းလျာ ငါးကင်လည်း ယူဆောင်လာခဲ့ကြသည်။

"အစ်ကိုရီ မြည်းကြည့်ကြည့်... ဒါက ညီမတို့ကျောင်းရဲ့ စပယ်ရှယ်မီနူး ငါးကင်လေ...အရမ်း အရသာရှိတာ... "

"အင်း... ကြည့်ရသလောက်တော့ အတော်လေး စားကောင်းမယ့်ပုံပဲ..."

"ကြည့်ကောင်းရုံတင် ဘယ်ကမှာ .. အရမ်းလည်း အရသာရှိတယ်... မြန်မြန် မြည်းကြည့်ကြည့်.... "

လင်းရှိ ငါးအသား တစ်ဖက်ကို တူဖြင့် ညှပ်၍ ဝါးကြည့်လိုက်၏။ ကျင်းကျင်း ပြောသည့် အတိုင်း အရသာမှာ အတော်လေး ကောင်းမွန်းလှပြီးအပြင်ဆိုင် အကောင်းစားတို့မှ ရောင်းချနေသည့် လက်ရာများ အတိုင်းပင်။

"မဆိုးဘူး... မဆိုးဘူး...."

"ဟီးဟီး... အဲ့ဒါဆို အစ်ကိုရှိက အများကြီးစား...."

သူမပြောရင်း ကျန်းနန်ကို တံတောင်ဖြင့် တွတ်လိုက်၏။

"နန်းနန်း... ငါတို့ အခန်းထဲမှာတုန်းက နင်ပဲ ငါ့အစ်ကိုနဲ့

တွေ့ချင်တယ်ဆိုပြီး သောင်းကြမ်းနေတာ

မဟုတ်ဘူးလား... ခုကျတော့ ဘာလို့ ဘာစကားမှ

မပြောတော့တာ...."

"နင် ဘာတွေ လျှောက်ပြောနေတာ...."ကျန်းနန်

ရှက်သွေးဖြန်းသွားခဲ့ပြီး "ငါက နေ့လည်စာ

မစားရသေးလို့ နင်နဲ့အတူ

လိုက်ခဲ့ချင်ရုံလေးတင်ပါနော်... နင့်အစ်ကိုကို

တွေ့ချင်တယ်လို့လည်း မပြောမိပါဘူး...."

"အမ်... ဝန်မခံဘူးပေါ့... နင် ဒီမနက်တုန်းက ဂျင်းတွေ ဝတ်နေတာ မဟုတ်ဘူးလား...

ငါ့အစ်ကိုရောက်နေတယ်လည်း ကြားရော ဘာလို့ ကပျာကယာနဲ့ ဂါဝန်ကြီး လဲပစ်လိုက်တာ... ခု အခွင့်အရေးက နင့်ရှေ့မှာ ရောက်နေပြီလေ... နင်တန်ဖိုးထားမှ ရမှာနော်... "

"ငါ....ငါက ရာသီဥတုပူတော့ ဂျင်းနဲ့ မကိုက်ဘူးထင်လို့ လဲပစ်လိုက်တာ..."ကျန်းနန် အစားစားရင်း ရှက်ကိုးရှက်ကန်း ပြောလိုက်သည်။

"ဟုတ်လို့လား....အပူကြောက်တယ်ဆိုပြီး ဘာလို့ စတော်ကင်ကြီး ဝတ်ထားတာ..."ကျင်းကျင်းလည်း အလွတ်မပေးပဲ ထပ်မံစနောက်လိုက်၏။

"ပြီးတော့ နင်ပဲ ငါ့ယောင်းမ ဖြစ်ချင်တယ်ဆိုပြီး နေ့တိုင်း ဂျီထိုးနေတာ မဟုတ်ဘူးလား... ခုက ဝန်ခံဖို့ အချိန်ကောင်းပဲနော်... "

"နင်..နင်  မဟုတ်တာတွေ လျှောက်လျှောက်မပြောနဲ့... အစားကိုပဲ သေချာစားစမ်း...."ကျန်းနန်မှာ

ရှက်ရွံ့လွန်း၍ မျက်နှာမဖော်ရဲလောက်အောင်
ဖြစ်နေသည်။

လင်းရီကတော့ ၎င်းကို ပြုံးလျက်ကြည့်နေ၏။
တက္ကသိုလ်တက်နေသည့် မိန်းကလေးအများစုမှာ
ထိုအတိုင်းပင်။ အခန်းထဲတွင်တော့ အချင်းချင်း
မရှက်မရွံ့ ပြောချင်ရာ လျှောက်ပြောတတ်ကျပြီး
အပြင်သို့ ရောက်သည့် အချိန်တွင်တော့
ယုန်ဖြူလေးများကဲ့သို့ ကြောက်ရွံ့နေတတ်ကြသည်။
တစ်စုံတစ်ယောက်၏ နောက်တွင်

စက်ဘီးလိုက်စီးတာကပင် သူမတို့ကို

ရှက်သွေးဖြန်းအောင် လုပ်ဖို့ လုံလောက်လေသည်။

" ရှောင်ကျင်း..."

ကုန်းကျင်း သူမ သူငယ်ချင်းကို စနောက်နေစဉ်

ရုတ်တရက် သူမဘေးမှ အသံတစ်သံကို

ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်သောအခါ  ရောင်စုံရှပ်အင်္ကျီနှင့်

မျက်မှန်တပ်ထားသည့် ကောင်လေးတစ်ယောက်

လာနေကြောင်း မြင်တွေ့လိုက်ရ၏။

"အတန်းခေါင်းဆောင်...."ကျင်းကျင်း သူမ၏ တူများကို အောက်သို့ ချလိုက်သည်။

"ကျောင်းသား သမဂ္ဂအတွက် လူသစ်ခေါ်တဲ့အကြောင်း မေးပေးဖို့ မင်းငါ့ကို ပြောထားတယ်နော်.."လူငယ်မှ သူ၏ မျက်မှန်ကို အပေါ်သို့ တစ်ချက်တင်ရင်း "ငါခုလေးတင် ကျောင်း ညွှန်ကြားရေးမှူး ရုံးခန်းထဲမှာ ကျောင်းသား သမဂ္ဂအဖွဲ့ဝင်အသစ် မန်ဘာစာရင်းကို ကြည့်ခဲ့ပြီးပြီ... အဲ့ဒီထဲ မင်းမပါဘူး.... "

"အိုး... အဲ့လိုလား.. ကျေးဇူးပဲနော်..."ကျင်းကျင်း

ပြောလိုက်၏။

"စိတ်ထဲ ဝမ်းနည်းမနေနဲ့... ဒီတိုင်း ကျောင်းသား

အဖွဲ့အစည်း တစ်ခုလေးတည်းပဲ မဟုတ်ဘူးလား...

ဘာမှ ဝမ်းနည်းနေစရာ ဘာအကြောင်းမှ မရှိဘူး...."

"အင်း... ကျေးဇူးပါ အတန်းခေါင်းဆောင်..."

ခဏတဖြုတ် စကားပြောဆိုပြီးနောက် ကုန်းကျင်း၏

အတန်းခေါင်းဆောင်မှာ သူ၏

စားစရာများကိုကိုင်၍ ပြန်လည်ထွက်ခွာသွားခဲ့လေသ
ည်။

"ငါ ဘာပြောထားလဲ... နင်လျှောက်လည်း
သေချာပေါက် အရွေးခံရမှာ မဟုတ်ပါဘူးလို့...
ဒါပေမယ့် နင်မှ နားမထောင်တာ... ခုတော့ နင်ငါ့ကို
ယုံပြီမလား..."ကျန်းနန် ဆရာမကြီး လေသံဖြင့်
ပြောလိုက်သည်။

"ဘာဖြစ်လဲ.. အရွေးမခံရတော့လည်း
အရွေးမခံရဘူးပေါ့...."

"ဘာလဲဖြစ်တာ... တစ်ခုခုဖြစ်လို့လား..... "လင်းရီ သာမန်လေသံဖြင့် မေးလိုက်သည်။

"ဒီကို အစ်ကိုရီ ...ကျွန်မတို့ ကျောင်းသားသမဂ္ဂက အရမ်း မောက်မာတာ... သူတို့ ကျောင်းသားသစ်တွေ ခေါ်ရင် ဝင်ကြေးလည်းတောင်းတယ်... တကယ်လို့ အဲ့ဒီ ကြေးပေးထားရင်တောင်မှ အရွေးခံရဖို့ အခွင့်အရေး နည်းနည်းလေးပဲ ရှိတယ်... ကျင်းကျင်းက မယုံတော့ ပိုက်ဆံ မပေးပဲ သွားလျှောက်လိုက်တယ်လေ.. ခုတော့ သူ အရွေးမခံရဘူး... "

ကျန်းနန် ပြောပြလိုက်၏။

"ဆိုတော့ ဒီလိုကိုး...."

လင်းရှိ စိတ်ထဲ ထားမနေခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် တက္ကသိုလ်များတွင် ယင်းက သာမန်ကိစ္စသာ ဖြစ်သောကြောင့်ပင်။

သာမန်တက္ကသိုလ်များတွင်တော့ ကျောင်းသား သမဂ္ဂ အဖွဲ့အစည်းမှာ သာမန်အဖွဲ့အစည်း တစ်ခုမျှသာဖြစ်ပြီး လုံးဝ အသုံးမဝင်သို့သော်လည်း ဖူတန်ကဲ့သို့ နာမည်ကြီး

တက္ကသိုလ်မျိုးတွင်တော့ အခြေအနေတို့မှာ

ကွာခြားသွားခဲ့၏။

အကယ်၍ တစ်စုံတစ်ယောက်မှ ကျောင်းသားသမဂ္ဂထဲ

ဝင်ရောက်နိုင်သည့်ခေါင်းစဉ်တစ်ခုရရှိပါက

ဘွဲ့ယူပြီးနောက် အလုပ်ရှာရာတွင် ပို၍ မျက်နှာပန်း

လှလေသည်။

ထိုအခြင်းအရာကြောင့်လည်း လူတော်တော်များများက

ကျောင်းသားသမဂ္ဂထဲသို့ ဝင်ရန်

ကြိုးပမ်းနေကြခြင်းဖြစ်၏။

လင်းရီလည်း ထိုသေးငယ်သည့် စိန်ခေါ်မှုလေးက လုံးဝ အဆိုးကြီးမဟုတ်ဟု ခံစားမိ၏။ အဘယ်ကြောင့် ဆိုသော် အပြင်ဘက်ရှိ စစ်မှန်သည့် လောကကြီးမှာ ထိုထက်ပို၍ ရက်စက်နေသောကြောင့်ပင်။

"ဘာမှ မဖြစ်ပါဘူးဟယ်... အဲ့လိုအဖွဲ့အစည်းထဲမှာ ရှိနေလည်း ဘာထရိန်နင်မှ မရလောက်ဘူး... ကုန်းကျင်း ပြောလိုက်ပြီး "နောင်တရစရာ အကြောင်းလည်း မရှိပါဘူး..."

"နင်အဲ့လိုတော့ ဘယ်ပြောလို့ ရမှာ...

နင်အဲ့ထဲရောက်ရင် အနည်းဆုံးတော့

အဆက်အသွယ်တွေ ကျယ်ပြန့်သွားမယ်လေ...

"ကျန်းနန်ပြောလိုက်ပြီး "ဒါပေမယ့် နင် တကယ်ကြီး

ကျောင်းသားသမဂ္ဂထဲ ဝင်ချင်ရင်တော့

သမဂ္ဂခေါင်းဆောင်ကျူးကို

သွားပြောလို့ရတယ်မဟုတ်ဘူးလား...

နင်တောင်းဆိုလို့ကတော့ သူသေချာပေါက်

ကူညီမှာပါဟ...."

"ဟမ့်...သူ့အကြောင်း လာမပြောစမ်းနဲ့.. အရမ်း

စိတ်အနှောင့်အယှက်ဖြစ်စရာ

ကောင်းလွန်းတယ်....."ကုန်းကျင်းမှ အထင်သေးသည့်

လေသံဖြင့် ပြောဆိုလိုက်သည်။

"နင်က တစ်ခုခုတော့ တစ်ခုခုပဲ... ဘာပဲ ဆိုဆို

ကျူးရှစ်လုံက ကျောင်းသားသမဂ္ဂ ခေါင်းဆောင်လေ...

နင့်လို ဖရက်ရှာဂျူနီယာလေးကို

ပိုးပန်းနေတယ်ဆိုတော့

နင့်အတွက် ဘယ်လောက်တောင် ဂုဏ်ရှိလိုက်လဲ...

ဒါတောင်မှ နင်က ငြင်းနေသေးတယ်ဆိုတော့ နင် ဘယ်လောက်ကံကောင်းလဲဆိုတာ မသိဘူးပဲ.... "

"အလကား... သူက မြှာပွေတဲ့ကောင်ဆိုတာ တစ်ကျောင်းလုံးသိတယ်... ဘာလို့ အဲ့လိုကောင်မျိုးကို ထည့်စဉ်းစားနေရမှာ...."ကုန်းကျင်း ပြောလိုက်ပြီး "ငါ အနာဂတ်ကျ ကောင်လေးရှာလို့ရှိရင် အစ်ကိုရီလို စရိုက်ရှိတဲ့သူမျိုးပဲ ရှာမှာ... မဟုတ်လို့ကတော့ တစ်သက်လုံး အပျိုကြီးပဲ လုပ်လိုက်တော့မယ်..."

ငင်းကိုကြားတော့ လင်းရီ ကျေနပ်မှုအပြည့်ဖြင့် ခေါင်းညိမ့်လိုက်သည်။

'ဒီရဲ့ အတွေးအခေါ်က မဆိုးဘူး...'

မည်သို့ပင်ဆိုစေ ပိုချစ်တတ်သူနှင့် မြှာပွေ့သူကြားထဲတွင် အဓိက ကျသည့် ခြားနားမှုတို့ ရှိလေသည်။

အခန်း (၄၉၃)

သူက ဒါရိုက်တာလင်း

သုံးယောက်သား စကားပြောနေကြစဉ် ရုတ်တရက်
လူဆယ်ယောက်ကျော်သည့် ကျောင်းသားတစ်စုမှာ
တံခါးပေါက်မှတစ်ဆင့် အထဲသို့ ဝင်လာကြောင်း
သတိထားမိလိုက်၏။ အမျိုးသား အများအပြားနှင့်
အမျိုးသမီးတို့မှာကောင်လေးတစ်ယောက်နောက်မှ
နောက်လိုက်သဖွယ် လိုက်ပါလာခဲ့ကြလေသည်။

"ကျင်းကျင်း... ဟိုမှာ နင့်ရဲ့လိပ်ပြာလေး လာနေပြီ... "

"ဖီး… မြန်မြန် နင့်ခေါင်းကို ငုံ့ထား… ဒီမှာ ငါ့ကို တွေ့သွားလို့ကတော့ သေချာပေါက် စကားလာပြောတော့မှာ… သူ မမြင်စေနဲ့…

"နောက်ကျသွားပြီထင်တယ်နော… သူ ငါတို့ဘက် ကို လျှောက်လာနေပြီ… "ကျွန်းနန် လှောင်ပြောင်သည့် လေသံဖြင့် ပြောလိုက်၏။ စောနက သူမကို အရှက်ရအောင် လုပ်ထားသမျှ အပြည့်အဝ လက်စားပြန်ချေနေလေသည်။

"သွားပြီ…."

"နင် သူ့ကို မတွေ့ချင်ဘူးဆိုရင်လည်း ငါတို့ ပြန်ကြရအောင်လေ… စားလို့လည်း ပြီးနေပြီ မဟုတ်ဘူးလား…"

"အွန်း အွန်း…."

ကုန်းကျင်း မတ်တပ်ရပ်လိုက်ပြီး "အစ်ကိုရီ… ညီမ ခု အချိန်ပိုင်း ကျူတာ အလုပ်ရထားတယ်… လခ ထုတ်ရင် အစ်ကိုနဲ့ မရီးကို ထမင်းလိုက်ကျွေးမယ်နော်… မရီးကိုလည်း သေချာပေါက် ပါအောင် ခေါ်ခဲ့ဦး.. ညီမတို့က အနာဂတ်ကျရင် မိသားစုတွေ

ဖြစ်လာမှာဆိုတော့ သေချာပေါက် သွေးအေးနေလို့

ဘယ်ဖြစ်မှာ... "

"အိုကေလေ... ငါအဲ့ချိန်ကျ သူ့ကို ရအောင်

ခေါ်လာခဲ့မယ်..."

သို့နှင့် ကုန်းကျင်း ပန်းကန်များကို ထပ်လိုက်ပြီး "နင်တို့

အရင်သွားနှင့်လိုက်ကြ.. ငါ ဒါတွေကို

ဆေးကြောတဲ့နေရာ သွားပို့ထားလိုက်ဦးမယ်..."

"အွန်း အွန်း..."

သုံးယောက်လုံး ကန်းကန်များ ထပ်ပြီးခါစတွင်

ကျူးရှစ်လုံ ရောက်ချလာခဲ့၏။

"ရှောင်ကျင်း... မင်းလည်း ဒီမှာ စားနေတာလား... "

ထိုသို့ပြောလိုက်သော်လည်း ကျူးရှစ်လုံ၏

အကြည့်များကတော့ လင်းရီကို ရန်မူစွာဖြင့်

ကြည့်နေလေသည်။

"ဟုတ်တယ်... "

ကုန်းကျင်း ဖာသိဖာသာ ခေါင်းညိမ့်လိုက်၏။ ထို့နောက် ကျူးရှစ်လုံနှင့် စကားဆက်ပြောဖို့ ရည်ရွယ်ချက်မရှိသည့်ဟန်ဖြင့် ထွက်ခွာရန် ဟန်ပြင်လိုက်လေသည်။

"ရှောင်ကျင်း... မင်း မသွားနဲ့ဦးလေ..."

"စီနီယာ... ရှင် ဘာကိစ္စရှိလို့လဲ..."

"ငါ သတင်းကြားတာတော့ မင်း အရွေးမခံရဘူးဆို...."

"ဟုတ်တယ်... ဒါပေမယ့် အရေးကြီးတာတာမှ

မဟုတ်တာ... ကျွန်မလည်း ဂရုစိုက်မနေပါဘူး... "

"ရှောင်ကျင်း... မင်းအဲ့လို ပြောလိုက်တာကြီးကတော့

မဟုတ်သေးဘူး.. ကျောင်းသား သမဂ္ဂဆိုတာက

အရေးကြီးတဲ့ အဖွဲ့အစည်းတစ်ခုပဲ... မင်းသာ

ပါဝင်နိုင်မယ်ဆိုရင် သေချာပေါက်

အကျိုးအမြတ်များမှာ... "ကျူးရှစ်လုံ ပြောလိုက်ပြီး

"ဒီလိုဆိုရင်ကော..

မင်းလျှောက်လွှာအသစ်ထပ်ရေးလိုက်...

အချိန်ကျလာရင် ငါမင်းကို သီးသန့်

အင်တာဗျူးပေးမယ်... မင်းရဲ့ အရည်အချင်းတွေနဲ့ဆိုရင်

ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်ဖြစ်ဖို့ ပြဿနာ မရှိဘူး...

ပြီးတော့ မင်းသာ ကောင်းကောင်းလေး

ကြိုးစားပေးနေသရွေ့ ငါလည်း မင်းဘက်ကနေ

ကူပြောပေးမယ်... အနာဂတ်ကျရင်

ဌာနခေါင်းဆောင်တောင် ဖြစ်နိုင်ချေရှိသေးတယ်.... "

ကျူးရှစ်လုံ၏ ပျော်ရွှင်နေသည့် မျက်နှာထားကို

မြင်တော့ လင်းရီ ကျန်းနန်၏ နားအနား တိုးကပ်၍

တီးတိုးပြောလိုက်၏။ "ဒီကောင်က

ပုံမှန်စကားပြောရင်လည်း ဒီလိုပဲလား... လေသံက အတော်လေးကို မြောက်ကြွမြောက်ကြွနဲ့... "

ကျန်းနန် သေချာလေး ခေါင်းညိတ်လိုက်ပြီး "သူ့အဖေက ကျောင်းရဲ့ဒါရိုက်တာလေ.. ဆိုတော့ သူက ကျောင်းမှာ အတော်လေး အာဏာရှိတယ်လို့ ပြောလို့ရတယ်... ဒါကြောင့်မို့လည်း သူက ကျောင်းသားသမဂ္ဂမှာ ဗီတိုအာဏာ ရထားသလိုမျိုး ဖြစ်နေတာလေ... အကုန်လုံးက သူပြောတဲ့အတိုင်း လိုက်နာရတယ်...."

"ဒါကြောင့်မို့ ဒီကောင် ဒီလိုမျိုး

အောက်ခြေလွတ်နေတာကိုး...."

ကျန်းနန်လည်း အပြုံးလေးဖြင့် ခေါင်းညိမ့်လိုက်သည်။

စိတ်ထဲတွင်တော့

'ကျင်းကျင်းရဲ့ အစ်ကိုက အရမ်းကို ထူးခြားပြီး

ပြောရဆိုရလွယ်တာပဲ...'

"မင်းတို့ ဘာအကြောင်းတွေ

ပြောနေကြတာလဲကွ..."ကျူးရှစ်လုံ လင်းရီကို

မကျေမချမ်းကြည့်လိုက်သည်။

"ဘာမှမပြောပါဘူး..."ကျန်းနန် အရေးတကြီး ရှင်းပြလိုက်ပြီး "စီနီယာ နားကြားမှားတာ ဖြစ်မှာပါ..."

"နားကြားမှားတယ်...."ကျူးရှစ်လုံ လင်းရီကို ဘုကြည့်ကြည့်လိုက်ပြီး "ငါက အတော်လေး အောက်ခြေလွတ်နေတယ်လို့ နားကြားမှားလိုက်သလားပဲ..."

ကျူးရှစ်လုံ၏ မျက်နှာ အမူအရာမှာ ခင်မင်ဖွယ်ရာ ကောင်းမနေပေ။ သူ ကုန်းကျင်းကို စစ ရောက်ချင်းကတည်းက လိုက်ပိုးပန်းနေသော်လည်း

သူမနှင့် ထမင်းအတူစားရန် တစ်ခါမှ

အခွင့်အရေးမရခဲ့ချေ။ ယခုတော့

ဘယ်ကျောင်ဂလောင်က

ထွက်လာမှန်းမသိသည့်ကောင်က

နှိုက်မြည်းသွားခဲ့ချေပြီ။

'ဒီကောင်က ကျောင်းသားသစ်လားကွ.. ဒီကျောင်းမှာ

ငါ့စကားက အမိန့်ဆိုတာ ဒီကောင်မသိသေးတာလား....'

"မဟုတ်ဘူး... မင်း နားကြား မှားတာ.."လင်းရီ

ရယ်မောလိုက်ပြီး "မင်းက အတော်လေး

ဖျင်ခေါင်းကျယ်တဲ့ကောင်ပဲလို့ ပြောတာ....

အောက်ခြေလွတ်တယ်လို့ မပြောဘူး...."

ဟစ်....

ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်တိုင်း အဆုတ်ထဲသို့

လေအေးများ ရှူရှိုက်လိုက်ကြရသည်။

ဒီကောင်က စကားကို ဘယ်လိုတွေ

ပြောနေတာလဲဟ...

သူ ခေါင်းဆောင်ကျူးကို တကယ်ကြီး အဲ့လို

ပြောလိုက်တယ်တဲ့လား....

"မင်း ပြောရဲရင် ထပ်ပြောလိုက်စမ်း..."

သွေးဆူလွယ်သည့်

တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သည့်အပြင်

သူ့ဖခင်၏ နောက်ခံတောင့်တင်းသည့် အချက်တို့နှင့်

ပေါင်းစပ်လိုက်သောအခါ ကျူးရှစ်လုံ၏ စရိုက်မှာ

အတော်လေး ဆိုးသွမ်းနေပြီး ဖြစ်၏။

ကျောင်းတွင်လည်း ဆရာများမှလွဲ၍ သူ့ကို မည်သည့်
ကျောင်းသားကမျှ မရိုင်းပြဝံ့ကြချေ။

လင်းရီ ကျူူးရှစ်လုံ၏ ပခုံးကို နှစ်ချက်သုံးချက်
ပုတ်လိုက်ပြီး "ညီငယ်လေး ... မင်း ဒီအစ်ကိုကြီးရဲ့
ရှေ့မှာလာပြီး မမောက်မာပြနဲ့...ပြီးတော့ ငါ့ညီမလည်း
ဒီမှာ စာသင်နေတယ်... မင်း သူ့ကို မနှောင့်ယှက်နဲ့...."

ထို့နောက် လင်းရီ ကုန်းကျင်း၏ ပခုံးကို ဖက်၍
ကန်သင်းမှ ထွက်လာခဲ့လိုက်လေသည်။

"အဲ့မှာ ရပ်နေစမ်း.."ကျူးရှစ်လုံ လင်းရီကို နောက်မှ အော်ဟစ်လိုက်ပြီး "မင်းခုနက ပြောတာကို ပြန်ပြောလိုက်စမ်း..."

အကယ်၍ လင်းရီ သူ့နောက်ကွယ်တွင် ပြောသည်ဆိုပါက ကျူးရှစ်လုံ မည်သို့မျှ တုံ့ပြန်လိမ့်မည် မဟုတ်သော်လည်း ယခုတော့ သူ့ သမဂ္ဂ အဖွဲ့ဝင်အများအပြားရှေ့တွင် ထိုသို့ ပြောဆို သွားခဲ့လေသည်။ ယင်းက အတိအလင်း စော်ကားလိုက်ခြင်းဖြစ်၏။သူ့ဘက်မှ ပြန်မတုန့်ပြန်ပါက

ကျူူးရှစ်လုံ သူ့မျက်နှာကို မည်သို့ သွားထားရမှန်း

သိလိမ့်မည် မဟုတ်တော့ချေ။

"မင်းက ဘာကို ပြန်ပြောစေချင်နေတာ...."

"မင်း ဘယ်သူ့ကို ညီငယ်လေးလို့

ခေါ်နေတာလဲဟျောင့်...."

"ဒါပေါ့... မင်းကိုပြောနေတာလေ.."လင်းရီ

ပြောလိုက်ပြီး "မဟုတ်ရင် ဘယ်သူ့ကို ပြောရမှာ...."

ပတ်ဝန်းကျင်ရှိ လူတိုင်း ပြုံးစိစိ ဖြစ်သွားခဲ့ကြ၏။

ထိုစကားလုံးမှာ ကွဲပြားသည့် အဓိပ္ပာယ်ကို

ဆောင်နေသော်လည်း ကျူးရှစ်လုံရှေ့တွင်

ရယ်မောလိုက်၍ မဖြစ်ချေ။ မဟုတ်ပါက သူတို့

စာသင်နှစ် တစ်လျှောက်လုံး ကံဆိုးသွားနိုင်သည်။

ကျန်းနန်ကတော့ လင်းရီကို ရိုသေကိုးစားသည့်

မျက်ဝန်းတို့ဖြင့် ကြည့်နေမိ၏။

'ကျင်းကျင်းရဲ့ အစ်ကိုက အရမ်းကို

ပွင့်ပွင့်လင်းလင်းရှိတာပဲ.. မောက်မာတာမျိုးလည်း

မရှိဘူး... ဟိုရဲ့ကျောင်းသူတော် ကြွက်သူခိုးတွေထက်
အများကြီးသာတယ်....'

"မင်းမြေနိုး......"

ကျူးရှစ်လုံ သူ၏ ဒေါသကို မထိန်းချုပ်နိုင်တော့ပဲ
လင်းရီထံ ရက်စက်ကြမ်းကြုတ်စွာဖြင့်
ပြေးဝင်လာခဲ့၏။

"ဥက္ကဌသွမ့်... ဒါရိုက်တာကျူး....."

ထိုအချိန်တွင်ပဲ ကန်သင်း၏ လှေကားထစ်မှ

အသံဗလံများကို ကြားလိုက်ရပြီး ကျူးရှစ်လုံ၏

ကြမ်းတမ်းခက်ထန်နေသည့် ဒေါသများ ရုတ်ချည်း

ငြိမ်သက်သွားတော့၏။

မကြာမီ အပြင်ဘက်မှ လူအုပ်ကြီး

လမ်းလျှောက်လာသည်ကို မြင်တွေ့လိုက်ရလေသည်။

ထိုလူအုပ်ကြီးကိုတော့ အဘိုးကြီးနှစ်ယောက်မှ

ဦးဆောင်လာခဲ့ခြင်းဖြစ်၏။

ထိုအထဲမှ တစ်ယောက်ကတော့ သွမ့်ရုံချမ်းပင်။

ကျန်တစ်ယောက်ကတော့ အရပ်မမြင့်မားပဲ

အနည်းငယ်လည်း ဝဖိုင့်ဖိုင့် ရှိသည်။ လင်းရီ ထိုသူ၏

နာမည်ကိုတော့ လုံးဝ မသိချေ။

သို့သော်လည်း သူတို့ ပြောနေကြသည့်

ဒါရိုက်တာကျူးဆိုသူကတော့

ထိုသူဖြစ်လိမ့်မယ်ဆိုတာကို လင်းရီတပ်အပ်

ပြောနိုင်လေသည်။

ထပ်ပေါင်းအနေဖြင့် ကျန်းနန်မှ သူ့ကို ကျူးရှစ်လုံ၏

နောက်ခံအကြောင်း ရှင်းပြပေးထားပြီး အကယ်၍

သူခန့်မှန်းတာ မမှားပါက ထို ပုကွကွ ဖက်တီးကြီးမှာ

ကျူးရှစ်လုံ၏ ဖခင် ဖြစ်သင့်၏။

"ဒါရိုက်တာလင်း... ကျုပ်တို့က ဒါရိုက်တာလင်းကို

လိုက်ရှာနေတာ...."သွမ့်ရုန်ချွမ်း လင်းရီလက်ကို

အားပါးတရဆွဲလိုက်ပြီး ပျောက်ဆုံးနေသည့်

သူ့အဖေကို ပြန်တွေ့လိုက်ရသကဲ့သို့ အပျော်ကြီး

ပျော်နေတော့သည်။

"ကျုပ်ကို ရှာနေတယ်..."

"ဒါရိုက်တာလီနဲ့ ဒါရိုက်တာလင်းတို့က

ကျုပ်တို့ကျောင်းမှာ မိန့်ခွန်းလာပြောမယ်ဆိုမှတော့

ထမင်းတစ်နပ်လောက်မှ လိုက်မကျွေးရင်

ဧည့်ဝတ်မကျေပွန်ရာ

ကျမှာပေါ့...ဒါပေမယ့်  ဒါရိုက်တာလင်းကလည်း ဘာလို့

ကန်သင်းမှာ စားလိုက်တာ...ကျုပ်တို့က

ထမင်းဖိတ်ကျွေးချင်လို့

လိုက်ရှာတာနဲ့နေပြီ....."သွမ့်ရှန်ချွမ်း ပြောလိုက်၏။

ဝင်းကိုကြားတော့ ရောက်ရှိနေကြသည့် လူတိုင်း

ကြက်သေသေသွားကြတော့သည်။သူတို့

ထင်ယောင်ထင်မှား ဖြစ်နေသည့် အလား

ခံစားနေကြရ၏။

ဥက္ကဌသွမ့်က ဒီလူ့ကို ဒါရိုက်တာလို့

ခေါ်လိုက်တယ်လား...

ဒီလူက ဘယ်ကမ္ဘာ့ရဲ့ ဒါရိုက်တာပါလိမ့်....

"ကျုပ်က ဒါရိုက်တာလီကို လက်ခုပ်တီးပေးဖို့ပဲ

လိုက်လာခဲ့တာ .. ဘာမှ အရေးကြီးတာမဟုတ်ဘူး...

ဒီမှာ ကျောင်းတက်နေတဲ့ ကျုပ် ညီမလည်း ရှိတာနဲ့

ကြုံတုန်း သူနဲ့ အတူ

ထမင်းစားလိုက်တာလေ…ဥက္ကဌသွမ့် အရမ်း

ယဉ်ကျေးနေစရာ မလိုပါဘူး…."

သွမ့်ရုန်ချွမ်း၏ အကြည့်မှာ ကုန်းကျင်းထံသို့

ရောက်သွားလေသည်။

"ဒါရိုက်တာလင်း… သူမက ခင်များရဲ့ညီမလေးလား…"

"ဟုတ်ပါတယ်ရှင့်.. ကျွန်မက ဆေးဌာနက ပထမနှစ်

ကျောင်းသူပါ…"

"ဘာလို့ စောကြီးကတည်းက

မပြောတာလဲ..."သွမ့်ရှုန်ချွမ်း ရယ်မောလိုက်ပြီး

"ဒီကလေးရဲ့ ကြွန်အင်လက္ခဏာကို ကြည့်လိုက်တာနဲ့

အကျင့်စရိုက်ကောင်းမွန်ပြီးတော့

အရမ်းတော်တယ်ဆိုတာ ထင်ရှားနေတာပဲလေ...

တကယ်လို့ မင်းသာ ကြိုးစားမယ်ဆိုရင် အခု နှစ်ဆုံး

စာမေးပွဲမှာ အထူးစကောလားရှစ်ပါ ရနိုင်တယ်...."

ဉာဏ်ရည်ကောင်းသည့် လူတိုင်း  သွမ့်ရှုန်ချွမ်း၏

စကားလုံးများကို နားလည်ပေသည်။

ထိုအထူးစကောလားရှစ်မှာလည်း ကုန်းကျင်းအတွက်

အထူးပြင်ထားပေးခြင်း ဖြစ်၏။

"ကျေးဇူးပါ ကျောင်းအုပ်သွမ့်..."

ကုန်းကျင်း တောင့်တင်းနေသည့် လေသံဖြင့်

ပြန်ဖြေလိုက်သည်။ သူမ စိတ်မှာလည်း

မိန်းမောတွေဝေနေလေသည်။

ဒါရိုက်တာသွမ့်ကတောင် ဒီလိုမျိုး ဆက်ဆံပေးရလောက်အောင် အစ်ကိုရီက ဘာတွေများ လုပ်ထားလို့ပါလိမ့်....

"ဘာလို့ ယဉ်ကျေးနေတာ.. မင်းနဲ့ ထိုက်တန်လို့ ရတာပဲလေ..."

သွမ့်ရုန်ချွမ်း အပြုံးလေးဖြင့် ပြောလိုက်ပြီး သူ၏ အမူအရာကို တည်တံ့လိုက်ကာ လင်းရီကို အခြားကျောင်းသားများထံ မိတ်ဆက်ပေးလိုက်၏။

"အားလုံးကို မိတ်ဆက်ပေးမယ်... ခု ငါ့ဘေးမှာ

ရပ်နေတဲ့ ပုဂ္ဂိုလ်က ဟွာရှန်းဆေးရုံ နှလုံးအထူးကု

ဌာနက လက်ထောက်ဒါရိုက်တာပဲ... ငါတို့ ဖူတန်နဲ့

ပေါင်းစည်းထားတဲ့ ဆေးရုံပေါ့... သူ့ရဲ့နာမည်က

လင်းရီ... နေ့လည်ခင်းမှာ မင်းတို့တစ်တွေကို

လက်ချာပေးမှာပါ ဒါရိုက်တာလင်းနဲ့ ဒါရိုက်တာလီပဲ...."

## အခန်း (၄၉၄)

## ဘာအရေးကြီး ကိစ္စလဲ

"ဒါရိုက်တာလင်း...."

လင်းရီဘယ်သူလဲဆိုတာကို ကြားသိလိုက်ရတော့
လူတိုင်း အကြီးအကျယ် ရှော့ခ်ရသွားခဲ့ကြသည်။

သူတို့အားလုံးမှာ ဆေးကျောင်းသားများ ဖြစ်ကြပြီး
ထိုနယ်ပယ်ရှိ ရာထူးအဆင့်အတန်းတို့ကိုလည်း
အနည်းနှင့်အများတော့ နားလည်ထားကြလေသည်။
ဒါရိုက်တာရာထူးသို့ ရောက်နိုင်ကြသူတို့မှာ ပုံမှန်ဆိုရင်
အနည်းဆုံးတော့ အသက် ၃၅ နှစ်လောက် ရှိကြ၏။
ယင်းကပင် အသက်အငယ်ဆုံးဟု ဆိုရမည်။ ယခုတော့
သူတို့ရှေ့တွင် ရပ်နေသူမှာ အလွန်ဆုံးရှိလှ နှစ်ဆယ့်ငါး
သို့မဟုတ် နှစ်ဆယ့်ခြောက်နှစ်ပင်။

ဒီလောက်ငယ်ငယ်လေးနဲ့ ဘယ်လိုလုပ်ပြီး ဟွာရှန်းဆေးရုံရဲ့လက်ထောက်ဒါရိုက်တာ ဖြစ်လာတာလဲဟ...

"ရှီ... အစ်ကိုရှီ..... အစ်ကိုက တကယ်ကြီး ဟွာရှန်းဆေးရုံရဲ့ဒါရိုက်တာလားဟင်..."ကုန်းကျင်း မယုံကြည်နိုင်သည့် လေသံဖြင့် မေးမြန်းလိုက်၏။

လင်းရှိ ပခုံးတွန့်လိုက်ပြီး "ဒီလိုပါပဲ.. ပြုတ်စဗျင်းတောင်းကြီး ဒါရိုက်တာ ဖြစ်လာခဲ့တာ...."

"ဒါရိုက်တာလင်းကတော့ နိမ့်ချလွန်းနေပါပြီ...

ဒါရိုက်တာလင်းရဲ့ ဆေးပညာ အရည်အချင်းနဲ့ဆိုရင်

သေချာပေါက် ဒါရိုက်တာဖြစ်ဖို့ လုံလောက်တာထက်ကို

ပိုနေသေးတယ်... ကျုပ်တောင် မယှဉ်နိုင်ပါဘူး..."

လင်းရှီမှာ သူ၏ ဂုဏ်သတင်းကို

ကယ်တင်ပေးထားသောကြောင့် အကယ်၍များ

လူအများကြီး ရှိမနေဘူးဆိုပါက သွမ့်ရှန်ချွမ်း ထိုင်ပင်

ရှိခိုးလိုက်ချင်သည်။

"အဲ့လောက်ကြီးလည်း မြှောက်ပင့်နေစရာ မလိုပါဘူး... ကျုပ်က ဒီတိုင်း ကျုပ်ညီမနဲ့ ထမင်းလာစားရုံ သပ်သပ်ပဲ....."

"ဒါရိုက်တာလင်းက အရမ်း နှိမ့်ချနေတာပဲ.. ဒီလောက် အသက်ငယ်ငယ်လေးနဲ့  အံ့မခန်း ဆေးပညာ အရည်အချင်းကို ပိုင်ဆိုင်ထားတယ်ဆိုတော့ ကျုပ်တို့ တကယ်ပဲ အထင်ကြီး လေးစားမိပါတယ်...."

ပြောလိုက်သူကတော့ ကျူးရှစ်လုံ၏ ဖခင် ကျူးချန်းကျန့်ပင်။ ထိုသို့ ပြောပြီးနောက် ကျူးရှစ်လုံကို

လက်ယပ်ခေါ်ကာ "ရှစ်လုံ... ဒီလာပြီး

ဒါရိုက်တာလင်းကို လာနှုတ်ဆက်လှည့်.. ခုက

စပြီးတော့ ဒါရိုက်တာလင်းက မင်းရဲ့

စံပြပုဂ္ဂိုလ်ပဲ....နားလည်လား..."

သူတို့နှစ်ယောက်မှာ သားအဖဖြစ်မှန်း လူတိုင်း

သိနေသောကြောင့် သူတို့နှစ်ယောက်၏

သားအဖဆက်ဆံရေးကို အများအရှေ့တွင်

ဖုံးကွယ်နေစရာ မလိုချေ။

ထိုအချိန် ကျုးရှစ်လုံ၏ စိတ်မှာတော့ အကြီးအကျယ်

တုန်လှုပ်နေလေသည်။ သူ ယခုလေးတင် လင်းရှီကို '

ဝါးစားမယ် အမှုန့်ကြိတ်မယ်ဘာဖြစ်တယ် 'တို့

ကြိမ်းဝါးထားခဲ့၏။ သို့သော်လည်း ယခုတော့

မျော်ဆန်စွာဖြင့် သူ၏ စံပြပုဂ္ဂိုလ် ဖြစ်လာခဲ့လေပြီ။

လောကကြီးရေ....ဘာတွေ ဖြစ်နေတာတုန်းဟ...

"ဟျောင့် မင်းဘာတွေ ငိုင်နေတာ... မြန်မြန်

နှုတ်ဆက်လိုက်လေ.... "

ကျူးချန်းကျန့် ဒေါသထွက်စွာဖြင့် သားဖြစ်သူကို ပြောဆိုလိုက်သည်။

ကျူးချန်းကျန့် လင်းရီ၏ အထောက်အထားကို သွမ့်ရုန်ချွမ်းထံ မေးမြန်းထားပြီး ဖြစ်၏။ လင်းရီမှာ နယ်နယ်ရရ မဟုတ်ပဲ အကယ်၍ ထိုသို့သော ပုဂ္ဂိုလ်နှင့်သာ ကောင်းမွန်သည့် ပတ်သက်မှုများ တည်ဆောက်နိုင်ပါက သူ၏ အနာဂတ်အတွက် ရွှေပေါင်ကြီးတစ်ခု ဖက်လိုက်ရသည်နှင့် ညီမျှလေသည်။

"ဒါရိုက်တာလင်း မင်္ဂလာပါဗျ... အနာဂတ်ကျရင်

ကျုပ်ကို များများ သင်ပြပေးပါဦး...."

"မင်းခုလေးတင် ငါ့ကို ရိုက်ချင်နေတာ

မဟုတ်ဘူးလား... ခုကျတော့ ဘယ်လိုလုပ်ပြီး

စံပြပုဂ္ဂိုလ် ဖြစ်သွားပြန်တာ..."

သွမ့်ရှန်ချွမ်းနှင့် ကျူးချန်းကျန့်တို့ ရှော့ခ်ရသွားခဲ့ကြ၏။

ယခုလို ဖြစ်လာလိမ့်မည်လို့ သူတို့ မျှော်လင့်

မထားခဲ့ကြချေ။

"ဟျောင့် မင်းဦးနှောက်က

ဘာဖြစ်နေတာလဲကွ...ကျပ်မပြည့်တာလား....."ကျူးရှစ်

လုံသူ၏ ဒေါသကို မထိန်းချုပ်နိုင်တော့ပဲ သားဖြစ်သူကို

လူရှေ့သူရှေ့တွင် ဆဲဆိုလိုက်သည်။

"မင်းက လက်ထောက်ဒါရိုက်တာလေးပဲ

မဟုတ်ဘူးလား... မင်းရဲ့ရာထူးက ငါ့အဖေနဲ့ ယှဉ်ရင်

နိမ့်နေသေးတယ်ဟျောင့်... အဲ့တာများ ဘာလို့

ဝံပုလွေဆိုးကြီးလို လာလုပ်ပြနေတာ..."

ဖြောင်း...

ကျူးချန်းကျန့် သူ့သားကို လက်ဝါးရာထင်အောင် ပါးဖြတ်ရိုက်လိုက်သည်။

"အဖေ.. အဖေ ကျွန်တော့်ကို ရိုက်တယ်... အဲ့ကောင်က ကျောင်းမှာလာပြီး လက်ချာလာပေးတဲ့ ဆရာဝန်လေးပဲလေ...ဘာတွေများ ကြီးမြတ်နေလို့လဲ...."ကျူးရှစ်လုံ ပြောလိုက်ပြီး "ဘာလို့ သူကျတော့ ကျုပ်ကို ဆဲနိုင်ပြီးတော့ ကျွန်တော်ကျတော့ သူ့ကို ဘာမှ ပြန်လုပ်လို့ မရတာလဲ...."

"မင်း မျိုးမစစ်လေး... ငါမင်းကို သေတဲ့အထိ ရိုက်သတ်လိုက်ချင်တယ် သိလား..."

ကျူးချန်းကျန့် အကြီးအကျယ် ဒေါပွနေပြီး သူ့သားကို ဘေးတစ်နေရာသို့ ဆွဲခေါ်သွားကာ သွားကြားထဲမှထွက်သည့် လေသံဖြင့်

"မင်း သူ ဘယ်သူလဲဆိုတာ သိလား...."

"ဘာသိစရာ ရှိလို့... ဒီတိုင်း လက်ထောက်ဒါရိုက်တာလေးပဲ မဟုတ်ဘူးလား... ဘာတွေများ ကြီးကျယ်နေတာမှတ်လို့..."ကျူးရှစ်လုံ

စကားကို ပေစုတ်စုတ် ပြောလိုက်ပြီး "အဖေလည်း ဟွာရှန်းဆေးရုံမှာတုန်းက ဌာန ဒါရိုက်တာ တစ်ယောက် ဖြစ်ခဲ့တာပဲ မဟုတ်လား... သူ့ထက်တောင် တစ်ဆင့် မြင့်သေးတယ်... "

"တကယ်လို့ သူသာ ဒီတိုင်း သာမန် လက်ထောက်ဒါရိုက်တာ တစ်ယောက်ဆိုရင် ငါနဲ့ ကျောင်းအုပ်သွမ့်က ကိုယ်တိုင်ကိုယ်ကျ လာကြိုမယ်လို့ မင်းထင်လား "ကျူးချန်းကျန့် ပြောလိုက်ပြီး "သူ အထက်ကြီးပိုင်းတွေနဲ့ ဘယ်လို ဆက်ဆံရေးတွေ ရှိလဲဆိုတာ မင်းနားလည်လား... ငါမင်းကို

ပြောပြလိုက်မယ်... တကယ်လို့ မင်းသူ့ကို မပျော်မရွှင်

ဖြစ်အောင် လုပ်မိတယ်ဆိုရင် သူ့စကားတစ်ခွန်းတည်းနဲ့

ငါတို့ မနက်ဖြန် အလုပ်ပြုတ်သွားနိုင်တယ်နေယ်.... ငါ

ခုဘာလို့ ဒီလိုတွေ လုပ်နေရလဲဆိုတာ

မင်းနားလည်ပြီလား...."

ဇင်းကိုကြားတော့ ကျူးရှစ်လုံ လင်းရီ၏

အထောက်အထားမှာ မည်မျှ

ကြောက်လန့်ဖွယ်ကောင်းကြောင်း

နားလည်သွားတော့၏။

သူ့အဖေနှင့် ကျောင်းအုပ်သွမ့်မှာ ယဉ်ကျေးသမှုနဲ့
လာခဲ့ခြင်းမဟုတ်ပဲ လင်းရီ၏ အထောက်အထားကို
ကြောက်လန့်နေခြင်းကြောင့်ပင်။

ဘုရား ဘုရား.. ငါတကယ်ကြီး အဲ့လိုပုဂ္ဂိုလ်မျိုးကို
ရိုက်နှက်ဖို့ ကြံရွယ်ခဲ့တာလား...

ကျူးချန်းကျန့် ကျူးရှစ်လုံကို ပြန်ဆွဲခေါ်လာခဲ့ပြီး
လင်းရီကို ထပ်ခါတလဲလဲ ဦးညွတ်ကာ
"ဒါရိုက်တာလင်း.. ကျုပ်သားက ငယ်ရွယ်ပြီး

မသိတတ်သေးတော့ ဖွေမယူပါနဲ့လို့

တောင်းဆိုချင်ပါတယ်...."

ကျူးရှစ်လုံလည်း သူ့အဖေနည်းတူ ခါးကိုုးမတတ်

ဦးညွှတ်လိုက်လေသည်။ ယခင်က မောက်မာသည့်

မျက်နှာထားမှာ ယခုတော့ တိမ်းများကဲ့သို့

လွင့်စင်သွားပြီ ဖြစ်၏။

"ဒါရိုက်တာလင်း.. ကျုပ်မစဉ်းစား မဆင်ခြင်ပဲနဲ့

ရိုင်းပြမိပါတယ်.... ဒါရိုက်တာလင်းလို ကြီးမြတ်တဲ့

ပုဂ္ဂိုလ်ကြီးက ကျုပ်လို နိမ့်ကျတဲ့ကောင်ကို ကပ်တွက်မနေပါနဲ့...."

"ဒါရိုက်တာကျူး... ရှစ်လုံးက ခုဆို တတိယနှစ် ကျောင်းသားတောင် ဖြစ်နေပြီ... ခုအချိန်က သူ့စာတွေထဲ သေချာစိတ်နှစ်ထားရမယ့် အချိန်ပဲ... ဒီလိုဆိုရင်ကော ....သူ့ကို ကျောင်းသားသမဂ္ဂ ကနေ အနားယူခိုင်းလိုက်တော့... အဲ့လိုဆို အာရုံမများတော့ပဲ စာကို သေချာ အာရုံစိုက်လို့ ရပြီလေ...."

သွမ့်ရှန်ချွမ်းမှပြောလိုက်သည်။

ကျူးရှစ်လုံး၏ အမူအရာ ပျက်ယွင်းသွားခဲ့၏။ သူ၏ သမဂ္ဂခေါင်းဆောင် ရာထူးမှာ ယခုကိစ္စကြောင့် ဖယ်ရှားခံလိုက်ရမည်လို့ သူမျှော်လင့်မထားချေ။

'အဲ့လိုဆို ငါက ကျောင်းမှာ ဘယ်လိုလုပ်ပြီး ထင်ရာစိုင်းလို့ ရတော့မှာလဲကွ....'

"ကျောင်းအုပ်သွမ့်ပြောတာ အမှန်ပဲ... ခုချိန်က စာသေချာလုပ်ရမယ့် အချိန်ရောက်နေပြီ... သမဂ္ဂကိစ္စတွေနဲ့ အာရုံရှုပ်နေရမယ့် အချိန် မဟုတ်တော့ဘူး...."

လင်းရီပင် စကားတစ်ခွန်းမျှ မပြောလိုက်ရပါပဲနှင့်

ကျူးရှစ်လုံမှာ ရာထူးမှ ဖြုတ်ချခံလိုက်ရချေပြီ။

အကယ်၍များ ကျူးရှစ်လုံသာ သူ့အဖေဘောကြောင့်

လင်းရီကို ကြောက်ရွံ့နေရလဲဆိုတာ သေချာလေး

နားလည်ခဲ့မယ်ဆိုရင်၊ အကယ်၍ ကိစ္စများသာ

ဒီထက်ပို၍ အခြေအနေဆိုးရွားသွားခဲ့မယ်ဆိုပါက

ရာထူးဖြုတ်ခံရသူမှာ ကျူးရှစ်လုံ တစ်ယောက်တည်းနှင့်

ပြီးသွားလိမ့်မည် မဟုတ်ချေ။

လင်းရီ ကျူးရှစ်လုံ ၏ ပခုံးကို ပုတ်လိုက်ပြီး "ငါ့ရဲ့

ညီငယ်လေး...မင်း ရာထူးကနေ

ဆင်းလိုက်ရတယ်ဆိုပေမယ့် ဒီအစ်ကိုကြီးက မင်းကို

အများကြီးမျှော်လင့်ထားတယ်ဆိုတာ

သတိရဦးနော်...ကြိုးစား ကြိုးစား...."

'ညီငယ်လေး'ဟူသည့် စကားကို

ထပ်မံကြားလိုက်ရသောအခါ ရှိနေကြသည့် လူတိုင်း

၎င်းတို့၏ ရယ်မောချင်စိတ်ကို ဖိနှိပ်ထားလိုက်ကြ၏။

ခင်မင်ရင်းနှီးစွာဖြင့် ခေါ်ဆိုသည့် စကားစုတစ်ခုမျှသာ ဖြစ်သော်လည်း အခြား အဓိပ္ပာယ်တစ်မျိုးက သူတို့၏ စိတ်ပုံရိပ်ထဲတွင် ပေါ်လွင်လာလေသည်။

ကျန်းနန်၏ မျက်နှာမှာ ခရမ်းချဉ်သီးကဲ့သို့ ရဲမှည့်နေ၏။

'အဲ့ဒီစကားလုံးက အရမ်း ညစ်ညမ်းတာပဲ...'

"ဒါရိုက်တာလင်း... ခဏနေဆို လက်ချာချိန်က စတော့မှာဆိုတော့ အပြင်မှာ သွားစားရင် နောက်ကျသွားနိုင်တယ်.....ဆရာတွေ စားတဲ့ နေရာမှာပဲ ရိုးရှင်းတာလေးတွေ သွားစားကြတာပေါ့... "

"ကျုပ် မစားတော့ဘူး... ခင်များတို့ ဒါရိုက်တာလီကိုပဲ ခေါ်သွားလိုက်တော့.... နောက်မှပဲ ဟောခန်းထဲမှာ ပြန်ဆုံကြမယ်...."

"ကောင်းပြီလေ.. ဒါရိုက်တာလင်း စိတ်တိုင်းကျပါပဲ...."လင်းရီ ခေါင်းညိမ့်လိုက်ပြီး ကုန်းကျင်း၊ ကျန်းနန်တို့နှင့်အတူ ထွက်ခွာသွာခဲ့လေသည်။

"နေ့လည်ခင်း လက်ချာက တတိယနှစ်ကျောင်းသားတွေကို အဓိက

ထားတာပဲ…ဒါပေမယ့် နင်တို့နှစ်ယောက်

စိတ်ဝင်စားလား… စိတ်ဝင်စားရင် ခေါ်သွားပေးမယ်…."

"တကယ်ကြီးလား…"ကုန်းကျင်း စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ သို့သော်လည်း ထိုစိတ်လှုပ်ရှားမှုက လိုက်နားထောင်ရမည် ဖြစ်သောကြောင့်တော့ မဟုတ်ပဲ"အစ်ကိုရီ… ခု အစ်ကိုရီက ဟွာရှန်းဆေးရုံမှာ ဒါရိုက်တာ ဖြစ်နေပြီဆိုတော့ ညီမ အလုပ်သင်ဆင်းတဲ့အချိန်ကျရင် အစ်ကိုရီကို လာရှာလို့ ရတယ်မို့လားဟင်…"

"မင်းရှာတွေ့မှာ မဟုတ်လောက်ဘူး... ကျင်းကျင်း

ဘွဲ့ယူပြီးတဲ့ အချိန်ကျရင် အစ်ကိုက

အလုပ်ထွက်သွားလောက်ပြီ...."လင်းရီ ပြောလိုက်ပြီး

"ဘာလို့လဲ.... အနောက်တံခါး သုံးချင်နေတယ်လို့တော့

လာမပြောနဲ့နော်...."လင်းရီ ပြောလိုက်ပြီး

"ဆေးကုတယ်ဆိုတာက တကယ့် စစ်မှန်တဲ့

အရည်အချင်းတွေ လိုအပ်တယ်... မင်းရဲ့ဆေးပညာ

အရည်အချင်းက လူနာတစ်ယောက်ကို

ကုသပေးနိုင်လား မကုသပေးနိုင်ဘူးလားဆိုတဲ့

အပေါ်မှာ မူတည်ပြီးတော့ အကဲဖြတ်ပေးသွားတာပဲ...."

"အွန်း... အစ်ကိုရီ ပြောတာကို ညီမ နားလည်တယ်....

ညီမသေချာပေါက် ကြိုးစားမှာပါ...."

"တက္ကသိုလ်ဝန်းထဲ သွားကြစို့... နောက်မှ ဟောခန်းထဲ

ခေါ်သွားပေးမယ်..."

"အိုကေ...."

မွန်းလွဲ တစ်နာရီခွဲတွင်  ကျောင်း၏ ဟောခန်းမကြီးထဲ၌

ဆေးပညာအကြောင်း လက်ချာပေးမှုမှာ

စတင်လေသည်။

လီချူးဟန်မှာ သူမ ပြောမည့် စကားလုံးများကို ကြိုတင်ပြင်ဆင်လာခဲ့၏။ ထိုအထဲတွင် သူမ၏ အတွေးအမြင်များ ပါဝင်ပြီး လက်ရှိ ကျောင်းသားများအတွက် ရှေ့ဆက်ရမည့် လမ်းကြောင်းတွင် အကြီးအကျယ် အကျိုးပြုစေနိုင်မည့် အချက်အလက်တို့ကို သေချာစီစစ်ထားလေသည်။

တစ်နာရီကြာပြီးနောက် မိန့်ခွန်းပြောဆိုမှုမှာပြီးဆုံးသွားခဲ့၏။ လင်းရီလည်း ကုန်းကျင်းနှင့် ကျန်းနန်ကို နှုတ်ဆက်ကာ လီချူးဟန်နှင့် အတူ ဖူတန်မှ ထွက်လာခဲ့လိုက်သည်။

သွမ့်ရုန်ချွမ်းမှာ စားပွဲဝိုင်းတစ်ခုကို

ဘွတ်ကင်လုပ်ထားပြီး လင်းရီနှင့် လီချူးဟန်တို့ကို

ညှော့ခံရန်စီစဉ်ထားသော်လည်း နှစ်ယောက်လုံး

ငြင်းဆိုလိုက်ကြ၏။

ကလင် ကလင်

လမ်းတွင် လင်းရီ လျန်ရှုရွှယ်ထံမှ ဖုန်းခေါ်ဆိုမှုကို

လက်ခံရရှိလိုက်၏။

"နင် ဒီညတော့ ဘာလုပ်စရာမှ မရှိဘူးလို့တော့

ထင်တာပဲ... အရေးကြီးကိစ္စကို သွားကြရအောင်....... "

"ဘာအရေးကြီး ကိစ္စလဲ... ငါတို့ လက်ထပ်မှတ်ပုံတင်ဖို့

ကိစ္စလား...."

အခန်း (၄၉၅)

သူမက နင့်ရဲ့ချစ်သူလား...

"နင့် ဦးနှောက်က အဲ့လို ပေါက်တတ်ကရတွေနဲ့ပဲ

ပြည့်နှက်နေတာလား..."

"ဘာလို့လဲ....မျိုးဆက်ပြန့်ပွားတယ်ဆိုတာက အင်မတန်မှ အရေးကြီးတဲ့ကိစ္စပဲလေ... လူသား မျိုးနွယ် တစ်ယောက်ဖြစ်တဲ့ ငါ့မှာ အဲ့ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ဖို့ တာဝန်ရှိတယ်... "လင်းရီအလွန်အမင်း လေးနက်သည့် လေသံဖြင့်ပြောလိုက်ပြီး "မိန်းကလေး... မင်း ကလေးလိုချင်ရင် ငါ့ကိုသာပြောလိုက်... ငါ့အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးမယ်...."

"နင် အိပ်မက်မက်နေလိုက်.. "လျန်ရူရှယ် ပြောလိုက်ပြီး "ငါ့အမေ ခုလေးတင် ပြန်သွားခဲ့ပြီ...

ငါ့ရုံးခန်းထဲလာပြီးတော့ လမ်းနဲ့ကျောင်းဆောက်မယ့်

ကိစ္စကို ဆွေးနွေးကြမယ်... ဒါပေမယ့် နင့်ရဲ့ Rolls

Royceတော့ စီးမလာခဲ့နဲ့နော်... ရှာရီလေးပဲ မောင်းခဲ့....

"

"ရှာရီမောင်းပြီး ဘာလုပ်မှာ.. ငါက

လွိုင်ကန်မောင်းချင်နေတာ...."

"အဲ့လိုဆိုရင်တော့ အဆင်မပြေဘူး..."လျန်ရူရှယ်

ပြောလိုက်ပြီး "ရန်ချိန်မြို့က ခေါင်းဆောင်တွေအပြင်

တီဗွီ သတင်းဌာနက  သတင်းထောက်တွေကော

ရောက်နေမှာ....ငါတို့က ရိုးရှင်းပြီး နိမ့်ချတတ်တဲ့

စီးပွားရေးသမား အသွင်

ဖမ်းထားရမယ်လေ....အဲ့တာမှပဲ ပြည်သူတွေရဲ့

ထောက်ခံအားပေးမှုကို ရမှာ...."

"ဒါပေမယ့် ငါ့ရဲ့တောက်ပနေတဲ့ မျက်နှာက

ရိုးရှင်းတဲ့ပုံမှ မပေါ်တာ...."

"နင့်မျက်နှာနဲ့ ပတ်သက်ပြီးတော့ ငါတတ်နိုင်တာလည်း

ဘာမှ မရှိဘူး... ဒါပေမယ့် နင့်ကို

ရုပ်ပျက်ဆင်းပျက်တော့ မဖြစ်စေရပါဘူး...."လျှန်ရှုရွှယ်

ပြောလိုက်ပြီး "ဘာပဲဆိုဆိုဟာ...

ချမ်းသာနေသလိုမျိုးသာ မလုပ်နဲ့... နင့်ရဲ့ပိုင်ဆိုင်မှုတွေ

အကုန်လုံးကို ကလေးတွေအတွက်

လှူဒါန်းပစ်လိုက်တယ်လို့ပဲ ပြောလိုက်...."

"အဲ့တာကြီးက လိမ်နေတာပဲ မဟုတ်လား...ငါ

သဘောမတူနိုင်ဘူး...."

"တကယ်လို့နင်က ဘီလီယမ်နာ သူဌေးကြီးဆိုရင်

လူတွေက ဘာလို့အများပြည်သူရဲ့ရန်ပုံငွေကို

တောင်းနေတာလည်း .. ကိုယ့်ဘာကိုယ် လုပ်ပါလားလို့

မေးခွန်းထုတ်လာကြလိမ့်မယ်....နင် အဲ့မေးခွန်းကို

ဘယ်လိုဖြေမှာ...."

"အာ.... ငါ အဲ့မေးခွန်းအကြောင်း

မစဉ်းစားရသေးဘူး...."

"ပြီးတော့ နင့်ရဲ့ ယွမ် ဆယ်သန်းကျော်တဲ့

လက်ပတ်နာရီလည်း

ဝတ်မလာခဲ့နဲ့...ကုန်ကုန်ပြောမယ်ဟာ... နင့်ကိုယ်နင်

ချမ်းသာတဲ့ပုံပေါက်စေမယ့်ဟာ ဘာတစ်ခုမှ

ဝတ်မလာခဲ့နဲ့...အဲ့တာဆို ရပြီ...."

"ငါ့ အကောင်းဆုံးတော့ ကြိုးစားပေးမယ်...

ကျန်တဲ့ဟာတွေကို ဖုံးကွယ်ထားနိုင်တယ်ဆိုပေမယ့် ငါ့ရဲ့

စိတ်နေသဘောထားကိုတော့

ဖုံးကွယ်ထားလို့မရဘူးလေ.... "

"အပိုတွေ မပြောစမ်းနဲ့..."လျှန်ရှုရှယ် ပြောလိုက်ပြီး

"လေးနာရီကျရင် ငါ့ရုံးခန်းကိုသာ လာခဲ့လိုက် ....

ဖိအားများတယ်လို့လည်း ခံစားမနေနဲ့... ဒါမှ ငါတို့

အေးဆေး စကားပြောလို့ရမှာ...."

"အိုကေလေ...."

ဖုန်းချပြီးနောက် လင်းရီ သူ၏ နာရီကိုကြည့်သောအခါ သုံးနာရီတောင် မထိုးသေးကြောင်း တွေ့လိုက်ရ၏။သူ လီချူးဟန်ကို ပြန်ပို့ပြီးနောက် လျန်ရှူရွယ်ထံသို့ တစ်ခါတည်း သွားရန် စီစဉ်ထားသည်။ ထိုမှသာ အချိန်က ကွက်တိ ဖြစ်သွားလိမ့်မည်။

"လင်းရီ... နင် ကလေး ချစ်တတ်တာလား..."

လီချူးဟန်၏ ရုတ်တရက် မေးခွန်းထုတ်လာမှုက လင်းရီကို ရှုပ်ထွေးသွားစေခဲ့၏။

ဘာလို့ ရုတ်တရက်ကြီး ကလေးချစ်တတ်လား

လာမေးနေတာလဲဟ.....

"အင်း တော်တော်လေးတော့

ချစ်တတ်ပါတယ်...."လင်းရီ ရိုးသားစွာ ပြန်ဖြေလိုက်ပြီး

"ဒါပေမယ့် မင်းက ဘာလုပ်ဖို့ မေးနေတာ....."

သူငယ်စဉ်ကတည်းက ဂေဟာရှိ ကလေးပေါင်း

သောင်းခြောက်ထောင်နှင့်အတူ

ကြီးပြင်းလာခဲ့ရသောကြောင့် လင်းရီ ကလေးများနှင့်

နေသားကျနေလေပြီ။ ထို့ကြောင့် ကလေးများနှင့်

ပတ်သက်လာပါက သူ့အတော်လေး စိတ်ရှည်ပြီး

သည်းခံတတ်သူတစ်ယောက်ဟုလည်း ပြောရ၍ရ၏။

"နင် ခုလေးတင် နင့်ကောင်မလေးနဲ့

ကလေးမွေးဖို့အကြောင်းတွေ ဆွေးနွေးနေတာ

မဟုတ်ဘူးလား... ငါက ဒီတိုင်း မေးကြည့်တာပါ...."

"ကောင်မလေး...."လင်းရှီပြောလိုက်ပြီး "သူမက

ငါ့ကောင်မလေးလို့ ဘယ်သူပြောလဲ...ချူးဟန်..

မင်းအတွေးလွန်နေပြီ...."

"ဒါဆို နင့်ချစ်သူလား...."

"အာ..... အဲ့လိုမျိုးလည်း မဟုတ်ဘူး...."

"ရတယ်လေ... နင်က ဖြေဖို့
အဆင်မပြေဘူးထင်ရင်လည်း မဖြေနဲ့ပေါ့... ငါကလည်း
ဒီတိုင်း မေးကြည့်ကြည့်တာ..."လီချူးဟန်
ပြောလိုက်သည်။

လင်းရီလည်း မဖြေဆိုခဲ့ချေ။ အဘယ်ကြောင့်ဆိုသော်
သူ ဘယ်လိုအဖြေပေးရမှန်း မသိသောကြောင့်ပင်။

မည်သို့ပင်ဆိုစေကာမူ လျှန်ရှုရှယ်မှာ သူ၏ ချစ်သူ
မဟုတ်ခဲ့ချေ။

လီချူးဟန်ကို ဆေးရုံသို့ လိုက်ပို့ပေးပြီးနောက် လင်းရီ
လျှန်ရှုရှယ်၏ ရုံးခန်းထံသို့ ဦးတည်လိုက်လေသည်။

ရုံးခန်းထဲတွင်တော့ လျှန်ရှုရှယ်အပြင် အမျိုးသမီး
တစ်ဦးနှင့် အမျိုးသားသုံးဦးတို့ရှိနေကြ၏။

အမျိုးသမီးကတော့ အနီရောင် စကတ်အကျပ်နှင့်
ရမ္မက်နှိုးကြွစေသည့် အနက်ရောင် စတော်ကင်တို့ကို
ဝတ်ဆင်ထားသည်။ သူမက ထိုင်ခုံပေါ်တွင် ထိုင်နေပြီး

ကျောကိုလည်း ဖြောင့်စင်းထားကာ သူမဘေးတွင်တော့

မိုက်ခ်တစ်လုံး ချထားနေ၏။ ၎င်းမှတစ်ဆင့် သူမမှာ

လျှန်ရှူရှယ်ပြောထားသည့် သတင်းထောက်

ဖြစ်ကြောင်း သိသာနေသည်။

အမျိုးသမီး သတင်းထောက် ဘေးတွင်တော့

ကင်မရာတစ်လုံးနှင့် လူငယ်တစ်ယောက်ထိုင်နေပြီး

ထိုသူလည်း တီဗွီသတင်းဌာနမှ ဝန်ထမ်းတစ်ဦး

ဖြစ်ပုံရ၏။

ထို့ပြင် ယူနီဖောင်းပုံစံ ရှပ်နှင့် ဘောင်းဘီရှည်ကို

ဝတ်ဆင်ထားသည့် သက်လတ်ပိုင်းအရွယ်

အမျိုးသားနှစ်ယောက်လည်း ရှိသေးသည်။

ထိုသူနှစ်ယောက်၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ပါက

အကြီးတန်း အရာရှိများ ဖြစ်သည့်ပုံပင်။

သို့သော်လည်း တစ်ယောက်မှာ အဆီများထွက်သည့်

မျက်နှာကို ပိုင်ဆိုင်ထားပြီး ကျန်တစ်ယောက်ကတော့

အသားအရေမည်းနက်ကာ ပါးရေနားရေတို့လည်း

တွန့်နေပြီးဖြစ်၏။ ထိုအခိုက်အတန့်တွင်တော့

သူတို့နှစ်ယောက်လုံး လျှန်ရှုရှယ်နှင့် စကားလက်ဆုံ

ကျနေကြလေသည်။

လင်းရီဝင်လာသောအခါ လူတိုင်း တံခါးဝသို့

ကြည့်လိုက်ကြ၏။

အဓိက ဇာတ်ဆောင်မှာ ရောက်ရှိလို့ လာချေပြီ။

"လူကြီးမင်းလင်း ရောက်လာပြီလား...."လျှန်ရှုရှယ်

မတ်တပ်ရပ်၍ ပြောလိုက်ပြီး မလိုလားအပ်သည့်

သံသယများကို ရှောင်လွှဲရန်  လူကြီးမင်းဟုတောင်

သုံးနှုန်းထားပြီး မရင်းနှီးသည့် အသွင်ကို ဖမ်းထားလိုက်သည်။

"လူကြီးမင်းလင်း ထိုင်ပါရှင့် ... ကျွန်မ မိတ်ဆက်ပေးရဦးမယ်..."

လျှန်ရှုရွှယ် လင်းရီကို ကြိုဆိုလိုက်ပြီး အဆီများထွက်နေသည့် မျက်နှာပိုင်ရှင်ကို ညွှန်ပြကာ "ဒါက ရန်ချိန်ရဲ့ အတွင်းရေးမှူး ဝူကျောင်းယို... ပြီးတော့ ဒါက ပေချောင်မြို့ရဲ့ ခေါင်းဆောင် စွန်းမောက်ချွင်း...

ကျန်တဲ့နှစ်ယောက်ကတော့ ရန်ချိန် တီဗွီ သတင်းဌာနက

သတင်းထောက် ဝန်ရှူးနဲ့ ကင်မရာမန်း ဝမ်ကျွင်း...."

လျှန်ရူရှယ် ယဉ်ကျေးစွာဖြင့် အခန်းထဲရှိ

လူလေးယောက်ကို မိတ်ဆက်ပေးလိုက်၏။ သူတို့၏

အဆင့်အတန်းကြောင့် သူမ ခွဲခြား

ဆက်ဆံခြင်းမျိုးလည်း မပြုခဲ့ပေ။

"ဟယ်လို မစ္စတာလင်း... ကျုပ်တို့ရဲ့ပေချောင်မြို့ကို

ခုလို ထောက်ပံ့ပေးတဲ့အတွက် ပေချောင်မြို့ရဲ့လူ

၁၅သန်းကိုယ်စား ကျေးဇူးတင်စကား

ပြောကြားပါရစေ... ကျုပ်တို့ ကျေးဇူးအများကြီး တင်ပါတယ်..."

"ခင်များက ကြင်နာလွန်းနေပါပြီ... ကျုပ်က ကျုပ်လုပ်နိုင်တာကို လုပ်နေတာပဲ... "

"ဒီဘက်ခေတ်မှာ မစ္စတာလင်းလို လူတွေ အများကြီး လိုအပ်တယ်ဗျာ... ကျုပ်တို့ရဲ့ နိုင်ငံ့ပြည်သူတွေ အကျိုးဖြစ်စေဖို့ မစ္စတာလင်းနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးပါ့မယ်.... "

"ကောင်းပါပြီ ကောင်းပါပြီ... ကျေးဇူးပါ..."

လင်းရီ၏ လိုက်လျောညီထွေရှိမှုကို မြင်တော့

လျှန်ရူရွယ် ကျေနပ်မှုအပြည့်ဖြင့်

ခေါင်းညိမ့်လိုက်သည်။

'သူကတော့ သူ့အပိုင်းသူ

ကောင်းကောင်းလုပ်နေတာပဲ...ပြီးတော့

အားလုံးကလည်း ခန့်မှန်းထားတဲ့ အတိုင်းပဲ...'

ဝူကျောင်းယိုမှ သူ၏ ဝမ်းသာပီတိကို ဖော်ပြပြီးနောက်

စွန်းမြောင်ချိန်လည်း ချီးမွမ်းမှု ၊ မြှောက်ပင့်မှု

စသည်ဖြင့် လင်းရီကို ဘုရင်ဖြစ်မည့်

အလောင်းအလျာအလား တရစပ် ချီးကျူးတော့သည်။

သို့သော်လည်း သူ၏ သဘောထားများက

ဝူကျောင်းယိုထက် ပို၍ စစ်မှန်လေသည်။

မည်သို့ပင်ဆိုစေ လင်းရီက သူတို့ကို

တိုက်ရိုက်ကူညီနေသည် မဟုတ်ပါလော။

လင်းရီကတော့ သူတို့၏ အမူအရာမှတစ်ဆင့်

သူနှင့်တွေ့ဆုံရန် ရောက်လာခဲ့ခြင်းမျိုးမဟုတ်ပဲ

လျန်ရှူရွှယ်နှင့် တွေ့ဆုံရန်သပ်သပ်

ရောက်လာခဲ့ခြင်းဖြစ်ကြောင်း

တပ်အပ်ပြောနိုင်လေသည်။

အကယ်၍ သူမသာ ယခု ကိစ္စကြောင့်

ရာထူးတိုးမြင့်သွားမည်ဆိုပါက သူတို့လည်း

အနာဂတ်တွင် အကျိုးအမြတ်တစ်ချို့ရရှိနိုင်လိမ့်မည်

မဟုတ်ပါလော။

"ကျွန်မထင်တာတော့ ခု အင်တာဗျူးစဖို့ အချိန်လို့

ထင်တာပဲ..."

လင်းရီ ယခုလို ဟန်ဆောင်ပြောဆိုခြင်းများကို

မနှစ်သက်မှန်း သိသောကြောင့် လျှန်ရှူရှယ်

အင်တာဗျူးကို အလျင်အမြန် စတင်ရန်

လောဆော်လိုက်သည်။

သူမလည်း မြန်မြန်ဆန်ဆန် အဆုံးသတ်ချင်နေသည်။

အင်တာဗျူးရန်အတွက် ပြင်ဆင်ချိန် ငါးမိနစ်

ကြာပြီးနောက် လင်းရီ ဝန်ရှူးရှေ့ရှိ ဆိုဖာပေါ်တွင်

ထိုင်နေလိုက်၏။

ထိုအတောအတွင်း ဝန်ရှုူးကတော့ လင်းရီကို တိတ်တဆိတ် သုံးသပ်နေခဲ့သည်။

'ဒီအစ်ကိုလေးက အရမ်းချောတာပဲ.....ပြီးတော့ နည်းနည်းလေး အတ္တဆန်တဲ့ပုံပေါ်တယ်...ဒီလိုလူမျိုးက ပရဟတိတ သမားတော့ မဖြစ်နိုင်လောက်ဘူး.. သေချာပေါက် ချမ်းသာတဲ့ ဒုတိယမျိုးဆက်ပဲ ဖြစ်ရမယ်...'

"ညီမဝန် အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ အင်တာဗျူးကို ခု စလို့ရပြီနော်..."

"အိုး ဟုတ်ကဲ့ပါ..."

ဝန်ရှူး ခေါင်းညိမ့်လိုက်ပြီး လင်းရီကိုကြည့်ကာ

"မစ္စတာလင်း... ကျွန်မသိချင်တာက ရှင်ဘာလို့

ပေချောင်မြို့မှာ မျှော်လင့်ခြင်းကျောင်းကို

ဆောက်လုပ်ချင်နေရတာလဲ..."

"တကယ်လို့သာ ကလေးတွေ သူတို့ရဲ့အိပ်မက်တွေကို

အကောင်အထည်ဖော်ချင်ပြီး သူတို့ရဲ့ဘဝကို

တစ်ဆစ်ချိုး ပြောင်းလဲချင်တယ်ဆိုရင်

ပညာဗဟုသုတကပဲ သူတို့ရဲ့ကံကြမ္မာကို

ပြောင်းလဲပေးနိုင်မှာ..."

လျှန်ရှူရှယ် လင်းရီ၏ ထိုအဖြေနှင့်စပ်လျဉ်း၍

အလွန်အမင်း ကျေနပ်နေခဲ့၏။ ရိုးရှင်းသော်လည်း

ပြီးပြည့်စုံသည့် အဖြေပင်။

"မစ္စတာလင်းက ပညာရေးကို

အရမ်းတန်ဖိုးထားနေတယ်ဆိုတော့ မစ္စတာလင်းရဲ့

ကြီးပြင်းလာတဲ့လမ်းတစ်လျှောက်မှာလည်း

ပညာရေးက အတော်လေး အကျိုးပြုခဲ့တဲ့ပုံပဲ....

ဖြစ်နိုင်ရင် မစ္စတာလင်းက ဘယ်ကျောင်းဆင်းလဲဆိုတာ

ပြောပြပေးလို့ရမလား.... "

"ပန်ဆေးဗီးနီးရား(Pennsylvania)တက္ကသိုလ်...."

"ပန်ဆေးဗီးနီးယား တက္ကသိုလ်....U.S မှာရှိတဲ့

ပန်ဆေးဗီးနီးယား တက္ကသိုလ်လား...."ဝန်ရှူး

အံ့အားသင့်ဟန်ဖြင့် မေးမြန်းလိုက်၏။

လျန်ရူရှယ် နှလုံးတစ်ချက်တုန်သွားသည်။

အင်တာဗျူး၏ မေးခွန်းဦးတည်ရာက လွဲနေသည်ဟု

သူမ ခံစားနေရလေသည်။

"အမှန်ပဲ .. ကျုပ်က ဆောဖ့်ဝဲအင်ဂျင်နီယာ PhD ဘွဲ့ရထားတာ.."

လျှန်ရှူရှယ် : .........

'နင်က ကျိုးဟိုင် နည်းပညာဌာနက ဘွဲ့ရထားတာမဟုတ်ဘူးလား.... ဘာလို့ ပန်ဆေးဗီးနီးယား တက္ကသိုလ်ကျောင်းဆင်းဆိုပြီး လျှောက်ပြောနေတာ နင်နည်းနည်းလေး ရှိုးသားလို့မရဘူးလား ....'